မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ စနေနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၄၁)

နှစ်နိုင်ငံတပ်မတော်များ ဆက်ဆံရေးတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများဆွေးနွေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Qiliang နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်များ ဆက်ဆံရေးတိုးမြှင့်ပြီး ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေကြောင်း၊ ၎င်းအနေဖြင့်လည်း ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ခြင်းသည် မြန်မာနိုင်ငံနှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေလို၍ ဖြစ်ကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှင့်ပြည်သူများ ထိတွေ့မှုကိုလည်း အလေးထားပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ **General Xu Qiliang** အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

ပုဂံမြို့ မြေငလျင်နှင့် မြန်မာပြည်သမိုင်းအမွေအနှစ်များ ထိန်းသိမ်းသောစနစ် စာမျက်နှာ-၆

ဘီလူးကျွန်း၊ မော်လမြိုင်နှင့် သံလွင်တံတား (ချောင်းဆုံ)တို့ ပေါင်းဆုံသောအခါ စာမျက်နှာ-၈

ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ် စတင်အသုံးပြုတော့မည် စာမျက်နှာ-၁၀

ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ကြသည့် အလုပ်သမားများအား ပြန်လည်ခေါ်ယူပေးနိုင်ခဲ့

ခင်ရတနာ

နေပြည်တော် စက်တင်ဘာ ၉

ထိုင်းနိုင်ငံ V&K Co.,Ltd နာနတ်သီးလုပ်ငန်း၌ အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမား ၃၄ ဦးအား တရားဝင်နေထိုင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်မရှိသဖြင့် ထိုင်းရဲများက ဖမ်းဆီးခဲ့ကြကြောင်း၊ ၎င်းအလုပ်သမားများသည် ၄၈ ရက်ကြာ ဖမ်းဆီးခံခဲ့ရကာ ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း ထိုင်းရဲများက ထပ်မံဖမ်းဆီးခဲ့ကြပြီး နယ်စပ်မှတစ်ဆင့် စက်တင်ဘာ ၃ ရက်က ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

၎င်းအလုပ်သမားများသည် Swann Royal Co., Ltd (စွမ်းတော်ဝင်ကုမ္ပဏီလီမိတက်)၊ Moe Moe Family General Services Co., Ltd (မိုးမိုးမိသားစု အထွေထွေ အကျိုးဆောင်ကုမ္ပဏီလီမိတက်)၊ Moonbeam Services Co., Ltd (လရောင်တန်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်)၊ Hnin Pan War Co., Ltd (နှင်းပန်းဝါကုမ္ပဏီလီမိတက်)၊ May Wint Services Co., Ltd (မေဝင့်ဝန်ဆောင်မှုလုပ်ငန်းများကုမ္ပဏီလီမိတက်)တို့က စေလွှတ်ထားသည့် အလုပ်သမားများဖြစ်ကြသည်။

၎င်းအလုပ်သမား ၃၄ ဦးအနက် မောင်ဝေလျှံထွန်း၊ မောင်ချစ်ကိုကို၊ မချိုချိုဝင်းနှင့် မခင်မာအေးတို့ လေးဦးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ဘုရားသုံးဆူရဲစခန်းမှူးနှင့် အုပ်ချုပ်ရေးမှူးတို့က ၎င်းအလုပ်သမား လေးဦး၏ နေရပ်ပြန်ရန်ခရီးစရိတ်နှင့် စားစရိတ်အဖြစ် ငွေကျပ်တစ်သိန်းငါးသောင်းကို ကူညီထောက်ပံ့ပေးခဲ့သည့်အတွက်

စာမျက်နှာ ၃ ကော်လံ ၁ ◆

အကြံပြုချက်တို့၏ ရေခံမြေခံကောင်း

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်က ရန်ကုန်မြို့၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို စက်တင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ဦးစွာတင်ပြလိုသည်မှာ ဆန္ဒပြခြင်းသည် ပြည်သူလူထုက မိမိတို့သဘောထား ဖော်ထုတ်တင်ပြခြင်းဖြစ်၍ ကြိုဆိုလက်ခံကြောင်း မစ္စတာ ကိုဖီအာနန်က ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ ဤအချက်က မစ္စတာ ကိုဖီအာနန်သည် သူ၏တာဝန်ကို ထမ်းဆောင်ရာ၌ မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ဆန္ဒသဘောထား၊ အထူးသဖြင့် ရခိုင်ပြည်နယ်သူ ပြည်နယ်သား နိုင်ငံသားတို့၏ သဘောထားဆန္ဒကို အလေးထားသုံးသပ်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

မစ္စတာ ကိုဖီအာနန်က ၎င်းဦးဆောင်သော အကြံပေးကော်မရှင်၏ အဓိကတာဝန်သည် ရခိုင်ပြည်နယ်အတွင်း တင်းမာမှုလျှော့ပါးရေးနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပံ့ပိုးထောက်ကူပြုပေးမည့် အကြံပြုချက်များ တင်ပြရန်ဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့ပါသည်။ အဆိုပါရှင်းလင်းချက်၏ ဆင့်ပွားအဓိပ္ပာယ်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ရှုထောင့်တို့အပေါ် တစ်ဖက်သတ် အလေးကဲ ဆောင်ရွက်မည်မဟုတ်ဟု ယူဆရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ စိုးရိမ်ပူပန်မှုအပေါ် အလေးထားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ညွှန်းလိုက်ခြင်းဖြစ်ပါသည်။ သို့သော် သွယ်ဝိုက်ဖော်ညွှန်းသော အဓိပ္ပာယ်တို့သည် မရှင်းမလင်းဖြစ်စေနိုင်၍ မစ္စတာ ကိုဖီအာနန်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌအနေဖြင့် ရခိုင်ပြည်နယ်၏ အကျိုးစီးပွားကို မုချထည့်သွင်းစဉ်းစားပေးပါမည်ဟု ရှင်းရှင်းလင်းလင်းတိတိကျကျ အာမခံစကားပြောကြားခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်က ၎င်းတို့ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စ ကိုင်တွယ်ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မြန်မာနိုင်ငံအစိုးရကို အကြံပြုသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ အကြံပြုခြင်းသာဖြစ်၍ ဆရာလုပ်ခြင်းမဟုတ်ကြောင်းကိုလည်း အလေးဂရုပြုထောက်ပြခဲ့ပါသည်။ အထက်ဖော်ပြပါ အခြေခံသဘောထားများကို ဆုပ်ကိုင်လျက် မစ္စတာ ကိုဖီအာနန်သည် တွေ့သင့်တွေ့ထိုက်သော ပုဂ္ဂိုလ်များကို တွေ့ဆုံ၍ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အတွက် ပြင်ဆင်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ မစ္စတာ ကိုဖီအာနန်က ကော်မရှင်အနေဖြင့် လူထု၏ဆန္ဒသဘောထားတောင်းခံရာတွင် အခြေခံရမည့်အချက်များအား ရှင်းရှင်းလင်းလင်း သိခွင့်ပြုရန် တင်ပြခဲ့ပါသည်။ ဤတင်ပြချက်၏ ရည်ရွယ်ချက်သည် ရခိုင်ပြည်နယ်အရေးကိစ္စအကြံပြုရာ၌ ရှိသင့်ရှိထိုက်သော ချဉ်းကပ်ပုံချဉ်းကပ်နည်းတစ်ရပ်အား သတ်မှတ်ရန်ဖြစ်ပါသည်။ အဆိုပါ ချဉ်းကပ်ပုံချဉ်းကပ်နည်းအား ရှင်းရှင်းလင်းလင်း သတ်မှတ်ဖော်ပြနိုင်မှုအပေါ် အခြေခံ၍ မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ အတွေ့အကြုံများကို ပေါင်းစပ်ညှိနှိုင်းရယူသွားမည် ဖြစ်ပါသည်။

မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ယနေ့အချိန်အထိ လုပ်ဆောင်ချက်များအား လေ့လာသုံးသပ်ပါက အခြေခံသဘောအားဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေတို့ကို သိမြင်နားလည်ကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။ ဤသည်မှာ ဖြစ်သင့်ဖြစ်ထိုက်သော အကြံပြုချက်များ ပေါ်ထွက်လာရေးအတွက် ရေခံမြေခံကောင်းတစ်ရပ်ဖြစ်သည်ဟု ခံယူတွေးဆမိပါသည်။ ။



လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဟောပြော

ရန်ကုန် စက်တင်ဘာ ၉

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ကြည့်မြင်တိုင်မြို့နယ် မန်နေဂျာရုံးမှ မန်နေဂျာ ဦးအောင်သိန်းနှင့် ဝန်ထမ်းများကမြို့နယ်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို စက်တင်ဘာလ ပထမပတ်ကကျင်းပရာ သီတာ၊ ကရင်အမျိုးသား၊ ဆေး/ငြိမ်း၊ ထီးတန်း၊ ပန်းလှိုင်ရပ်ကွက်တို့မှ ပြည်သူများအား ဆေး/ ငြိမ်း ဓမ္မာရုံ၌ လည်းကောင်း၊ အိုးဘိုဈေးကြီး အရှေ့/အနောက်၊ မကျည်းတန်းတောင်အနောက်၊ တောင်အရှေ့ ဈေးကလေးနှင့်ဘောဂရပ်ကွက်ရှိ ပြည်သူများအား မဟာပုညော ပကာရဓမ္မာရုံ၌လည်းကောင်း ဟောပြောခဲ့သည်။
တင်ဝင်းလေး(ကြည့်မြင်တိုင်)

မုက္ခမူချောင်းရေတိုက်စားမှုကြောင့် ရှေးဟောင်းစေတီပြိုကျမည်ကို ဒေသခံများစိုးရိမ်နေ

ညောင်လေးပင် စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာ၌ တည်ရှိသော ရှေးဟောင်းသမိုင်းဝင် အောင်စေတီဆုတောင်းပြည့် စေတီတော်အား မုက္ခမူချောင်းရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးမည်ကို ဒေသခံရွာသူရွာသားများ စိုးရိမ်နေကြကြောင်း သိရသည်။

ယခင်ကစေတီတော်နှင့် ကမ်းနဖူးသည် ပေ ၃၀ ခန့်အကွာအဝေးရှိပြီး မုက္ခမူချောင်း နှစ်နှစ်ဆက်တိုက် ရေတိုက်စား၍ ကမ်းပါးပြိုကျလာမှုကြောင့် စေတီတော်နှင့်ချောင်းကမ်းပါး အကွာအဝေးမှာ လေးပေခန့်သာရှိတော့ကြောင်း ဒေသခံများက ပြောသည်။

“လောလောဆယ် ဘုရားကိုထိခိုက်မှုမရှိသေးပေမယ့် မုက္ခမူကျေးရွာက နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမိုးတဲ့ ဒဏ်ကိုခံစားရတာ ဒီနှစ်မှာရေကြီးမှုဒဏ်မခံရသေးပေမယ့် မနှစ်ကလို ရေကြီးရေလျှံမှုဖြစ်ပေါ်လာရင် ရင်ပြင်တော်နဲ့စေတီတော်ကြီးပါ ကမ်းပါးပြိုတာနဲ့အတူပြိုကျပျက်စီးသွားနိုင်ပါတယ်” ဟု မုက္ခမူကျေးရွာအုပ်ချုပ်ရေးမှူး ဦးနန်းလွင်က ပြောသည်။ အဆိုပါ စေတီတော်သည် ဉာဏ်တော် ပေ ၃၀ ရှိပြီး မဏိစည်သူမင်းလက်ထက်က တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
သတင်း-နေလင်း(ညောင်လေးပင်)
ဓာတ်ပုံ-ကိုလွင်(ဆွာ)

သုံးခွမြို့နယ်တွင် မူခင်းပညာပေးပြခန်းယာဉ်လှည့်လည်ပြသ

သုံးခွ စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ လူစည်ကားရာ ဒေါ်မိန်းခလေး စာကြည့်တိုက်ရှေ့၌ တိုင်းဒေသကြီး မူခင်းပညာပေး ပြခန်းယာဉ်ကို သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သင်းဦး ကြီးကြပ်၍ စက်တင်ဘာလပထမပတ်က လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ပြည်သူများ မူခင်းအသိပညာရရှိစေရန်ရည်ရွယ်၍ အဆိုပါပြခန်းယာဉ်တွင် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ မူခင်းအသိပညာပေး မှတ်တမ်းဓာတ်ပုံများ၊ မူးယစ်ဆေးဝါးများအန္တရာယ် အသိပညာပေး မှတ်တမ်း ဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ပိုစတာများ ပြသထားပြီး ပြည်သူများအား မူခင်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **ကိုကျော်(သုံးခွ)**

ဖြူးမြို့နယ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြော

ဖြူး စက်တင်ဘာ ၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို တောင်ငူခရိုင် ဖြူးမြို့နယ် အကြပ်အင်းအုပ်စု၊ ရွှေတောင်၊ သာယာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ရွှေတောင်၊ သာယာကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲတို့၌ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဖြူးမြို့နယ် စားသုံးသူရေးရာတာဝန်ခံဒုတိယဦးစီးမှူး ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်ဝင်းက ဓာတုဆိုးဆေး၏ဆိုးကျိုး အန္တရာယ်များနှင့် စားသုံးသူရေးရာ လက်ထောက်ဦးစီးမှူး ဒေါ်သဲစုလွင်က စားသုံးသူကာကွယ်ရေးနှင့် ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြား၍ တက်ရောက်လာသူ ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၉-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၁၆၁၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၆၇၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၅၃၀/၅၅၀ ကျပ်
အောက်တိန်း ၉၂	၅၃၀/၅၄၀ ကျပ်
အောက်တိန်း ၉၅	၆၁၀/၆၂၀ ကျပ်
ပရီမီယံဒီဇယ်	၅၆၀/၅၈၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၁၅.၀
ဥရောပ	တစ်ယူရို	၁၃၆၆.၉
စင်ကာပူ	တစ်ဒေါ်လာ	၉၀၂.၁၂
ထိုင်း	တစ်ဘတ်	၃၅.၀၇၅
အိန္ဒိယ	တစ်ရူပီး	၁၈.၂၈
တရုတ်	တစ်ယွမ်	၁၈၂.၃၆
မလေးရှား	တစ်ရင်းဂစ်	၂၉၉.၅၂

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍများ တိုးမြှင့်ရေးနှင့် နယ်စပ်ဒေသ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍများတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ကနေဒါသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးကျော်မျိုးထွင့်အား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။
(သတင်းစဉ်)

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်း၏ ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၀

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံးညွှန်ကြားရေးမှူးချုပ် မစ္စတာ မိုက်ကယ် မိုလာထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။
(သတင်းစဉ်)

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ကလေးစာဖတ်ခန်းအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကလေးစာဖတ်ခန်း၌ ကလေးငယ်များ ပန်းချီရေးဆွဲနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ကလေးစာဖတ်ခန်းကို ကလေးငယ်များ လွတ်လပ်စွာ အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ ပန်းချီရေးဆွဲခြင်းအပြင် ကဗျာစာပေကိုလည်း ကလေးငယ်များ ကိုယ်တိုင်ရေးသားပြီး ပြဘုတ်၌ ကပ်ထားနိုင်ရေး ဆောင်ရွက်ထားရှိရန်၊ ရေးသားထားသည့် ကလေးများ အမည်စာရင်းကိုလည်း မာတိကာတွင် ထည့်သွင်း၍ ပြဘုတ်၌ ကပ်ထားပေးရန်၊ ကလေးစာဖတ်ခန်း ရှင်သန်လှုပ်ရှားနေမှု အခြေအနေများကို အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်တာဝန်ခံများအား ပြသပေးရန်၊ NGO အဖွဲ့အစည်းများအား ဖိတ်ခေါ်၍ အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းများဆောင်ရွက်ကာ ပြည်သူ့စာကြည့်တိုက်အား Community Center အဖြစ် တိုးမြှင့်နိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရှိ (ရုံးချုပ်) သင်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ပုံပြင်နှင့်တီထွင်ဖန်တီးမှု အနုပညာသင်တန်း (၁/၂၀၁၆) သင်ကြားပို့ချနေမှုအခြေအနေကို ကြည့်ရှုပြီး သင်တန်းတက်ရောက်နေကြသည့် ဝန်ထမ်းများအား သင်တန်းတွင်ပို့ချပေးမှုအပြင် ကိုယ်ပိုင်စိတ်ကူးများဖြင့်လည်း ပုံဖော်၍ တီထွင်ကြံဆကာ ပြန်လည်ပြောဆိုခြင်း၊ ရေးသားခြင်းများကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားကာ သင်တန်းသားများကိုယ်တိုင် ရေးဆွဲဖန်တီးထားရှိသည့် ရုပ်ပုံများကို ကြည့်ရှုအားပေးသည်။

(နေပြည်တော် ပြန်/ဆက်)

အရှေ့တောင်အာရှ အကြမ်းဖက်မှုနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

အရှေ့တောင်အာရှဒေသတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကို နေပြည်တော်ရှိ Hilton Hotel ၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ရာ ဩစတြေးလျအခြေစိုက် Aerospace, Defence and Security, Asia Pacific ဌာနမှ အကြမ်းဖက်မှုဆိုင်ရာလေ့လာကျွမ်းကျင်သူ Mr. Otso Iho နှင့် IHS Markit Company မှ Mr. Michael Lee တို့က အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိ ၄၀ တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် မျိုးဆွေဝင်းက တက်ရောက်၍အဖွင့်အမှာစကားပြောကြားပြီး အကြမ်းဖက်မှုဆိုင်ရာလေ့လာကျွမ်းကျင်သူ Mr. Otso Iho မှ အကြမ်းဖက်မှုများ စတင်ပေါ်ပေါက်လာပုံ၊ အကြမ်းဖက်မှုများ ကမ္ဘာအနှံ့ပျံ့နှံ့လာပုံ၊ ISIS အဖွဲ့ပေါ်ပေါက်လာပုံ၊ အရှေ့တောင်အာရှဒေသအတွင်းရှိ အကြမ်းဖက်အဖွဲ့များနှင့် ISIS အဖွဲ့တို့၏ ဆက်စပ်မှုများ၊ အရှေ့တောင်အာရှဒေသအတွင်း အကြမ်းဖက်မှုဝါဒပျံ့နှံ့လာမှုအပေါ် သုံးသပ်ချက်၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများအား နိုင်ငံအချင်းချင်း ပူးပေါင်းထိန်းချုပ်ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များအား ဆွေးနွေးပြောကြားခဲ့သည်။
(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ရန်ကုန်မြို့သို့ စက်တင်ဘာ ၃ ရက်က ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီးရုံး၌ စက်တင်ဘာ ၉ရက်က ယင်းအလုပ်သမားများအား ခေါ်ယူတွေ့ဆုံခဲ့ရာ ကျန်အလုပ်သမား ၃၀ သည် ၎င်းတို့ အစီအစဉ်ဖြင့် နေရပ်သို့ပြန်သွားခဲ့ကြောင်း၊ နေရပ်ပြန်ရန် အခက်အခဲရှိနေသည့် ယခုအလုပ်သမားများအား ထိုင်းနိုင်ငံသို့ တာဝန်ယူစေလွှတ်ပေးခဲ့သည့် အေဂျင်စီများနှင့် ညှိနှိုင်းပေးခဲ့ရာ မောင်ဝေလျှံထွန်းနှင့် မခင်မာအေး တို့သည် Swann Royal Co., Ltd ၏ အစီအစဉ်ဖြင့် E. Kwongse Co.., Ltd သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက စေလွှတ်ထားသည့် အလုပ်သမားများဖြစ်ကြပြီး လုပ်ငန်းအဆင်မပြေမှုကြောင့် V&K Co.,Ltd နာနတ်သီးလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ ဖမ်းဆီးခံရခြင်းဖြစ်သည်။

Swann Royal Co., Ltd က ကရုဏာကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၀ စီ ပေးအပ်ခဲ့ပြီး မောင်ချစ်ကိုကိုသည် Moonbeam Services Co., Ltd ၏ အစီအစဉ်ဖြင့် TTS Services Partner Co.., Ltd သို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း စေလွှတ်ထားသည့် အလုပ်သမားဖြစ်ပြီး လုပ်ငန်းအဆင်မပြေမှုကြောင့် V&K Co.,Ltd နာနတ်သီးလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ ဖမ်းဆီးခံရခြင်းဖြစ်သဖြင့် Moonbeam Services Co., Ltd က ကရုဏာကြေးအဖြစ် ငွေကျပ် ၃၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

မချိုချိုဝင်းသည် May Wint Services Co., Ltd ၏ အစီအစဉ်ဖြင့် P.V Thaipart Service Co.., Ltd သို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း သွားရောက်လုပ်ကိုင်သည့် အလုပ်သမားဖြစ်ပြီး လုပ်ငန်းအဆင်မပြေမှုကြောင့် V&K Co.,Ltd နာနတ်သီးလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ ဖမ်းဆီးခံရခြင်းဖြစ်သဖြင့် May Wint Services Co., Ltd က ကရုဏာကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်းသိရသည်။

အလုပ်သမားများအား စေလွှတ်ခဲ့သည့် အေဂျင်စီများအနက် Swann Royal Co., Ltd သည် အလုပ်သမားရေးရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးသော်လည်း Big Jab Contract Workers Co., Ltd သို့ စေလွှတ်ခဲ့သည့် အလုပ်သမားများအား Golden Prize Co., Ltd ငါးသေတ္တာစက်ရုံသို့ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ အလုပ်ပြောင်းရွှေ့ခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ကို တစ်နှစ် ယာယီပိတ်သိမ်းခြင်းဖြင့် အရေးယူဆောင်ရွက်ထားကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Moonbeam Services Co., Ltd နှင့် May Wint Services Co., Ltd တို့သည် ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်မှုနှင့်စပ်လျဉ်း၍ အလုပ်သမားရေးရာ ပြဿနာများ ဖြစ်ပွားနေခြင်းအပေါ် စိစစ်ဆဲကာလဖြစ်သဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်နိုင်ရေးအတွက် အလုပ်ခေါ်စာအသစ်များကို ယာယီဆိုင်းငံ့ခြင်း ခံထားရကြောင်း သိရသည်။

V&K Co.,Ltd နာနတ်သီးလုပ်ငန်းသည် အလုပ်ပုံမှန်လုပ်ကိုင်ရမှု မရှိသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အလုပ်ခေါ်စာပိတ်ပင်ထားသည့်ကုမ္ပဏီဖြစ်ပြီး အလုပ်သမားများသည် အလုပ်ပြောင်းရွှေ့ခဲ့ရာမှ ဩဂုတ် ၇ရက်တွင် လုပ်ငန်းခွင်သို့ ထိုင်းရဲများက ဝင်ရောက်စိစစ်စဉ် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) မရှိသဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

❁ ကျော့ဖုံးမှ

တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၀၄ ခုနှစ်မှစတင်၍ နန်နင်းမြို့တွင် နှစ်စဉ် ကျင်းပခဲ့သည်။ ယင်းပြပွဲများတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့ အနေဖြင့် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ခြင်း၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရှာဖွေခြင်းနှင့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ရရှိမည်ဖြစ်ပြီး ယခုနှစ်(၁၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို "(၂၁) ရာစု ပင်လယ်ရေကြောင်းပိုးလမ်းမကို အတူတကွတည်ဆောက်ခြင်းဖြင့် အကျိုးစီးပွား မျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြပါစို့" ဟူသည့် ဆောင်ပုဒ်ဖြင့် ကျင်းပကြောင်း သိရသည်။

(သတင်းစဉ်)

❋ ကျော့ဖုံးမှ

ဝေလငါးမျိုးနွယ်စု ငါးကြီးတစ်ကောင် သောင်တင်ခဲ့ကြောင်း မာန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူး၏ ပြောပြချက်အရ သိရသည်။

အဆိုပါ ငါးကြီးအား မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ခအုန်းမော် ကျေးရွာမှ ရွာသူရွာသားများပူးပေါင်းကာ ဝေလငါးအလွယ်တကူ ကူးခတ်သွားနိုင်သည့်နေရာထိ တူးမြောင်းဖောက်လုပ်ပြီး ပင်လယ်ထဲသို့ ပြန်လည်တွန်းပို့ပေးခဲ့ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာညွန့်ဝေ၏ ပြောပြချက်အရ သိရသည်။

ဝေလငါးများသည် သဘာဝ၏ ထူးခြားဖြစ်စဉ်တစ်ခုဖြစ်ပြီး အခြေခံအားဖြင့် ရေအောက်လျှပ်စီးကြောင့် သံလိုက်လှိုင်းများနှင့် ရေဖိအားပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊ ရောဂါပိုးကူးစက်ခံရခြင်း၊ စိုးရိမ်ပူပန်မှုကြောင့် ကုန်းမြေကို ရှာဖွေခြင်း၊ သားစားမုဆိုးတို့၏ တိုက်ခိုက်မှုကိုခံရခြင်း၊ ပထဝီသောင်ပြင် တွက်ချက်မှုလွဲမှားခြင်း၊ နေထိုင်မကောင်းသော အုပ်စုခေါင်းဆောင်၏ နောက်သို့ လိုက်ပါခြင်း၊ အသံလှိုင်းနှောင့်ယှက်မှုကို ခံရခြင်းတို့ကြောင့် သောင်တင်တတ်လေ့ရှိကြောင်းလည်း ဒေါက်တာ ညွန့်ဝေက ပြောသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၅ ရက်က မျှော်တော်ဦးကျေးရွာကမ်းခြေတွင် ဒဏ်ရာဖြင့် ဝေလငါး အရှင်တစ်ကောင် သောင်တင်ခဲ့ပြီး ရေကျချိန် ဖြစ်သောကြောင့် ပင်လယ်တွင်းသို့ ပြန်လည်မချပေးနိုင်ခဲ့ဘဲ သေဆုံးသွားခဲ့ဖူးကြောင်း သိရသည်။ **မြတ်ဝေ**

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဓာတ်ရောင်ခြည် ကင်ဆာရောဂါကုသဌာနဖွင့်

နေပြည်တော် စက်တင်ဘာ ၉

ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာန ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကုသဆောင်ရှေ့ဉပစာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင်က ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာန (Department of RADIATION ONCOLOGY) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် ဧည့်သည်တော်များက ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာနအတွင်းရှိ ရောဂါတည်နေရာကို တိကျစွာရှာဖွေပေးသည့် CT Simulator၊ ရောဂါတည်နေရာသတ်မှတ်ပေးခြင်းနှင့် ဓာတ်ရောင်ခြည်ပေးနိုင်ရန် တိုင်းတာတွက်ချက်ခြင်းတို့ ပြုလုပ်သည့် Treatment Planning၊ ဓာတ်ရောင်ခြည်ထုတ်လွှတ်ကုသပေးသည့် Linear Accelerator ခန်းနှင့် ဓာတ်ရောင်ခြည်သတ္တိကြွပစ္စည်း (Radioactive Substance)ဖြင့် တိုက်ရိုက်ထိတွေ့ကာကုသပေးသည့် Brachytherpy ခန်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ခံ အထူးကုဆရာဝန် ဒေါက်တာ သော်တာဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(အပေါ်ပုံ)**

ယခုဖွင့်လှစ်ပေးခဲ့သည့် ဓာတ်ရောင်ခြည် ကင်ဆာရောဂါကုသဌာနတွင် CT Simulation ခန်းတွင် လူနာများအား CT Simulator စက်အား အသုံးပြု၍ ရောဂါတည်နေရာကို တိကျစွာရှာဖွေပေးပြီး ရရှိလာသော အချက်အလက်များအား Treatment Planning သို့ ပို့ပေးခြင်း၊ Treatment Planning ခန်းတွင် CT Simulator မှရရှိလာသော အချက်အလက်များအား ဆရာဝန်နှင့် ပညာရှင်များပူးပေါင်း၍ ရောဂါတည်နေရာသတ်မှတ်ပေးခြင်း၊ ဓာတ်ရောင်ခြည်ပေးနိုင်ရန် တိုင်းတာတွက်ချက်ခြင်းတို့ကို ပြုလုပ်ကာ ရရှိလာသော အချက်အလက်များကို Linear Accelerator Treatment Control ခန်းသို့ ပို့ပေးခြင်း၊ ရောဂါအချက်အလက်များကို Treatment Control ခန်းတွင် အချောသပ်တွက်ချက်ပြီးနောက် Treatment Delivering ခန်းတွင် Linear Accelerator စက်ဖြင့် ဓာတ်ရောင်ခြည်ထုတ်လွှတ်ကုသခြင်းနှင့် Brachytherpy ခန်းတွင် ရောဂါအားဓာတ်ရောင်ခြည်သတ္တိကြွပစ္စည်း (Radioactive Substance)ဖြင့် တိုက်ရိုက်ထိတွေ့ကာ ကုသနိုင်သည့် နေရာများဖြစ်သော သားအိမ်ခေါင်း ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အဆုတ်ကင်ဆာ အစရှိသည်များကို ဆောင်ရွက်နိုင်ကြောင်း။

ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသဌာနတွင် အဝေးမှ ဓာတ်ရောင်ခြည်ပေးကုသသည့် Linear Accelerator စက်နှစ်လုံးနှင့် ဓာတ်ရောင်ခြည်သတ္တိကြွပစ္စည်း (Radioactive Substance) ဖြင့် တိုက်ရိုက်ထိတွေ့ကာကုသပေးသည့် စက်တစ်လုံးတို့ဖြင့် နေ့စဉ် လူနာပေါင်း ၈၀ ခန့် ကုသပေးနိုင်ပြီး ဆေးကုသမှုစရိတ်ကို သင့်တင့်သောနှုန်းထားများဖြင့် ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ပေါင်း ၁၂၀ ကျော်သက်တမ်းရှိ ရန်ကုန်မြို့ပြအမွေအနှစ်ဖြစ်သော အင်းစိန် GTI ကျောင်းကြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

အင်းစိန် GTI ကျောင်းကြီးအား လွှဲပြောင်းပေးအပ်စဉ်

ရန်ကုန် စက်တင်ဘာ ၉

သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၀ ရှိပြီဖြစ်သော ရန်ကုန်မြို့ အင်းစိန်မြို့နယ်အတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်းကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပညာရေးဝန်ကြီးဌာနသို့ ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

"စက်မှုလက်မှုသိပ္ပံ အင်းစိန် (GTI) ကျောင်းအပါအဝင် မြေနဲ့ အဆောက်အအုံတွေနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရက ပညာရေးဝန်ကြီးဌာနကို ပြန်လည်လွှဲပြောင်းပေးနိုင်ဖို့ ညွှန်ကြားထားပြီးဖြစ်တာကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ လွှဲပြောင်းရေးကော်မတီ ဖွဲ့စည်းကာ နှစ်ဖက်အဆင့်ဆင့်အစည်းအဝေးတွေ ပြုလုပ်ဆွေးနွေးပြီး အခုလို တရားဝင်လွှဲပြောင်းပေးအပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီကနေ့တရားဝင်လွှဲပြောင်းတဲ့ အခမ်းအနားကျင်းပခဲ့တာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက ပြောသည်။

ယခု ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်းကြီးကို ၁၈၉၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းကျောင်းမှ ပြည်တွင်း စက်မှုလက်မှု အတတ်ပညာရှင်ပေါင်းမြောက်မြားစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်ကျောင်းကြီးဖြစ်သည်။ အဆိုပါကျောင်းကြီးသည် အစဉ်အလာကောင်းနှင့် သမိုင်းကောင်းများရှိသော ကျောင်းကြီးဖြစ်ကာ ယခုအခါ ရန်ကုန်မြို့ပြထိန်းသိမ်းရေးအမွေအနှစ်စာရင်းဝင်ပင် ဖြစ်နေပြီဖြစ်သည်။ အကျယ်အဝန်းအားဖြင့် ၄၁ ဧက ကျော်ရှိပြီး ဝင်းအတွင်းရှိ ငှားရမ်းထားသော လုပ်ငန်းအချို့နှင့် ရုံးများကိုလည်း ယခုနှစ်ကုန်ပိုင်းနှင့် လာမည့် ၂၀၁၇ ခုနှစ်အတွင်းတွင် အပြီးသတ်ပြောင်းရွှေ့ပေးရန် သဘောတူထားကြောင်း သိရသည်။ အဆိုပါ အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) ကျောင်းကြီးသည် ၂၀၀၇ ခုနှစ်က ရန်ကုန်မြို့တော်စည်ပင်သာယာလက်အောက်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပညာရေးအဆင့်အတန်းမြင့်မားစေရန်နှင့် နိုင်ငံတကာကဲ့သို့ ပညာရေးအဆင့် ရင်ပေါင်တန်းဖြည့်ဆည်းပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးစာရင်းဝင်ဖြစ်သည့် အင်းစိန် GTI ကျောင်းကြီးကို ရှေးမူမပျက် စောင့်ရှောက်ထိန်းသိမ်းသွားရန်နှင့် ရေ၊ မီးနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေး လုပ်ဆောင်သွားရန်ရှိပြီး နည်းပညာနှင့် ပညာရပ်ဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို နိုင်ငံတကာ အဖွဲ့အစည်း ၂၀ ကျော်နှင့် ချိတ်ဆက်ထားကြောင်း သိရသည်။

ယနေ့ အစိုးရစက်မှုလက်မှုသိပ္ပံ အင်းစိန် (GTI)ကျောင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်ထွန်း၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုင်းကျော်နိုင်ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လွှဲပြောင်းရေးအဖွဲ့ခေါင်းဆောင်ကော်မတီဝင် ဒေါ်သန်းမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး လွှဲပြောင်းပေးအပ်ခြင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)

ဓာတ်ပုံ- မင်းထက်၊ မျိုးမင်းသိန်း(မရမ်းကုန်း)

အင်းစိန် GTI ကျောင်းကြီး ကမ္ပည်းကျောက်စာတိုင်

❊ ကျော့ဖုံးမှ

ချေးငွေအမေရိကန်ဒေါ်လာသန်း ၆၀ ရယူခြင်း သဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုးပွဲမှ သိရသည်။ ယင်းစီမံကိန်းတွင် အမရပူရမြို့နယ် ရွှေဂဲရေထိန်းတံခါးအနီးတွင် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်သွားမည့်အပြင် မန္တလေးမြို့တွင်းရှိ အဓိကမြောင်းကြီးများဖြစ်သည့် ရွှေတချောင်း၊ ငွေတချောင်း၊ သင်္ဂဇာချောင်း၊ မင်္ဂလာချောင်းတို့မှ ရေဆိုးစနစ်များကို စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းမန်နေဂျာ ဒေါ်ခင်မေဒွေးက ပြောသည်။

"မန္တလေးမြို့ ရေဆိုးစနစ်ကောင်းမွန်အောင် တစ်ခါမှမလုပ်ဆောင်ခဲ့တဲ့လုပ်ငန်းတွေကို လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် အတိုင်ပင်ခံ အင်ဂျင်နီယာတွေ၊ အသိပညာရှင် အတတ်ပညာရှင်တွေ၊ မြို့ခံလူထုနဲ့ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားပါ့မယ်။ အိမ်သုံးစွန့်ပစ်ရေနဲ့ မိုးရေစွန့်ပစ်ရေကို ခွဲခြားပြီး အခုဆောက်လုပ်မယ့် ရေဆိုးသန့်စင်စက်ရုံကို ပို့မယ်။ ဒီစက်ရုံကတစ်ဆင့် ဧရာဝတီမြစ်ထဲကို ရေသန့်အဖြစ် စွန့်ထုတ်မှာဖြစ်ပါတယ်။ ဒီနေ့လက်မှတ်ထိုးပြီးတာနဲ့ လုပ်ငန်းစတင်မှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယခုချေးငွေဖြင့် မန္တလေးမြို့ရေဆိုးစနစ်ကို အဓိကဖြေရှင်းဆောင်ရွက်သွားမည့်အပြင် ဒုတိယအနေဖြင့် ယင်းခုနစ်နှစ်အတွင်း မြို့တွင်းမြောင်းများ ရေစီးရေလာ ကောင်းမွန်စွာစီးဆင်းရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် နိုင်ငံတကာနည်းပညာအကူအညီများပါ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ Country Director Mr. Winfried F. Winklein က ပြောသည်။

"ကျွန်တော်တို့ဘဏ်က ဖွံ့ဖြိုးရေးဘဏ်ဖြစ်တဲ့အတွက် အကျိုးအမြတ်ကို အဓိကမထားပေမယ့် ဒီစီမံကိန်းကြောင့် မန္တလေးဒေသခံအားလုံး စီပွားရေးအခွင့်အလမ်းတွေ ပိုမိုရရှိလာနိုင်တယ်။ ရေနဲ့ သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေးစီမံကိန်းဖြစ်တဲ့အတွက် ရေကြောင့်ဖြစ်တတ်တဲ့ ရောဂါတွေလည်း ကင်းရှင်းလာမယ်"ဟု ၎င်းကပြောသည်။

အဆိုပါစီမံကိန်း သဘောတူညီချက်အရ ချေးငွေသန်း ၆၀ အား ၃၂ နှစ်အတွင်း အပြီးပေးဆပ်ရမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ ခုနစ်နှစ် သတ်မှတ်ပေးထားကာ အတိုးနှုန်းမှာ ပထမရှစ်နှစ်အတွင်း တစ် ရာခိုင်နှုန်းနှင့် နောက်ပိုင်းကာလများအတွက် ၁ဒသမ ၅ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ လုံခြုံရေးဆိုင်ရာ 2016 ROK Army International Conference သို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Kintex ၌ ကျင်းပလျက်ရှိသည့် Defence Expo Korea 2016 ပြပွဲ၌ စက်တင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီက ကျင်းပသည့် 2016 ROK Army International Conference အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် Roles of the Ground Forces and International Cooperation to Encounter Future Asymmetric Threats ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီပြခန်းများမှ ခင်းကျင်းပြသထားသည့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား လှည့်လည်ကြည့်ရှုကြပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Jung Jun-kyu မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဆိုးလ်မြို့ရှိ စစ်သမိုင်းပြတိုက်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ခင်းကျင်းပြသထားမှုများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(မြဝတီ)

(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၆၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့်သဘောရေးဖြေပွဲကို ၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ ရက် (အင်္ဂါနေ့)မှ ၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁ ရက် (စနေနေ့)အထိ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက် (၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်)နောက်ဆုံးထား၍ ဝင်ခွင့်တောင်းခံလွှာများကို (ဓာတ်ပုံ နှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို/ဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်)ရက် နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

မိုး ပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၉ - နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

ရခိုင်ပြည်နယ်တွင် (၇၇)နှစ်မြောက် ဆရာတော်ဦးဥတ္တမနေ့အခမ်းအနား စည်ကားစွာကျင်းပ

စစ်တွေ စက်တင်ဘာ ၉

(၇၇)နှစ်မြောက် ဆရာတော် ဦးဥတ္တမနေ့ အခမ်းအနားကို စက်တင်ဘာ ၉ ရက်က ရခိုင်ပြည်နယ်ရှိ မြို့နယ်အသီးသီးတွင် စည်ကားစွာ ကျင်းပကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ဆရာတော် ဦးဥတ္တမနေ့ မတိုင်မီ တစ်ရက်အလိုကပင် ဦးဥတ္တမခန်းမတွင် ပန်းချီ၊ ဓာတ်ပုံ၊ ပိုစတာများအား ပြသထားရာ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားခဲ့သည်။ ဆရာတော်ဦးဥတ္တမ ပန်းခြံရှေ့တွင်လည်း ဆရာတော်ဦးဥတ္တမ အမှတ်တရ စာအုပ်များ၊ ဓာတ်ပုံများ စတစ်ကာများ၊ ဆရာတော် ဦးဥတ္တမ ရုပ်ပုံများ ပါဝင်သော တီရှပ်အင်္ကျီများ ရောင်းချသူ ဝယ်ယူသူများဖြင့် ညနေပိုင်းအထိ စည်ကားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၉ ရက် နံနက် ၅ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် ဆရာတော်ဦးဥတ္တမအား ရည်စူး၍ ဘုန်းတော်ကြီးကျောင်းတိုက်အသီးသီးမှ ဆရာတော်ကြီးများအား ပြည်နယ်အစိုးရအဖွဲ့က အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ထို့နောက် ဦးဥတ္တမပန်းခြံရှိ ဆရာတော်၏ ရုပ်တုရှေ့၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

ဆရာတော် ဦးဥတ္တမ ရုပ်တုရှေ့တွင်လည်း နံနက် ၇ နာရီမှ စတင်ကာ ရပ်ကွက်အသီးသီးမှ ရပ်ကွက်အလိုက် ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား မျိုးနွယ်စုများသည် စီတန်း၍ ဆရာတော်ဦးဥတ္တမ ရုပ်တုရှေ့တွင် ဂုဏ်ပြုပန်းခြင်း၊ ပန်းခွေ၊ ပန်းစည်း၊ အမွှေးနံ့သာတို့ ဂုဏ်ပြု၍ ဆရာတော်အား ညနေပိုင်းအထိ ပူဇော်ကန်တော့လာသူများဖြင့် စည်ကားလျက်ရှိသည်။ **(အပေါ်ယာပုံ)**

ဆရာတော်ဦးဥတ္တမသည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မျိုးစေ့ချပေးခဲ့သူအဖြစ် မြန်မာ့သမိုင်းတွင် သာမက ကမ္ဘာ့သမိုင်းတွင်ပါ ထင်ရှားသူတစ်ဦးဖြစ်သည်။ ဆရာတော်ကို ရခိုင်ပြည်နယ် စစ်တွေမြို့ ရူပမြောက်ရပ်ကွက် ချောင်းနားတန်းတွင် ဖခင် ဦးမြသာဦး၊ မိခင် ဒေါ်အောင်ကျော့ဖြူတို့မှ ၁၈၈၀ ပြည့်နှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မွေးဖွားခဲ့သည်။ အသက် ၁၃ နှစ်အရွယ်တွင် စစ်တွေမြို့၌ ပရိယတ္တိသင်ကြားရာတွင် အကျော်တစောရှိသော ရွှေစေတီကျောင်းဆရာတော်ဘုရားထံ ဗုဒ္ဓ၏ အခြေခံစာပေများကို လေ့လာသင်ယူပြီး အသက် ၁၅ နှစ်တွင် ရှင် သာမဏေပြုခဲ့သည်။ ထို့နောက် အရှင်ဦးဥတ္တမ ရဟန်းဝတ်ဖြင့် ရန်ကုန်၊ မအူပင်၊ ပဲခူး၊ တောင်ငူ၊ မန္တလေးနှင့် ပခုက္ကူမြို့များတွင် လှည့်လည်နေထိုင် ပညာသင်ယူခဲ့သည်။ အသက် ၁၇ နှစ်အရွယ်တွင် လူဝတ်ဖြင့် ကာလကတ္တား (ကိုးလ်ကတ္တား)၌ အင်္ဂလိပ်စာနှင့် ခေတ်ပညာများကို သင်ယူပြီး (၁၀)တန်းစာမေးပွဲကို အလွတ်ပညာသင်အဖြစ် ဖြေဆိုအောင်မြင်ခဲ့သည်။ အသက် ၂၀ တွင် ရဟန်းပြုပြီး ကိုးလ်ကတ္တားသို့ တစ်ဖန်ပြန်ကြွရာ အိန္ဒိယတွင် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးအတွက် ထကြွနိုးကြားနေမှုများကို သိမြင်ရာက ဆရာတော်သည် နိုင်ငံရေးကို စိတ်ဝင်စားလာပြီး မိမိနိုင်ငံလွတ်လပ်ရေးအတွက် မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ နယ်ချဲ့မကြောက်တရားများ ဟောကြားခဲ့သည်။

ဆရာတော်သည် လွတ်လပ်ရေးတရားများကို မြို့ကြီး၊ မြို့ငယ်ပေါင်း အမြောက်အမြားသို့ အကြိမ်ကြိမ်အခါခါ လှည့်လည်ဟောပြောခဲ့သည်။ နိုင်ငံခြားဖြစ် အဝတ်အထည်တွေကို ပယ်ရှား၍ ဝံသာနု ပင်နီနှင့် ယောထဘီကိုသာ ဝတ်ဆင်ကြရန် လှုံ့ဆော်သည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆရာတော်၏ နိုင်ငံရေးမျိုးစေ့ချပေးခဲ့မှု အရှိန်အဟုန်ကြောင့် တက္ကသိုလ်ကျောင်းသားသပိတ် ဖြစ်ပေါ်လာသည်။ ထိုအချိန်က ဘုရင်ခံမှာ ဆာရယ်ဂျီနယ်ကရက်ဒေါက် ဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် နိုင်ငံရေးလှုံ့ဆော်သူများကို အင်္ဂလိပ်အစိုးရက အပြင်းအထန် နှိပ်ကွပ်နေချိန်တွင် မြန်မာပြည်သူလူထုတစ်ရပ်လုံးကို လှုပ်နှိုးခဲ့သော "ဆာရယ်ဂျီနယ်ကရက်ဒေါက် မြန်မာပြည်က ထွက်သွား"(Craddock Get out) ဟူသော စကားသည် မြန်မာနိုင်ငံသာမက တစ်ကမ္ဘာလုံးကို တုန်လှုပ်စေခဲ့သည်။

ဆရာတော်သည် နယ်ချဲ့မကြောက်တရား ဟောကြားမှုကြောင့် ဗြိတိသျှတို့၏ ဖမ်းဆီးမှုကို အကြိမ်ကြိမ်ခံရင်း ၁၉၃၉ စက်တင်ဘာလ ၉ ရက်နေ့ သက်တော်(၆၀)တွင် ပျံလွန်တော်မူခဲ့သည်။ ဆရာတော်ပျံလွန်သည့်နေ့ကို ဦးဥတ္တမနေ့ဟု ထိုခေတ် လွှတ်တော်က တရားဝင်သတ်မှတ်ကြေညာပေးသည်။ ကန်တော်မင်ပန်းခြံကို ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်သည်။ ဆရာတော်မွေးဖွားရာ စစ်တွေမြို့တွင်လည်း ဦးဥတ္တမပန်းခြံတစ်ခုကို ပြုလုပ်ပေးခဲ့သည်။

ဆရာတော်သည် ယင်းခေတ်အခါကပင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကြွရောက်သာသနာပြုခြင်း ပညာသင်ကြားပေးခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုလေ့လာခြင်းများကို ဆောင်ရွက်ခဲ့သည်။ မြန်မာစာပေကျမ်းဂန်တို့အပြင် ပါဠိ၊ ဟိန္ဒူ၊ အင်္ဂလိပ်၊ တိဗက်၊ ဂျပန်၊ ပြင်သစ် အပါအဝင် ဘာသာစကား ကိုးမျိုးကို တတ်မြောက်သော ဆရာတော်တစ်ပါးလည်း ဖြစ်သည်။

မြတ်ဝေ

မြန်မာ့စီးပွားရေးဘဏ်ခွဲ ၂၈ ခုတွင် Online ဖြင့် ငွေလွှဲဝန်ဆောင်မှု ရယူနိုင်

နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ငွေလွှဲပို့ခြင်းကို အော်တိုဖုန်းလိုင်းရရှိသော မြို့များသို့ ဖက်(စ်)ဖြင့်လည်းကောင်း၊ အော်တိုဖုန်းလိုင်းမရှိသော မြို့များသို့ ကြေးနန်းဖြင့်လည်းကောင်း၊ ဘဏ်ခွဲအားလုံးသို့ ငွေလွှဲလက်မှတ်ဖြင့်လည်းကောင်း လွှဲပို့နိုင်သော်လည်း မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၂၈ ခုသို့ Online ဖြင့်လည်း ငွေလွှဲပို့နိုင်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှာ နေပြည်တော်ဘဏ်ခွဲ၊ ပျဉ်းမနားဘဏ်ခွဲ၊ မန္တလေးဘဏ်ခွဲ (၁) (၂) (၃)၊ ရန်ကုန်ဘဏ်ခွဲ (၁)(၂)(၃)(၄)(၅)၊ ငွေစုဘဏ်ခွဲ (၁)ရန်ကုန်၊ ငွေစုဘဏ်ခွဲ(၂) ရန်ကုန်၊ ငွေစုဘဏ်ခွဲ (၃) ရန်ကုန်၊ ငွေစုဘဏ်ခွဲ(၄) ရန်ကုန်၊ ကမာရွတ်ဘဏ်ခွဲ၊ တာမွေဘဏ်ခွဲ၊ ကြည့်မြင်တိုင်ဘဏ်ခွဲ၊ သဃ်္ဃန်းကျွန်းဘဏ်ခွဲ၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ သန်လျင်ဘဏ်ခွဲ၊ အင်းစိန်ဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲ၊ ပဲခူးဘဏ်ခွဲ၊ စစ်ကိုင်းဘဏ်ခွဲ၊ မုံရွာဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ၊ ပြည်ဘဏ်ခွဲ၊ မကွေးဘဏ်ခွဲတို့ ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကုက္ကိုဝမြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ရေလမ်းကြောင်းသတ်မှတ်

တည်ဆောက်ဆဲ ကုက္ကိုဝမြစ်ကူးတံတား ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃) နှင့် (၄) အကြားမှ ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ တံတားရေလယ်တိုင်အမှတ် (၂) နှင့် (၃) အကြားတွင် ငြမ်းတိုင်အဖြစ် ရိုက်သွင်းအသုံးပြုခဲ့သော Staging Pipe များကို ပြန်လည်ဖြုတ်သိမ်းပြီးဖြစ်၍ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ ပြောင်းလဲဖွင့်လှစ်ပြီးဖြစ်သည်။

သတ်မှတ်ထားသော ရေလမ်းကြောင်း၏ ရေလမ်းကင်းလွတ်အကျယ်မှာ ပေ ၃၁၀ ရှိပြီး ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက်ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည် ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေလယ်တိုင် နှစ်ခုအကြားတွင် ရေယာဉ်များ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်နှင့် ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းဆင်း

မော်လမြိုင် စက်တင်ဘာ ၉

မွန်ပြည်နယ်ရဲတပ်ဖွဲ့ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တိုသင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ပြည်နယ်ရဲတပ်ဖွဲ့ ဦးစီးအရာရှိ ပထမတန်း ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့ဦးစီးအရာရှိ ပထမတန်း ဒုတိယရဲမှူးကြီး လင်းဦး၊ သထုံခရိုင် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်စိုးလွင်နှင့် အခြားမိတ်ဖက် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်၊ အရာရှိ၊ အခြားအဆင့်၊ စာရေး၊ ဝန်ထမ်း စုစုပေါင်း ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ပုဂံမြို့ မြေငလျင်နှင့် မြန်မာပြည်သမိုင်းအမွေအနှစ်များ ထိန်းသိမ်းသောစနစ်

ဒေါက်တာကျော်လတ်

ယခု ဩဂုတ်လအတွင်း မြန်မာပြည်နေရာအနှံ့အပြားတွင် ပေါ်ပေါက်ခဲ့သော မြေငလျင်နှင့် ပတ်သက်၍လည်းကောင်း၊ ပုဂံဘုရားစေတီပုထိုးများနှင့် ပတ်သက်၍ လည်းကောင်း ရေးကြ ပြောကြ ဆွေးနွေးကြပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံ ဗိသုကာများသည် မြေငလျင်ဖြစ်ပေါ်ပြီး ရက်ပိုင်းအတွင်း ပုဂံမြို့သို့ သွားရောက်ခဲ့ပါ၍ ဤဆောင်းပါးဖြင့် (၁) ပုဂံမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ ပျက်စီးမှု အတိုင်းအတာနှင့် အကြောင်းရင်းများ၊ (၂) မြန်မာပြည်ယဉ်ကျေးမှု အမွေအနှစ် များ ထိန်းသိမ်းမှုစနစ်တို့အကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

(၁၆)ကြိမ်ခန့် ကြုံခဲ့ရ

ဦးစွာ ယခု ၂၀၁၆ ခုနှစ် ဩဂုတ်လ ငလျင်ကြောင့် ပုဂံမြို့ပတ်ဝန်းကျင် ဘုရား စေတီပုထိုးများ ပျက်စီးမှုနှင့်ပတ်သက်၍ တင်ပြရသော် သာသနာရေးနှင့် ယဉ်ကျေး မှုဝန်ကြီးဌာနအရ ပုဂံမြို့ပတ်ဝန်းကျင်တွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၉၇၊ အချို့မှာ များစွာ၊ အချို့မှာ အနည်းငယ်ပျက်စီးခဲ့သည်ဟု သတ်မှတ်ပါသည်။ယခု ယဉ်ကျေးမှုဝန်ကြီးဌာန၏ စာရင်းအရမြေပေါ် ရှေးဟောင်းအဆောက်အအုံ ပေါင်း ၃၃၀၀ ကျော်မှ ထို ၄၀၀ နီးပါးခန့် ပျက်စီးသည်ဟု တွေ့ရှိခြင်းသည် လည်းကောင်း၊ မှတ်တမ်းများအရ ပုဂံသမိုင်းတွင် အေဒီ ၃၂၄ ခုနှစ် "ယင်မင်းပိုက်ဘုရင်လက်ထက် မှစ၍ အကြိမ်ပေါင်း (၁၆)ကြိမ်ခန့် ကြုံခဲ့ရသည်တို့နှင့် နှိုင်းစာသော်လည်းကောင်း မိမိတို့ ဤအကြိမ်တွင် ကံကောင်းသည်ဟုပင် ယူဆရပါမည်။ တစ်ဖန် ထိုထိခိုက် ပျက်စီးသည်ဟု သတ်မှတ်သော ရှေးဟောင်းအဆောက်အအုံပေါင်း ၄၀၀ ခန့်မှ အဆူပေါင်း ၁၁ ဆူသာ ပျက်စီးမှုကြီးမားသည်ဟု သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်သဖြင့်လည်း ပုဂံမြို့တွင် ယခင်က ကြုံခဲ့ရခြင်းများနှင့် နှိုင်းစာသော် သက်သာပါသေးသည်ဟု သတ်မှတ်ရပေမည်။

များစွာသောဘုရားစေတီတို့တွင် လွယ်လင့်တကူ နည်းလမ်းမကျ တည်ဆောက်မှုများ ကြောင့် ငလျင်လှုပ်သည့်အခါ ထိုနောက်တိုးဆောက် အစိတ်အပိုင်းများသည် အောက်သို့ ကျဆင်းတော့သည်။

စံချိန်စံညွှန်းများကို မလိုက်နာ

ယခု ဗိသုကာတစ်ဦးအနေဖြင့် အဆောက်အအုံပေါင်း ၄၀၀ ခန့်မှ အများစု တို့ ပျက်စီးရခြင်းအကြောင်းကို တင်ပြပါမည်။ အများစုတို့ဆိုရာတွင် စာရေးသူတို့ ဗိသုကာအဖွဲ့ တွေ့ရှိချက်မှာ (၁)ဓမ္မရံကြီး၊ (၂)သဗ္ဗညုနှင့် (၃)ကျောက်ဂူဥမင် ထိုသုံးဆူမှာ ပညာရပ်ဆိုင်ရာအခေါ် Structural Failure ထိခိုက်နိုင်ကြောင်း တွေ့ရှိရသည်။ များစွာသော ထိခိုက်ပျက်စီးသည်ဟု သတ်မှတ်သော ရှေးဟောင်း အဆောက်အအုံတို့မှာ လွန်ခဲ့သော ၁၉၉၆ ခုနှစ်နောက်ပိုင်း ပုဂံဘုရားတို့ကို "ကန်ထရိုက်"ခေါ် ဆောက်လုပ်ရေးအဖွဲ့များက ပြင်ဆင်ခြင်းတို့တွင် (၁) ဆောက် လုပ်ရေးပစ္စည်းများ မမှန်မကန်သုံးစွဲခဲ့ကြခြင်း၊ (၂)ကျွမ်းကျင်မှုမရှိသူများက ဆောက်လုပ်ခဲ့ကြခြင်း၊ (၃)ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီး ဌာနမှ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများကို မလိုက်နာခဲ့ကြခြင်းတို့ကြောင့် ဖြစ်သည်ကို တွေ့ရှိရပါသည်။ တိကျစွာတင်ပြရသော် ထို ၁၉၉၆ ခုနှစ်နောက်ပိုင်း များစွာသော ပြင်ဆင်ခြင်းများတွင် မူလရှေးအဆောက်အအုံ ပေါ်တွင်၊ ထီးတပ် ဆင်ရန်မဏ္ဍိုင် သို့မဟုတ် Sikhara "သိခါရ" (ခရေသီး)များ ထပ်ဆင့်တည်ဆောက် ခဲ့ကြသည်။ ထိုထပ်ဆင့်တည်ဆောက်ခြင်းတွင် နဂိုမူလအစိတ်အပိုင်းများနှင့် ထပ်ဆင့်တည်ဆောက်သော အစိတ်အပိုင်းတို့ ပူးတွဲမှုမရှိခြင်း၊ များစွာသော ဘုရားစေတီတို့တွင် ဝါးချောင်းငယ်တစ်ချောင်း သို့မဟုတ် ပိုက်ငယ်တစ်ချောင်း ဖြင့်သာ အောက်ခံအစိတ်အပိုင်းနှင့် နောက်တိုးအစိတ်အပိုင်းတို့ကို ဆက်ခဲ့ကြခြင်း စသောလွယ်လင့်တကူ နည်းလမ်းမကျ တည်ဆောက်မှုများ ကြောင့် ငလျင်လှုပ်သည့် အခါ ထိုနောက်တိုးအပိုင်းများသည် မြေအောက်သို့ ကျဆင်းတော့သည်။

ငလျင်လှုပ်သောအချိန်တွင် မိုးရွာနေ

ယခု ငလျင်ဒဏ်ကြောင့် အများဆုံးပျက်စီးသည်ဟု သတ်မှတ်ကြသော "စူဠာမဏိ" ဂူဘုရားသည် အထက်တွင်တင်ပြသည့် အပေါ်မှ ကျဆင်းလာသော နောက်တိုး "သိခါရ"မှ အစိတ်အပိုင်းအကျတွင် အောက်တွင်ရှိသော မူလစေတီရံ များကို ထိခိုက်ပျက်စီးစေသည့်အပြင် ထိုနောက်တိုးအစိတ်အပိုင်းက နဂိုမူလ "သိခါရ"မှ အချို့အစိတ်အပိုင်းကိုလည်း ဆွဲယူသွားခြင်းကြောင့် "စူဠာမဏိ" ဂူဘုရား သည် အမိုးများပင် ပွင့်သွားပြီး ယခုငလျင်တွင် ပျက်စီးမှုအများဆုံးအဆောက်အအုံ အဖြစ်သတ်မှတ်ကြသည်။ အမှန်စင်စစ် မိမိတို့တွေ့ရှိချက်မှာ စူဠာမဏိဂူဘုရားသည် ပြင်းထန်သောငလျင်ဒဏ်ခံရသည့်အခါ ကြုံရသော Structural Damage နံရံများ ကွဲအက်ခြင်း၊ အခြေခံအုတ်မြစ်များ နိမ့်ကျသွားခြင်းစသည်တို့ မတွေ့ရှိရပါ။ ပုဂံ၊ ညောင်ဦးဒေသနေသူများ၏ ပြောပြချက်အရ ငလျင်လှုပ်သောအချိန်တွင် မိုးရွာနေ သည့်အတွက် လူများအနီးပတ်ဝန်းကျင်တွင် မရှိကြ၍သာ ထိခိုက်ဒဏ်ရာရမှုနှင့် သေကျေမှုများမှ ကင်းလွတ်ကြသည်။ အထက်တွင် တင်ပြခဲ့သော (၁)ဓမ္မရံကြီး၊ (၂)သဗ္ဗညုနှင့် (၃)ကျောက်ဂူဥမင် ထိုသုံးဆူမှာ ပညာရပ်ဆိုင်ရာအခေါ် Structural Damage ထိခိုက်နိုင်ကြောင်း တွေ့ရှိရသည်။ စာရေးသူတို့အဖွဲ့မှာ ပုဂံတွင် သုံးရက်သာ နေထိုင်လေ့လာခဲ့၍ အခြားသော အလားတူ Structural Damage များ ခံစားရ သည့် အဆောက်အအုံများကို ထပ်မံဖော်ထုတ်သင့်ပါသည်။ ထို့နောက် ထိုသို့ Structural Damage ခံစားရသော အဆောက်အအုံတို့နှင့် ပတ်သက်၍ ရှေးဟောင်းအဆောက်အအုံများ ပြင်ဆင်ခြင်းတွင် အထူးအတွေ့အကြုံရှိသော Structural Engineers များ အသေးစိတ်လေ့လာတွက်ချက်ကြ၍ ထိုအဖွဲ့၏ ညွှန်ကြားချက်များအတိုင်း ပြင်ဆင်သင့်ပေသည်။

နည်းစနစ်နှင့် ကျွမ်းကျင်မှုမရှိ

ဆက်လက်၍ မြန်မာပြည် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းမှုစနစ် အကြောင်း ဆွေးနွေးတင်ပြပါမည်။ တင်ပြခဲ့သည်တို့မှ ကောက်နုတ်သုံးသပ်ရမည် မှာ ယခုငလျင်တွင် ပုဂံရှေးဟောင်းအဆောက်အအုံအများစုတို့ ပျက်စီးရခြင်းမှာ ၁၉၉၆ ခုနှစ်ဝန်းကျင် ကန်ထရိုက်များက စေတီပုထိုးများကို ပြင်ဆင်ကြစဉ်က နည်းစနစ်နှင့် ကျွမ်းကျင်မှုမရှိ၊ လုပ်ထုံးလုပ်နည်းများကို မလိုက်နာခဲ့ကြခြင်း၊ အမြတ်ငွေ ရရှိရေးကိုသာ အဓိကထား၍ ပစ္စည်းများ မမှန်မကန်သုံးစွဲခဲ့ကြခြင်းတို့ကြောင့် ဖြစ်သည်။ ထိုသင်ခန်းစာများကို အခြေခံ၍ ယခု မိမိတို့တိုင်းပြည်တွင် ကျင့်သုံးရန် ဦးတည်လျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်မှ ပုဂ္ဂလိကအခန်းကဏ္ဍကို အသုံးချ၍ တစ်နည်းဆိုသော် ပုဂ္ဂလိကကဏ္ဍနှင့် မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်သော တိုင်းပြည်အတွက် အကျိုးရှိမည့် နည်းလမ်းများကို ကျင့်သုံးကြရပေမည်။

မှန်မှန်ကန်ကန် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းခြင်းစနစ်တွင် (၁) Pre-restoration procedures ခေါ် မပြုပြင်မီလုပ်ငန်းရပ်များ၊ (၂) Works during restoration ပြင်ဆင်နေသည့် အချိန်အတွင်း လုပ်ငန်းရပ်များနှင့် (၃) Post-restoration works ပြင်ဆင်ပြီးလုပ်ငန်းရပ်များဟူ၍ သုံးမျိုးခွဲပါသည်။ ပထမအဆင့်မပြုပြင်မီ လုပ်ငန်းရပ်များတွင် မှတ်တမ်းများထားရှိခြင်းနှင့် မည်သို့ ပြင်ဆင်ကြမည့် အစီအစဉ်တို့သည် အဓိကဖြစ်သည်။ မပြုပြင်မီ လက်ရှိအခြေအနေ အတိုင်း ဓာတ်ပုံမှတ်တမ်းများ၊ Measured drawings ခေါ် တိုင်းထွာထားသော လက်ရှိပုံစံ၊ မည်သို့ပြင်ဆင်ရန်ပုံစံ၊ အသုံးပြုမည့် အတိအကျဆောက်လုပ်ရေးပစ္စည်းများ၊ ခိုင်ခံ့မှု တွက်ချက်ခြင်းများ၊ လိုအပ်မည့်လူအင်အားနှင့် ဆောက်လုပ်ချိန်၊ ကုန်ကျစရိတ် စသည်တို့ကို ဦးစွာ နိုင်ငံတော်ဘက်မှ ရပ်တည်သည့်အစိုးရဌာန သို့မဟုတ် အစိုးရဌာနမှ တာဝန်ပေးထားသော Consultants ပညာရှင်တို့က ပြင်ဆင်ကြရပါမည်။ ထိုပထမ အဆင့်တွင် ပြင်ဆင်ထားသော ပုံစံများ၊ ပစ္စည်းများ၊ တွက်ချက်မှုများအပေါ် အခြေခံ ၍သာ တင်ဒါစနစ်ဖြင့်ဆောက်လုပ်မည့် ကန်ထရိုက်ကို ရွေးချယ်ရပါမည်။ အထက် ဖော်ပြပါပုံစံများ၊ တွက်ချက်ခြင်းများ၊ အသုံးပြုမည့်ပစ္စည်းများသည် ဒုတိယအဆင့် ရှေးဟောင်းအဆောက်အအုံ ပြင်ဆင်ဆောက်လုပ်ခြင်းတွင် အဆုံးအဖြတ်ပေးရပေမည်။

ရေရှည်ထိန်းချုပ်သောစနစ်များ တပ်ဆင်

ဒုတိယအဆင့် ရှေးဟောင်းအဆောက်အအုံပြင်ဆင်ခြင်းတွင်လည်း အစိုးရဌာနမှ ကိုယ်စားလှယ်သည် နည်းပညာမှန်ကန်မှု၊ အသုံးပြုသော ပစ္စည်းမှန်ကန်မှု စသည်တို့ကို ကြီးကြပ်ပြီးမှသာ စာချုပ်အရ သဘောတူထားသည့်အတိုင်း ငွေပေးချေမှုများ ပြုလုပ်ရပါမည်။ တတိယအဆင့် Post restoration works ပြင်ဆင်ပြီး လုပ်ငန်းရပ်များတွင် ပြင်ဆင်တည်ဆောက်ပြီးသော အခြေအနေကို တိကျသော ပုံများ၊ ဓာတ်ပုံများနှင့်တကွ ပြန်လည်မှတ်တမ်းတင်ရပါမည်။ ထို့အပြင် တာဝန်ယူ ထားသော ကန်ထရိုက်သည် အချိန်အတိုင်းအတာတစ်ရပ်အတွင်း ချုပ်ဆိုသော စာချုပ်အရ တာဝန်ယူရပါမည်။ လွန်စွာအရေးကြီးသော အဆောက်အအုံများကို ဆက်လက်ထိန်းသိမ်းရန် သင့်လျော်သော လူအင်အားခန့်ထားခြင်း Long term monitoring system ခေါ် ရေရှည်ထိန်းချုပ်သောစနစ်များ တပ်ဆင်ထားခြင်း များကို လွန်စွာအရေးကြီးသော အဆောက်အအုံများတွင် ထားရှိပါသည်။

၁၉၀၄ ခုနှစ် မိမိတို့တိုင်းပြည် ဗြိတိသျှတို့လက်အောက်တွင် ရှိစဉ်မှ Ancient Monuments Preservation Act အရပင် ပုဂံမြို့ရှေးဟောင်းဇုန်အတွင်း ဟိုတယ်ကဲ့သို့သော အဆောက်အအုံများ ဆောက်လုပ်ခြင်းကို တားမြစ်နိုင်ပါသည်။ ၁၉၉၃ ခုနှစ်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နယ်မြေအတွက် (Monuments Zone) ရှေးဟောင်းဇုန်၊ (Archaeological Zone) သုတေသနဇုန်၊ (Protective Zone) ရှေးဟောင်း အမွေအနှစ်များကာကွယ်ရေးဇုန်ဟူ၍ တိကျစွာသတ်မှတ်ခဲ့ပါသည်။ သို့သော် ထိုစည်းကမ်းများ၊ ဥပဒေများကို မလိုက်နာကြ၍ ယခုအခါ ရှေးဟောင်းအမွေအနှစ်ဇုန်အတွင်း ဟိုတယ်များတည်ဆောက်ခဲ့

အထက်တွင် အကျဉ်းချုပ်တင်ပြသော အဆင့်သုံးဆင့်သည် ရှေးဟောင်း အမွေအနှစ်အဆောက်အအုံများကို စနစ်တကျ ပြင်ဆင်ထိန်းသိမ်းခြင်းဖြစ်ပြီး အဓိကမှာ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုသော Consultants ပညာရှင်များနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကန်ထရိုက်တို့ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်ကြရပါမည်။

၁၉၉၆ ခုနှစ် မပြင်ဆင်မီ၊ ပြင်ဆင်ပြီးနောက်နှင့် ယခု ပြိုကျပျက်စီးလျက်ရှိသော "စူဠာမဏိ" ဂူဘုရားပုံတော်ကို တွေ့ရစဉ်

ယခုကြုံတွေ့ခဲ့ရသော မြေငလျင်ကြောင့် ပျက်စီးခြင်းသည် မိမိတို့ တိုင်းပြည်တွင် နဂိုမူလက စနစ်မရှိ၍ လုပ်ထုံးလုပ်နည်းများမရှိ၍မဟုတ်ပါဘဲ ရှိသောစနစ်၊ ရှိသောဥပဒေများ၊ ရှိသောလုပ်ထုံးလုပ်နည်းများကို အလေးမထား၊ လျစ်လျူရှုခဲ့ ကြ၍ ဖြစ်ပါသည်။ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမှုဆိုင်ရာဥပဒေများမှာ မိမိ တို့ တိုင်းပြည် ဗြိတိသျှလက်အောက်တွင် ရှိစဉ် ၁၉၀၄ ခုနှစ်မှပင်ရှိခဲ့ပြီး လွတ်လပ်ရေး ရပြီးသည့်နောက် ၁၉၅၇ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ တပ်မတော်အစိုးရနောက်ပိုင်း ၁၉၉၈ ခုနှစ်၊ ၂၀၁၃-၂၀၁၄ ခုနှစ် စသည်တို့ ရှိခဲ့ကြပါသည်။ ၁၉၀၄ ခုနှစ် မိမိတို့ တိုင်းပြည် ဗြိတိသျှတို့လက်အောက်တွင် ရှိစဉ်မှAncient Monuments Preservation Act အရပင် ပုဂံမြို့ရှေးဟောင်းဇုန်အတွင်း ဟိုတယ်ကဲ့သို့သော အဆောက်အအုံ များ ဆောက်လုပ်ခြင်းကို တားမြစ်နိုင်ပါသည်။ ၁၉၉၃ ခုနှစ်တွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်နယ်မြေအတွက် (Monuments Zone) ရှေးဟောင်းဇုန်၊ (Archaeological Zone) သုတေသနဇုန်၊ (Protective Zone) ရှေးဟောင်း အမွေအနှစ်များကာကွယ်ရေးဇုန်ဟူ၍ တိကျစွာသတ်မှတ်ခဲ့ပါသည်။ သို့သော် ထိုစည်းကမ်းများ၊ ဥပဒေများကို မလိုက်နာကြ၍ ယခုအခါ ရှေးဟောင်းအမွေ အနှစ်ဇုန်အတွင်း ဟိုတယ်များ တည်ဆောက်ခဲ့ကြပါသည်။ ထိုဟိုတယ်ကြီးများမှ အချို့ အစိတ်အပိုင်းများသည် ရှေးဟောင်းဘုရားများနှင့် ၁၀ ပေသာကွာသည် များလည်း ရှိကြသည်။ (ဆောက်လုပ်စဉ်က ဥပဒေမှာ ပေ ၉၀၊ ယခု ဥပဒေမှာ ပေ ၁၂၀ ဖြစ်ပါသည်။)

နိုင်ငံခြားအဖွဲ့အစည်းများ ကူညီလျှင် သင့်လျော်

ယခု ဩဂုတ်လ ငလျင်ကြောင့် ပုဂံမှ ရှေးဟောင်းအမွေအနှစ်အဆောက် အအုံများ ပျက်စီးကြသည့်အခါ အချို့သော ပုဂ္ဂိုလ်တို့က ပုဂံရှေးဟောင်းအမွေ အနှစ်ဇုန်ကြီးအား နိုင်ငံခြားအဖွဲ့အစည်းများထံ အပ်နှံသင့်ကြောင်း စသည်ဖြင့် ပြောဆိုလာကြပါသည်။ မြန်မာပြည် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံ များ ထိန်းသိမ်းခြင်းတွင် နှစ်ပေါင်းများစွာ ပါဝင်ကူညီလာခဲ့သူတစ်ဦးအနေဖြင့် တင်ပြလိုသည်မှာ ဤသို့ နိုင်ငံခြားအဖွဲ့အစည်းများ ကူညီကြပါလျှင် သင့်လျော် ပါသည်။ သို့သော် ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင် နိုင်ငံခြားအဖွဲ့အစည်း များ အများစုတို့ထံမှ နည်းပညာပိုင်းဆိုင်ရာအကူအညီများသာ ရရှိလေ့ရှိကြပါ သည်။ နည်းပညာပိုင်းဆိုင်ရာ အကူအညီများမှာလည်း လွန်စွာတန်ဖိုးရှိပေသည်။ မိမိတို့၏ ရှေးဟောင်းအဆောက်အအုံများကို လက်တွေ့ကျကျ ပါဝင်တည်ဆောက် ခြင်းမှာ "အာနန္ဒာလိုဏ်ဂူတော်" ပြုပြင်မွမ်းမံခြင်းကို အိန္ဒိယအစိုးရက ကူညီ ဆောင်ရွက်ခဲ့ပါသည်။ အီတာလျံအစိုးရက ပျူမြို့တော်များကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းတွင် ငွေကြေးထောက်ပံ့ခဲ့သည့်အပြင် နည်းပညာပိုင်းဆိုင်ရာအကူအညီများနှင့်လည်း ပံ့ပိုးလျက်ရှိပါသည်။ ထိုသည်တို့ အပြင် ဗြိတိသျှနှင့် ဩစတြေးလျနိုင်ငံတို့မှ တက္ကသိုလ်များက နည်းပညာပိုင်း ဆိုင်ရာအကူအညီများနှင့် သုတေသနတူးဖော်ခြင်းများတွင် ကူညီလျက်ရှိကြပါသည်။ ထိုအကူအညီများအပြင် တစ်မြို့လုံးအတိုင်းအတာဖြင့် ပြုပြင်ကြခြင်း၊ စီမံကိန်း ရေးဆွဲခြင်းများမှာ မိမိတို့ပြည်တွင်းအဖွဲ့အစည်းများနှင့် စေတနာအလျောက် ပြည်တွင်းပညာရှင်များကသာ ပြုလုပ်လျက်ရှိပါသည်။ ထိုပုဂ္ဂိုလ်များတွင် အငြိမ်းစား ယူပြီးသော အသက် (၇၀-၈၀) ကျော်များနှင့် အခြားပညာရှင်အဖွဲ့အစည်းတို့ ပါဝင်ကြသည်။ ယခုအခါ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခြင်းခံရရန် ကြိုးစားလျက် ရှိရာ မြန်မာနိုင်ငံဗိသုကာပညာရှင်များက Master Plan ခေါ် စီမံကိန်းကို ရေးဆွဲကူညီလျက်ရှိပါသည်။

အခြားအခြားသော ကိစ္စရပ်များကဲ့သို့ပင် မိမိတို့တိုင်းပြည်၏ သမိုင်းအမွေ အနှစ်များ ထိန်းသိမ်းခြင်းသည်လည်း မိမိတို့၏ တာဝန်သာဖြစ်သည့်အလျောက် မိမိတို့ကသာ အဓိကလုပ်ဆောင်ကြရပါမည်။ ဥပဒေကို လိုက်နာကြ၊ ဥပဒေအတိုင်း ဆောင်ရွက်ကြလျှင် အခက်အခဲများ ကျော်လွှားနိုင်ပါမည်။

စာပေဗိမာန်အဆောက်အအုံရှိ စာအုပ်ဆိုင်အားတိုးချဲ့၍ စာအုပ်ဆိုင်ကြီးတစ်ဆိုင်ဖြစ်အောင် ပြောင်းလဲမြှင့်တင်ရန်ဆောင်ရွက်နေ

နေပြည်တော် စက်တင်ဘာ ၉

ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆော့လော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး၏ **ဆော့လော်မြို့နယ် လန်ဆယ်ဒေသတွင် ရေဘေးကြောင့် လမ်းမကြီးနှင့် လမ်းမကြီးပေါ်ရှိ တံတားများပျက်စီးမှုနှင့် ရေဘေးသင့် ပြည်သူတို့၏ စားနပ်ရိက္ခာအခက်အခဲအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကချင်ပြည်နယ် ဆော့လော်မြို့နယ် လန်ဆယ်ဒေသ ရေဘေးသင့်အိမ်များ အပါအဝင် အခြားမြို့နယ်များရှိ ရေဘေးသင့် ပျက်စီးအိမ်ထောင်စုများအား ထောက်ပံ့ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆော့လော်မြို့နယ်နှင့် ချီဖွေမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဆန်၊ ဆီ၊ ဆား၊ ဒီဇယ်၊ အသား၊ ငါး၊ ခေါက်ဆွဲခြောက်၊ ရေသန့် အပါအဝင် စားသောက်ကုန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ

ဦးကျော်ဒွေး
လေရှီးမဲဆန္ဒနယ်

ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းဖြစ်သော ဆော့လော်မြို့နယ်ချီဖွေ-ဆော့လော်-မန်ကျီ-ဝဲလ်တန်လမ်းအပိုင်း မြေပြိုကျမှုကို ပြုပြင်လျက်ရှိပါကြောင်း၊ မိုး အဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင်(၃၄/၀-၆၇/၀)အထိ ကားတစ်စီးစာ သွားလာနိုင်ရန် ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း၊ ခေါင်လန်ဖူး-ဆရမ်ဖားရွာ မိုင်(၀/၀-၁၂/၀)အတွင်း၌ ပြိုကျပျက်စီးခဲ့သည့်တံတားများကို ခရီးသွားလာမှု မပြတ်တောက်စေရေးအတွက် ယာယီ ဝါးတံတားအား အစားထိုးတည်ဆောက်ပေးခဲ့ပြီး ပွင့်လင်းရာသီချိန်အရောက်တွင် အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိပြီးဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ (၃၀၀၆ ဒသမ ၂၈၇) သန်းကိုလည်း လျာထားခွင့်ပြုပြီးဖြစ်ပါကြောင်း။

ဘေလီတံတားများ အသစ်ပြင်ရန် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံ၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် ရေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရန် စားနပ်ရိက္ခာ လိုအပ်ချက် အခက်အခဲအား တွက်ချက်တင်ပြလာပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံသို့တင်ပြ၍ ရန်ပုံငွေမှ ကူညီထောက်ပံ့ပေးနိုင်ပါကြောင်း ဖြေကြားသည်။

လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဒွေး၏ **နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်များတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ရိုးရိုးလွှင့်စက် (Analog System) မှ (Digital System)သို့ အဆင့်မြှင့်ပြောင်းလဲ တပ်ဆင်ပေးရန်အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက်ခွဲဝေရရှိသည့် ရန်ပုံငွေပေါ်မူတည်၍ လက်အောက်ခံစက်ရုံများအား Digital လွှင့်စက်များ တိုးချဲ့တပ်ဆင်လျက်ရှိပါကြောင်း၊ နာဂကိုယ်

ဦးမြင့်လွင်
တွံတေးမဲဆန္ဒနယ်

ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ Analogue လွှင့်စက်များတပ်ဆင်၍ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ အဆိုပါစက်ရုံ(၃)ရုံအနက် နန်းယွန်းစက်ရုံတွင် ၂၀၁၆ ခုနှစ်မှစတင်၍ DVB-T2 လွှင့်စက် 50 W တပ်ဆင်ပေးခဲ့ပြီး ဒီဂျစ်တယ်ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ လေရှီးနှင့် လဟယ်ထပ်ဆင့်လွှင့်စက်ရုံများတွင် DVB-T2 လွှင့်စက်များကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားပြီး ဘတ်ဂျက်ခွင့်ပြုမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော်၏ **ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသော ဦးစီးဌာနနှင့်ဌာနများတွင် ရုံးလုပ်ထုံး လုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် လိုအပ်သော အချက်အလက်များကို အများပြည်သူမြင်သာသော နေရာများတွင် ချိတ်ဆွဲပြသထားခြင်းနှင့် Website, Social Media အစရှိသော အင်တာနက်၊ လူမှုကွန်ရက်များတွင် ဖြန့်ချိပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဝန်ကြီးဌာနများသည် နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသောမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရသည့် ဌာနများတွင် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့စေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရသော လုပ်ငန်းများအပေါ်မူတည်၍ သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာပေးလျက်ရှိပါကြောင်း။

ရုံးဌာနအသီးသီးတွင်လည်း လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်များကို ဗီနိုင်းများချိတ်ဆွဲ၍လည်းကောင်း၊ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခြင်းဖြင့်လည်းကောင်း အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များ၊ မိုးလေဝသသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုသတင်းများကို ပြည်သူများ အလွယ်တကူ မေးမြန်းသိရှိနိုင်စေရန် ပြန်ကြားရေးဝန်ကြီးဌာန Call Center Hot Line (1883) ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သော စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်လည် မြင့်တက်လာရေးအတွက် ရေတိုရေရှည်အစီအစဉ်များ ရှိ၊ မရှိနှင့် မြန်မာစာပေ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက် ဝင်ရောက်နိုင်ရေးအတွက် ဘာသာပြန်လုပ်ငန်းနှင့် ပတ်သက်၍ စာပေလောကသားများအား အစိုးရက ထိထိရောက်ရောက် ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေမြှင့်တင်ရေးနှင့် စာအုပ် လုပ်ငန်း တိုးတက်ရေး အထောက်အကူပြုနိုင်စေရန်အတွက် စာပေဆွေးနွေးပွဲနှင့် စာအုပ်ရောင်းပွဲတော်ကို ဇူလိုင်လ နောက်ဆုံးပတ်တွင် မြန်မာ့နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဆိုင် ၁၀၀ ကျော် ခင်းကျင်းရောင်းချသည့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော် တစ်ရပ်ကျင်းပခဲ့ပါကြောင်း၊ အလားတူစာတမ်းဖတ်ပွဲ

စာမျက်နှာ ၈ ကော်လံ ၁ သို့

အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် ပြည်တွင်းပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် အလုပ်အကိုင်မူဝါဒ ချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်း အဝေးခန်းမ၌ကျင်းပရာ မေးခွန်းလေးခု မေးမြန်းဖြေကြားကြပြီး ပြင်ဆင်ချက်ဖြင့် ပေးပို့လာသည့် ဥပဒေကြမ်းတစ်ခုကို ဆွေးနွေးကြသည်။

ဦးသိန်းဆွေ
ပြည်ထောင်စုဝန်ကြီး

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) မှ ဦးမောင်ကျော်ဇံ၏ **အသစ်ဖွဲ့စည်းထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှစ်ခုတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော ဒေသခံတိုင်းရင်းသားများကိုသာ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဦးစီးမှူးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်းပုံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးဌာနရုံးများသာပါဝင်ပြီး ခရိုင်နှင့် မြို့နယ်ဆင့် ဦးစီးဌာနရုံးများဖွဲ့စည်းရန် မရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဦးစီးဌာနရုံးများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဦးစီးရုံးများဖွင့်လှစ်ပြီး ဦးစီးမှူးအပါအဝင် ဝန်ထမ်းများခန့်ထားဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံတိုင်းရင်းသားလူမျိုးများမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသောသူများကို ဦးစားပေးတာဝန်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကိုကိုနိုင်က **မိမိတို့မွေးဖွားရာ နေရာဒေသများမှ ဆယ်စုနှစ်များစွာ စွန့်ခွာ၍ အလုပ်အကိုင်အခွင့်အလမ်းပေါများရာ စီးပွားရေးလုပ်ကိုင်အဆင်ပြေနိုင်သည့် နေရာဒေသများသို့ သွားရောက်ပြောင်းရွှေ့ လုပ်ကိုင်ခဲ့ကြပြီး ယနေ့ထိတိုင် အကြောင်းအမျိုးမျိုးကြောင့် မှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ထားခြင်း**

ဦးကျင့်ခန့်ပေါင်
ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)

မရှိသေးသည့် ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသော မြန်မာနိုင်ငံသားများကို နိုင်ငံတော်အစိုးရက နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိစေရန် မည်သို့ဆောင်ရွက်ပေးသွားမည်ကို သိလိုခြင်းမေးခွန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၆) မှ ဦးကျင့်ခန့်ပေါင်က **နိုင်ငံတော်အစိုးရ၏ ဒုတိယငါးနှစ်သက်တမ်းကာလအတွင်း အလုပ်လက်မဲ့ ရာခိုင်နှုန်းလျှော့ချရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း ရှိ/မရှိ မေးခွန်း၊** ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၈)မှ **ဦးမာန်လောမောင်းက မင်းတပ်မြို့အရှေ့ပြင်ရပ်ကွက်နေ ဦးမနားထန်း၏သား မောင်ထန်းကီးသည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ (GIGA Engineering & Construction SDN BHD Co., Ltd) တွင် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် သေဆုံးသဖြင့် အဆိုပါကုမ္ပဏီမှ နစ်နာကြေးငွေ ရင်းဂစ် ၂၅၀၀ ထုတ်ယူရရှိရေးအတွက် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံသံရုံးတို့ ချိတ်ဆက်၍ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ မေးခွန်း**တို့ကို တစ်ဆက်တစ်စပ်တည်းမေးမြန်းကြရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အကြောင်းအမျိုးမျိုးကြောင့် အခြားဒေသသို့ရောက်ရှိပြီး မှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသား စိစစ်ရေးကတ်ပြားမရှိသူများ၏ အခက်အခဲများ ပြေလည်စေရေးအတွက် ရက် ၁၀၀ စီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စီမံချက်ဆောင်ရွက်ရာတွင် ပုံမှန်အားဖြင့် မူလဒေသ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ ပုံစံ (၁၀) လိပ်စာပြောင်း ပုံစံပါရှိရမည် ဖြစ်သော်လည်း ယင်းအချက်ကို ဖြေလျှော့၍ မူလဒေသတွင် အိမ်ထောင်စုစာရင်းဖြင့် နေထိုင်ခဲ့ကြောင်း (သို့မဟုတ်) မွေးဖွားနေထိုင်ခဲ့ကြောင်း ရုံး/ဌာနဆိုင်ရာနှင့် ဒေသအာဏာပိုင်အချင်းချင်း ချိတ်ဆက်စိစစ်ပြီး မှန်ကန်ပါက အိမ်ထောင်စုလူဦးရေစာရင်းနှင့် ရသင့်သည့် ကတ်ပြားတစ်မျိုးမျိုးထုတ်ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်ကြောင်း မှန်ကန်ပါက ကာယကံရှင်ကိုယ်တိုင် သွားရောက်ရန်မလိုအပ်တော့ဘဲ သက်ဆိုင်ရာ မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်၍ မူလဒေသ အိမ်ထောင်စုလူဦးရေစာရင်းကိုပယ်ဖျက်ကာ လက်ရှိဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးပြီး ရသင့်သည့် ကတ်ပြားထုတ်ပေးလျက်ရှိပါကြောင်း၊ မူလဒေသတွင်အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ အခြားဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းမရှိပါက သက်ဆိုင်ရာမြို့နယ်ရုံးအချင်းချင်းချိတ်ဆက်၍ မူလမွေးဖွားနေထိုင်ခဲ့သည့်ဒေသမှ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ယင်းဒေသမှ ရပ်မိရပ်ဖလူကြီးများ၏ ထောက်ခံချက်များ ပြန်လည်တင်ပြပါက လက်ရှိဒေသတွင် အိမ်ထောင်စု လူဦးရေ စာရင်းထုတ်ပေးပြီးရသင့်သည့် ကတ်ပြားထုတ်ပေးလျက်ရှိပါကြောင်း။

အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် အလုပ်အကိုင်ဆိုင်ရာမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ- ထိုင်းနှစ်နိုင်ငံ အလုပ်သမားခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သည့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်း နားလည်မှုစာချွန်လွှာကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ မြန်မာအလုပ်သမားများ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် လုံခြုံစိတ်ချပြီး ဥပဒေအရ အကာအကွယ်နှင့် အကျိုးခံစားခွင့်များ အပြည့်အဝရရှိ စေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် အလုပ်သမားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ ယူအေအီးနှင့် ကိုရီးယားသမ္မတနိုင်ငံများသို့ အလုပ်သမားများစေလွှတ်လျက်ရှိပြီး အလုပ်သမားခေါ်စာများကို သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၏ စိစစ်မှုဖြင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး (၇၈) ရုံးဖွင့်လှစ်ပြီး အလုပ်သမားခေါ်ယူလိုသည့် အလုပ်ရှင်များနှင့် အလုပ်အကိုင်ရှာဖွေနေသည့် အလုပ်သမားများကို ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၈၈ ခုနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၂၆၀ ခုတို့ကို အကျိုးဆောင်လိုင်စင်များ ခွင့်ပြုပေးထားပြီး ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၄ သို့

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

ဘီလူးကျွန်း၊ မော်လမြိုင်နှင့် သံလွင်တံတား(ချောင်းဆုံ)တို့ ပေါင်းဆုံသောအခါ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မောင်ချစ်ကြည်

ဘီလူးကျွန်းနှင့် မော်လမြိုင်မြို့ကိုဆက်သွယ်မည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်နေမှုကို တွေ့ရစဉ်

သံလွင်မြစ်က ရေစီးသန်သည်။ ရေတက် ရေကျလည်း ရှိသည်။ မြစ်ပြင်က ကျယ်မည်ဖြစ်ရာ ဖြတ်သန်းသွားလာမှုခက်ခဲသည်။ သံလွင်မြစ်ကြောင့် မွန်ပြည်နယ်တွင် ဘီလူးကျွန်းက သီးခြားကမ္ဘာလိုဖြစ်နေသည်မှာ အချိန်ကာလကြာခဲ့ပြီ။ ယခုအခါ ဘီလူးကျွန်းနှင့် မော်လမြိုင်မြို့ကို ဆက်သွယ်မည့်သံလွင်တံတား (ချောင်းဆုံ)ကို တည်ဆောက်နေပြီဖြစ်သည်။ တံတားဦးစီးဌာန အစီအစဉ်ဖြင့် စက်တင်ဘာ ၈ ရက်က သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးသို့ရောက်ရှိခဲ့ရာ ကျွန်တော်တို့ ရောက်ချိန်မှာ ညနေစောင်းပြီး အလင်းရောင်နည်းနေသော်လည်း သံလွင်မြစ်ကို ကျော်ဖြတ်မည့်တံတားပြီးစီးရန် အင်ဂျင်နီယာများနှင့် အလုပ်သမားများ လုပ်ငန်းခွင်ဝင်နေဆဲ၊ တံတားတိုင်ထိပ်များနှင့် တံတားသံပေါင်များပေါ်တွင် ဝန်ထမ်းများကို လှုပ်လှုပ်ရှားရှားဖြင့် မြင်တွေ့နေရဆဲ။

မော်လမြိုင်မြို့ဘက် ချဉ်းကပ်လမ်းပေါ်မှ တံတားထိပ်သံပေါင်များတပ်ဆင်ထားရာအနီးအထိ သွားကာ သံလွင်တံတား (ချောင်းဆုံ)တည်ဆောက်နေမှုများကို လေ့လာမိသည်။ ရေစီးသန်ပြီး မြစ်ပြင်ကျယ်သော မြစ်ကူးတံတားကြီးများကို မြန်မာအင်ဂျင်နီယာများ ကျွမ်းကျင်စွာ တည်ဆောက်နိုင်နေကြပြီကို မြင်တွေ့ရသည်မှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်။ သံလွင်မြစ်တစ်စင်းပေါ်မှာပင် ၁၁၅၇၅ ပေရှည်သော သံလွင်တံတား (မော်လမြိုင်)၊ သံလွင်တံတား(ဘားအံ)၊ သံလွင်တံတား (တာကော်အက်)နှင့် သံလွင်တံတား(တာဆန်း)တို့ အပါအဝင် တံတားခုနစ်စင်းတို့ကို မြန်မာအင်ဂျင်နီယာများ တည်ဆောက်နိုင်ခဲ့ကြပြီ။ ယခု စုစုပေါင်းအရှည် ၅၂၀၃ ပေ ရှည်သော သံလွင်တံတား (ချောင်းဆုံ) ကိုလည်း မြန်မာအင်ဂျင်နီယာများကပင် တာဝန်ယူတည်ဆောက်နေကြခြင်းဖြစ်သည်။

သံလွင်မြစ်တစ်စင်းပေါ်မှာပင် ၁၁၅၇၅ ပေ ရှည်သော သံလွင်တံတား(မော်လမြိုင်)၊ သံလွင်တံတား(ဘားအံ)၊ သံလွင်တံတား(တာကော်အက်)နှင့် သံလွင်တံတား(တာဆန်း) တို့ အပါအဝင် တံတားခုနစ်စင်းတို့ကို မြန်မာအင်ဂျင်နီယာများ တည်ဆောက်နိုင်ခဲ့ကြပြီ။ ယခု စုစုပေါင်းအရှည် ၅၂၀၃ ပေ ရှည်သော သံလွင်တံတား(ချောင်းဆုံ)ကိုလည်း မြန်မာအင်ဂျင်နီယာများကပင် တာဝန်ယူတည်ဆောက်နေခြင်းဖြစ်

ဘီလူးကျွန်းက သီးခြားရပ်တည်ခဲ့ရ

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ်လ ၃၁ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း ပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၄၉၃ စင်း တည်ဆောက်ပေးနိုင်ခဲ့ရာ လမ်းပန်းဆက်သွယ်ရေး ကွန်ရက်သဖွယ် ဆောင်ရွက်နိုင်ခဲ့သည်။ မွန်ပြည်နယ်တွင် မြို့နယ်ပေါင်း ၁၀ ခု ရှိသည့်အနက် ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း)တစ်ခုသာ ကားလမ်းမပေါက်၊ ရေကြောင်းခရီးတစ်ခုတည်းဖြင့်သာ ဆက်သွယ်သွားလာခဲ့ရသည်။ သံလွင်မြစ်က အဟုန်ပြင်းပြင်း စီးဆင်းကာ ဘီလူးကျွန်းနှင့် မော်လမြိုင်အပြင် အခြားမြို့နယ်များသို့ ကားလမ်းဖြင့် တစ်ဆက်တစ်စပ်တည်းသွားလာ၍ မရအောင် ဟန့်တားပိုင်းခြားထားခဲ့သည်။ ၂၅၄ စတုရန်းမိုင် ကျယ်ဝန်းပြီး ကျေးရွာပေါင်း ၇၈ ရွာရှိကာ လူဦးရေ ၁၆၀၀၀၀ ခန့် နေထိုင်သော ဘီလူးကျွန်းက သီးခြားရပ်တည်ခဲ့ရသည်။ ဘီလူးကျွန်းက တိုးတက်မှုနှေးကွေးနောက်ကျခဲ့သလို ဘီလူးကျွန်းနေပြည်သူများ အပျော်တွေ ဆိတ်သုဉ်းခဲ့ရသည်။

"၂၀၁၃ ခုနှစ်မှာ အကြို အင်ဂျင်နီယာလုပ်ငန်းတွေ စလုပ်ခဲ့တယ်။ တံတားစီမံကိန်းဖြစ်မြောက်နိုင်စွမ်းတွေ လေ့လာခဲ့ပြီး လျာထားတံတားအူကြောင်း ငါးခုအနက်မှ အခုတည်ဆောက်နေတဲ့ မော်လမြိုင်မြို့ မုပ္ပွန်ဘက်ကမ်းနဲ့ ဘီလူးကျွန်း ကညော်ရွာဘက်ကမ်းနေရာကို အပြီးသတ်ရွေးချယ်ကာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှာ ပန္နက်တင်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းတွေစတင်ခဲ့တာဟာ အခုဆိုရင် တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံးရဲ့ ၆၃ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်" ဟု သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးမှ တံတားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းမြင့်မွန်က ပြောသည်။

အကျိုးသက်ရောက်မှုအများဆုံးဖြစ်

သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရာတွင် တံတားအူကြောင်း အတည်ပြုရွေးချယ်ရေးအတွက် မြစ်ကမ်းပါးနှစ်ဖက် တည်ငြိမ်ခြင်း၊ အနီးဝန်းကျင်ရှိ လူနေအိမ်ရာများ လုံးဝဖျက်သိမ်းစရာမလိုသဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ခြင်း၊ မူလရှိပြီးသား လမ်းကွန်ရက်နှင့် အတိုဆုံး၊ အထိရောက်ဆုံး ချိတ်ဆက်နိုင်ခြင်းတို့ကို အဓိကထားရွေးချယ်ခဲ့ရာ လက်တွေ့ တံတားတည်ဆောက်ရာတွင်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်ခဲ့သည်။ အကျိုးသက်ရောက်မှုအများဆုံးဖြစ်ခဲ့သည်မှာ ကိုယ်တွေ့ပင်ဖြစ်သည်။

စာမျက်နှာ ၉ သို့

ပြည်သူ့လွှတ်တော်မှ

နှင့် စာအုပ်စျေးပွဲတော်ကို အောက်တိုဘာ နှောင်းပိုင်းတွင် ကျင်းပရန်ရှိပါကြောင်း၊ ဒုတိယပွဲတွင် စာတမ်းဖတ်၍ ဆွေးနွေးမည့်ခေါင်းစဉ်မှာ ဘာသာပြန်စာပေ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း။

စာပေဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ အခြားစာပေ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းစီစဉ်လျက်ရှိသည့် တတိယစာပေပွဲမှာ တိုင်းရင်းသားလူမျိုးစုစာပေများ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနှင့် စာအုပ်စျေးပွဲတော်ကျင်းပမည်ဖြစ်ပါကြောင်း၊ စာအုပ်ထုတ်ဝေ ဖြန့်ချိသူများကို အထောက်အကူပြုနိုင်ရန် စာပေဗိမာန် အဆောက်အအုံအောက်ထပ်ရှိ စာအုပ်ဆိုင်အား အခန်းများတိုးချဲ့၍ စာအုပ်စာတမ်းများ စုံလင်စွာ ခင်းကျင်းပြသနိုင်မည့် စာအုပ်ဆိုင်ကြီး တစ်ဆိုင်ဖြစ်အောင် ပြောင်းလဲမြှင့်တင်ရန် ဆောင်ရွက်နေပါကြောင်း၊ ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာများတွင် စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းပေးထားသည့် အသစ်ထွက်ရှိသော စာအုပ်များစာရင်းနှင့် စာအုပ်စင်ကဏ္ဍကို ဖော်ပြပေးနေပါကြောင်း၊ အစိုးရပိုင်ပို့ဆောင်ရေးလုပ်ငန်းများမှ အဖိုးနှုန်းချိုသာစွာ သယ်ယူပို့ဆောင်ပေးရေး၊ စာအုပ်စာတမ်းများနှင့် ပတ်သက်၍ ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ပြုရေးတို့အတွက် စာအုပ်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

တွံတေးမြို့ ရွှေလှေချောင်ကျေးရွာတွင် မြေများနိမ့်ဆင်း

တွံတေး စက်တင်ဘာ ၉

တိုးမြစ်၊ မအူပင်မြစ်နှင့် တွံတေးတူးမြောင်း၏ ရေစွယ်ထိုးမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွှေလှေချောင်(တွံ) ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာနှင့် သဲကုန်းကျေးရွာတွင် မြေပြိုမှု ခေတ္တရပ်နေသော်လည်း တွံတေးတူးမြောင်းတွင်းရှိ သဲကုန်းကျေးရွာနှင့် ရွှေလှေချောင်ကျေးရွာအစပ်ရှိ ရွှေလှေချောင်ဘက်အခြမ်းတွင် အလျားပေ ၃၀၊ အနံ ၁၀ ပေခန့်ရှိ မြေမှာ နှစ်ပေခန့်နိမ့်ဆင်းပြီး အက်ကြောင်းများဖြစ်ပေါ်လာကြောင်း ယင်းကျေးရွာဒေသခံတစ်ဦးက ပြောပြသည်။ ယင်း ရွှေလှေချောင်နှင့် သဲကုန်းကျေးရွာများသည် ရေလုပ်ငန်းနှင့် ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

အမျိုးသားလွှတ်တော်မှ

ပြည်တွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)များသို့ ဝင်ရောက်လုပ်ကိုင် နိုင်ရေးအတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကို နိုင်ငံအဆင့် အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်လက်မဲ့ရာခိုင်နှုန်း လျှော့ချရေးအတွက် အလုပ်အကိုင်ဆိုင်ရာ မူဝါဒများချမှတ်၍လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒများဆိုင်ရာ ဆောင်ရွက်ချက်များအရ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်၍လည်းကောင်း၊ ပြည်ပနိုင်ငံများနှင့် အလုပ်သမားရေးရာ သဘောတူစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းပြပွဲများကို ကျင်းပပြုလုပ်၍လည်းကောင်း၊ ပြည်တွင်း အလုပ်သမားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မလေးရှားနိုင်ငံတွင် သေဆုံးသူ မောင်ထန်းကီး၏ အာမခံလျော်ကြေးငွေရရှိရန် ဆက်ခံခွင့်ရှိသူ ဖခင် ဦးမနားထန်းသည် သတ်မှတ်ထားသော ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ခဲ့ပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဘဏ်စာရင်းအမှတ်ပေးပို့ထားခြင်းကို မလေးရှားနိုင်ငံရှိ မြန်မာသံရုံးမှတစ်ဆင့် အလုပ်သမားဌာနသို့ ပေးပို့ထားပါကြောင်း၊ ပြည်ပနိုင်ငံများရှိ မြန်မာအလုပ်သမားရေးရာ ကိစ္စရပ်များ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် အလုပ်သမားသံအရာရှိတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အလုပ်သမား သံအရာရှိ မထားရှိသည့် နိုင်ငံများဖြစ်ပါက မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ ထုတ်ယူရရှိရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပေးပို့ထားသော ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် လေးဦးတို့က ပြင်ဆင်ချက်များကို ဆွေးနွေးကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတွင် ပြန်လည်ကြားနာဆောင်ရွက်ရန်ဆုံးဖြတ်ကြောင်း ကြေညာခဲ့သည်။

(သတင်းစဉ်)

စာမျက်နှာ ၈ မှ

ကြိုတင်စိုးရိမ်ပူပန်နေခဲ့ရ သော ဒေသခံတို့ စိတ်အေးနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီး ဌာန လမ်းတံတားဦးစီးဌာနက စနစ်တကျဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်သည်။

မော်လမြိုင်ဘက် ချဉ်းကပ်လမ်းပေါ်မှ ကညော်ရွာဘက် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို လှမ်းပြီးကြည့်ရသည်မှာ နီးကပ်သည်ဟု မြင်ရသော်လည်း သံလွင်တံတား(ချောင်းဆုံ) အရှည်မှာ ၅၂၀၃ ဒသမ ၄ ပေရှိသည်။ ချဉ်းကပ်လမ်းမှာ မော်လမြိုင်ဘက်ကမ်းတွင် ၇၅၇ ပေနှင့် ချောင်းဆုံ(ဘီလူးကျွန်း) ဘက်ကမ်းတွင် ချဉ်းကပ်လမ်းမှာ ၁၆၉၇၄ ပေရှိသဖြင့် စုစုပေါင်း ချဉ်းကပ်လမ်းအရှည်မှာ ၁၇၇၃၁ ပေရှိကြောင်း သိရသည်။ တံတားခန်းဖွင့် ဖွဲ့စည်းပုံမှာ မော်လမြိုင်ဘက်ကမ်းတွင် Steel Plate Girder (၃၀) မီတာ တစ်ခန်း၊ Steel Box Girder (၆၀) မီတာ သုံးခန်း၊ Main Steel Truss လေးခန်းတို့ ပါဝင်သည်။ ချောင်းဆုံဘက်ကမ်းတွင် Stell Box Girder (၆၀) မီတာ ၁၄ ခန်းဖြစ်ရာ သံလွင်တံတား(ချောင်းဆုံ)၏ ပင်မ တံတားအရှည်မှာ ၅၃၆ မီတာရှိသည်။ တံတားတိုင်များပေါ် သံပေါင်များတပ်ဆင်နေသည်ကို ဘီလူးကျွန်းနှင့် မော်လမြိုင်မြို့သို့ စက်လှေများဖြင့် ဖြတ်ကူးနေကြသူများက အပျော်အပြုံးများဝေကာ ငေးကြည့်နေကြသည်ကိုလည်း တွေ့မြင်ရသည်။ ပျော်ကြပေမည်။ သူတို့ဘဝများ၏ အနာဂတ်က ဝေဖြာနေပြီ မဟုတ်ပါလား။

"ဒီတံတားက အကျယ် ၈ ဒသမ ၅ မီတာရှိပြီး မော်တော်ကားနှစ်စီး သွားလာလို့ရတဲ့ နှစ်လမ်းသွားဖြစ်ပါတယ်။ တံတားရဲ့ တစ်ဖက်တစ်ချက်မှာ တစ်မီတာအကျယ်ရှိတဲ့ လူသွားလမ်းပါရှိသလို ရေလမ်းကင်းလွတ် အကျယ်ကလည်း မီတာ ၁၃၀ ရှိပါတယ်။ ရေလမ်းကင်းလွတ် အမြင့်ဆုံးရေအမှတ်မှာ ၁၄ မီတာရှိလို့ ရေယာဉ်တွေ ကောင်းကောင်း ကင်းလွတ်ပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးသိန်းမြင့်မွန်က ပြောသည်။

သဘာဝဘေးအန္တရာယ်များကို ကာကွယ်

သံလွင်တံတား(ချောင်းဆုံ)၏ ပင်မတံတားအုတ်မြစ်နှင့် အောက်ထည်မှာ ဘိုးပိုင်နှင့် အာစီကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်နှင့် အာစီကွန်ကရစ်ဖြစ်သည်။ ချဉ်းကပ်တံတားမှာ တံတားအုတ်မြစ်နှင့် အောက်ထည်က ဘိုးပိုင်နှင့် အာစီကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ Steel Box Girder နှင့် R.C ကွန်ကရစ်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် တံတားအောက်ထည်ပိုင်းမှာ သံကူကွန်ကရစ်ဘိုးပိုင်ဖြစ်ပြီး တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ ၂၀၁၆ စက်တင်ဘာ ၈ ရက်အထိ တံတား၏ ကမ်းကပ်ခုံအပါအဝင် တံတားတိုင် ၂၃ တိုင်လုံး ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်သည်။ တောင့်တင်းခိုင်မာပြီး သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် မူလကပင် ပညာရှင်များဖြင့် တွက်ချက်ကာ တည်ဆောက်ထားခြင်း ဖြစ်သည်။ သံပေါင်များကိုလည်း ဒီဇိုင်းထုတ်စဉ်ကပင် သဘာဝဘေးအန္တရာယ်များကို ထည့်သွင်းတွက်ချက်ကာ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ထို့အပြင် မွန်ပြည်နယ်သည် မြန်မာနိုင်ငံ၌ ငလျင်ဒဏ်အနည်းပါးဆုံးအဖြစ် ပညာရှင်များက လေ့လာသုံးသပ်ထားသည်ဟု သိရသည်။

သံလွင်တံတား(ချောင်းဆုံ)ကို တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၄)နှင့် တံတားတည်ဆောက်ရေးအဖွဲ့(၁)တို့က ပူးပေါင်းတည်ဆောက်နေခြင်းဖြစ်ပြီး သတ်မှတ်ကာလအတွင်း မြန်မြန်ပြီးစီးရန် ကြိုးစားလျက်ရှိသည်။ ထိုသို့ မြန်မြန်ပြီးစီးနိုင်ရေးအတွက် တံတားတည်ဆောက်ရေးအဖွဲ့နှစ်ဖွဲ့ကို ပူးတွဲဆောင်ရွက်စေခြင်းဖြစ်သည်။ တံတားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူ တာဝန်ယူသောတည်ဆောက်ရေးအဖွဲ့(၁)မှာ ဘီလူးကျွန်းဘက်ခြမ်းတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများ တာဝန်ယူပြီး ညွှန်ကြားရေးမှူး ဦးသိန်းမြင့်မွန် တာဝန်ယူသော တည်ဆောက်ရေးအဖွဲ့(၄)မှာ မော်လမြိုင်ဘက်ခြမ်းတွင် တာဝန်ယူတည်ဆောက်နေခြင်း ဖြစ်သည်။

"တံတားတည်ဆောက်တဲ့အခါ ဘီလူးကျွန်းဘက်မှာ မြေနုကျွန်းဖြစ်ပေါ်နေတယ်။ သံလွင်မြစ်က တစ်နေ့ နှစ်ကြိမ် ရေတက် ရေကျရှိတာမို့ တံတားတည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ကိုင်တဲ့အခါ အခက်အခဲရှိပါတယ်။ ဒါပေမယ့် အဲဒီအခက်အခဲတွေကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု တည်ဆောက်ရေးအဖွဲ့(၁) ညွှန်ကြားရေးမှူး ဦးကျော်သူက ပြောသည်။ သံလွင်တံတား(ချောင်းဆုံ)ကို တည်ဆောက်ပေးနေသည့် ညွှန်ကြားရေးမှူး ဦးသိန်းမြင့်မွန်မှာ မွန်တိုင်းရင်းသားဖြစ်သလို ဦးကျော်သူကလည်း မော်လမြိုင်ဇာတိဖြစ်ရာ တိုက်တိုက်ဆိုင်ဆိုင်ပင်ဖြစ်နေသည်မှာ ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်

တံတား၏ ဒီဇိုင်းမှာ သံပေါင်ခုံး နှစ်ခုံးပါသော ဒီဇိုင်းဖြစ်ပြီး သံပေါင်များကို ဂျပန်နည်းပညာဖြင့် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ J & M Steel Solutions ကုမ္ပဏီလီမိတက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ ထုတ်လုပ်ထားသော သံမဏိသံပေါင်များကို ယခုသံလွင်တံတား(ချောင်းဆုံ)၌ အသုံးပြုထားခြင်း ဖြစ်သည်။ မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်က ၆၀ ရာခိုင်နှုန်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည့် J & M စက်ရုံသည် ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာပတ်လမ်းရှိ မြေ ၁၆ ဧက အကျယ်ပေါ်တွင် တည်ဆောက်ထားသော စက်ရုံဖြစ်ရာ ၂၀၁၆ ခုနှစ် မေလက စတင်ဖွင့်လှစ်ကာ လုပ်ငန်းများချဲ့ထွင်လာခြင်းဖြစ်သည်။

နိုင်ငံတကာအဆင့်မီ သံမဏိ၊ သံပေါင်များကို ပေ ၉၀၊ ပေ ၁၀၀၊ ပေ ၁၁၀၊ ပေ ၁၂၀ စသည်ဖြင့် အမျိုးဆိုက်စုံ ထုတ်လုပ်ပေးလျက်ရှိသည်။ ယင်းပြည်တွင်းဖြစ် သံပေါင်များဖြင့်ပင် ဆောက် လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသော ထီးချိုင့်တံတား၊ ကုက္ကိုဝတံတား၊ ကလေးဝတံတားနှင့် သံလွင်တံတား (ချောင်းဆုံ)တို့တွင် အသုံးပြုနေပြီဖြစ်ရာ ခိုင်ခံ့သည့်အပြင် အရည်အသွေးမြင့်မားပြီး နိုင်ငံခြားငွေသုံးစွဲမှု သက်သာလျက်ရှိနေပြီဖြစ်သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသော မြစ်ကူးတံတားကြီးများအပြင် အခြားဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တာဝန်ယူတည်ဆောက်သော တံတားကြီးများအတွက်လည်း သံမဏိ၊ သံပေါင်ရက်မများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

"သံလွင်တံတား(ချောင်းဆုံ)မှာ သံမဏိသံပေါင်တွေကို တပ်ဆင်တဲ့နည်းကတော့ မော်လမြိုင်မြို့ မုပွန်ဘက်မှာတော့ တိုက်ရိုက်တပ်ဆင်နည်းနဲ့ ဆောင်ရွက်ခဲ့ပြီး ဘီလူးကျွန်း ကညော်ရွာဘက်အခြမ်းမှာတော့ လွန်းထိုးတင်နည်းစနစ်နဲ့ တပ်ဆင်တာဖြစ်ပါတယ်။ မြစ်လယ်မှာရှိတဲ့ တံတားအခန်းလေးခန်းကိုတော့ ကွန်တီလီဗာအစွန်းထွက်တပ်ဆင်နည်းစနစ်နဲ့ တပ်ဆင်နေပါတယ်"ဟု ညွှန်ကြားရေးမှူးဦးသိန်းမြင့်မွန်က ပြောသည်။ တံတားတွင်တပ်ဆင်မည့်သံမဏိသံပေါင်ခုံးမှာ ၉၁ ပေမြင့်ပြီး ဟိုက်ဒရောလစ်ပါဝါဖြင့် လွန်းထိုးတပ်ဆင်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ပထမဆုံး အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ငန်းပမာဏကြီးမားသော မြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းများမှာ လက်တွေ့အကောင်အထည်ဖော် တည်ဆောက်ရာတွင် မလွယ်ကူချေ။ မမျှော်လင့်သောအခက်အခဲများလည်း ကြုံတွေ့ရသည်ဖြစ်ရာ မြန်မာအင်ဂျင်နီယာများက အတွေ့အကြုံနှင့်နည်းပညာများ ပေါင်းစပ်ကာ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည်။ ယခုသံလွင်တံတား(ချောင်းဆုံ)တွင်လည်း သံလွင်မြစ်၏ရေအကျဆုံး အချိန်မှာပင် ရေအနက်ဆုံး ၆၅ ပေခန့်ရှိသဖြင့် မြစ်ကြမ်းပြင်ကို ဘိုးပိုင်လုပ်ငန်းဆောင်ရွက်ရာ၌ ခက်ခဲမှုကြုံတွေ့ခဲ့ရသည်။ ကျောက်လွှာပေါက်ရသည့်အချိန်တွင် ခက်ခဲခဲ့သလို သံလွင်မြစ်၏ ဘီလူးကျွန်းဘက်အခြမ်းတွင် မြေနုကျွန်းဖြစ်ပေါ်နေသဖြင့် ရေတက်ရေကျရှိနေရာ ယန္တရားများ တက်၍မရ ဖြစ်ခဲ့သည်။ အင်ဂျင်နီယာများက တံတားအရှည် တစ်ခုပြုလုပ်ကာ ယန္တရားများ တက်ရောက်နိုင်ရန် ဆောင်ရွက်ခဲ့သဖြင့် အခက်အခဲကို ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးလုပ်ငန်းကြောင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေပြီး မော်လမြိုင်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများလည်း တံတားတည်ဆောက်ရေးဆိုင်ရာ နည်းပညာများကို လက်တွေ့လေ့လာခွင့်ရရှိနေကြသည်မှာလည်း လူငယ်များအတွက် အခွင့်အရေးတစ်ရပ်ရရှိခြင်းပင်ဖြစ်သည်။ အင်ဂျင်နီယာနည်းပညာများသည် စာတွေ့အပြင် လက်တွေ့လည်း များများလိုအပ်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများမှာ မြေပြင်လက်တွေ့လုပ်ငန်းခွင်များက အတွေ့အကြုံကောင်း၊ ဖြေရှင်းနည်းကောင်းများ ရရှိစေသည်မှာ အမှန်ပင်။

ဘီလူးကျွန်း ကညော်ရွာဘက်မှ မော်လမြိုင် မုပွန်ဘက်ကမ်းသို့ စက်လှေဖြင့် သံလွင်မြစ်ကိုဖြတ်ပြီး ဈေးလာရောင်းသော ဒေါ်သိန်းကြည်က "ကျွန်မအသက် ၅၀ ရှိပြီ၊ ဘီလူးကျွန်းနဲ့ ဆက်ပေးမယ့်တံတားကို တည်ဆောက်ဖြစ်မယ်လို့ အရင်က မမျှော်လင့်ခဲ့ပါဘူး။ အခုတော့ ကျွန်မတို့မျက်စိအောက်မှာပဲ တံတားကြီးက တဖြည်းဖြည်းနဲ့ ထွက်ပေါ်လာနေတာတွေ့ရတော့ နေ့တိုင်းပီတိဖြစ်နေရတာပါ။ တံတားပြီးသွားရင်တော့ ဈေးမရောင်းတော့ဘဲ ဒီထက်ကောင်းတဲ့ အလုပ်အကိုင် တစ်ခုခုတော့ပြောင်းမယ်လို့ စိတ်ကူးထားတယ်" ဟု ပြောပြသည်။ ဒေါ်သိန်းကြည်ကဲ့သို့ပင် ဘီလူးကျွန်းနေပြည်သူများ အနာဂတ်အတွေးကိုယ်စီဖြင့် ပုံဖော်နေကြတော့မည်။ ခက်ခဲအထီးကျန်ခဲ့ရသော နေ့ရက်များကို အတိတ်မှာ ထားရစ်နိုင်ခဲ့တော့မည်။

မြန်မာဆောက်လုပ်ရေးအင်ဂျင်နီယာများ၏ စွမ်းအားကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းစသည့် မြစ်ကြီးများပေါ်တွင် တံတားကြီးများ တစ်စင်းပြီးတစ်စင်းပေါ်ထွက်လာခဲ့ပြီ၊ ဆက်လက်၍လည်း ပေါ်ထွက်လာဦးမည်။ မြစ်၊ ချောင်းများကြောင့် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျခဲ့သည့်နယ်မြေဒေသအသီးသီးမှာ တံတားကြီးများတည်ဆောက်ပေးနိုင်မှုကြောင့် တစ်ဆက်တည်း၊ တစ်သားတည်းဖြစ်ကာ ဖွံ့ဖြိုးတိုးတက်အောင် အတူတကွ ပုံဖော်ထုဆစ်နိုင်ကြပြီဖြစ်သည်။

ယခုသံလွင်တံတား(ချောင်းဆုံ)သည်လည်း အထီးကျန်ခဲ့သော ဘီလူးကျွန်းနှင့် မွန်ပြည်နယ်ကို ဆက်စပ်ပေါင်းစည်းပေးနိုင်တော့မည်ဖြစ်ရာ ပြည်နယ်၏အလှက ပိုပြီးပြည့်စုံသွားတော့မည်။ ဘီလူးကျွန်းနေပြည်သူများ နေ့စဉ် သံလွင်မြစ်၏ အဟုန်ပြင်းပြင်းစီးဆင်းနေမှုကို အသက်စွန့်ကာ ရင်တမမနှင့် စက်လှေဖြင့် ဖြတ်သန်းစရာမလိုတော့။ သံလွင်တံတား(ချောင်းဆုံ)ကြောင့် အချိန်မရွေး သွားလာကူးလူးဆက်ဆံနိုင်တော့မည်ဖြစ်ရာ ဘီလူးကျွန်းနေပြည်သူများ အနာဂတ်ဘဝသာယာပေတော့မည်။ နိုင်ငံတော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရမည်ဖြစ်ပြီး ယခုအချိန်တွင် ဘီလူးကျွန်းနေပြည်သူများ ပျော်နေသလို သံလွင်မြစ်လည်း ပြုံးရိပ်ဆင်နေတော့သည်။

သံလွင်တံတား (ချောင်းဆုံ) တံတားသံပေါင်တပ်ဆင်နေမှု လုပ်ငန်းခွင်တစ်နေရာ

အမြန်လမ်းတွင် သတ်မှတ်အမြန်နှုန်းကျော်လွန် မောင်းနှင်သော မော်တော်ယာဉ် ၂၃၄ စီးကို ကိုးရက်အတွင်း ဖမ်းဆီးအရေးယူ

နေပြည်တော် စက်တင်ဘာ ၉

ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား ဖမ်းဆီးအရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက် မှ ၉ ရက်ထိ ကိုးရက်အတွင်း မော်တော်ယာဉ် ၂၃၄ စီးကို ဖမ်းဆီးအရေးယူခဲ့သည်။

သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ်များကို နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အရှိန်နှုန်းတိုင်းတာစက်များအသုံးပြု၍ အမြန်လမ်း၏ ၂၀၁ မိုင်တွင် ရဲအုပ်ဇော်လှိုင်ထွန်း ဦးစီး၍လည်းကောင်း၊ နေပြည်တော် တိုးဂိတ်(စီလမ်းဆုံ)တွင် အမြန်လမ်းရဲတပ်ဖွဲ့ ရဲမှူး ရန်နောင်ဝင်း ဦးစီး၍လည်းကောင်း ပူးပေါင်းအဖွဲ့များသည် ယနေ့တွင် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သည့် မော်တော်ယာဉ် ၅၃ စီးအား ဖမ်းဆီးအရေးယူခဲ့သည်။

ဖမ်းဆီးရမိသော မော်တော်ယာဉ်များကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ် တရားရုံးသို့တရားစွဲတင်ပို့ခဲ့ရာ မော်တော်ယာဉ် ၂၄ စီးအား နေ့ချင်းပြီး တရားစွဲတင် ဒဏ်ငွေပေးဆောင်နိုင်ခဲ့ပြီး ကျန်ယာဉ် ၂၉ စီးအား ယာဉ်မောင်းများကိုယ်တိုင် ဒဏ်ငွေပေးဆောင်စေခြင်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။ ယနေ့ ဖမ်းဆီးရမိသောယာဉ်များတွင် ပြိုင်ကား လေးစီးပါဝင်သည်။

ယခုအခါ နေ့ပိုင်းသာ ပထမအဆင့်အနေဖြင့် ဖမ်းဆီးအရေးယူခြင်းဖြစ်ပြီး မကြာမီ ညပိုင်းတွင် သတ်မှတ်အမြန်နှုန်းကျော်လွန်မောင်းနှင်သောယာဉ်များသာမက ယာဉ်မောင်းများ အရက်သေစာသောက်စားထားခြင်း ရှိ/မရှိပါ စစ်ဆေး၊ ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ချင်းတွင်းမြစ်ရေတက် ဇရပ်နီကျေးရွာတွင် နေအိမ်ခုနစ်လုံးပြောင်းရွှေ့

ရေစကြို စက်တင်ဘာ ၉ - ချင်းတွင်းမြစ်ရေသည် စက်တင်ဘာ ၈ ရက်က မြင့်တက်လာမှုကြောင့် ချင်းတွင်းမြစ်၏မြစ်လက်တက်ဖြစ်သော ဆင်ခြေယာချောင်းအတွင်း စီးဆင်းသည့် မြစ်ရေကြောင့် ဇရပ်နီကျေးရွာတွင် မြစ်ကမ်းပြိုမှုများဖြစ်ပေါ်ကာ နေအိမ်များ ရွှေ့ပြောင်းနေရသည်။ အဆိုပါ ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ဇူလိုင်လအတွင်းကလည်း မြစ်ရေတိုက်စားကမ်းပြိုမှုကြောင့် လူနေအိမ်၊ မီးဖိုဆောင်၊ နွားစာတိုက် အပါအဝင် အဆောက်အအုံ ၃၁ လုံးကို ရွှေ့ပြောင်းခဲ့ရပြီး စက်တင်ဘာ ၉ ရက်အထိ မြေနေရာ အသစ်များလည်း မရရှိသေးသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ ယခုလည်း နေအိမ်ခုနစ်လုံး ထပ်မံ ရွှေ့ပြောင်းနေကြရကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

KG သူငယ်တန်းကလေးများ၏ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲကျင်းပ

ပေါက် စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပြန်/ဆက်ဦးစီးဌာနက ကြီးမှူးကျင်းပသော KG သူငယ်တန်းများ၏ ပန်းချီ၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မြို့နယ် ပြန်/ဆက်ဦးစီးဌာနခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစောမြင့်ခိုင်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့ပေါ် လေးရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ KG သူငယ်တန်း ကျောင်းသား ကျောင်းသူများအဖွဲ့ ကိုးဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိသူများအား မြို့နယ် ပြန်/ဆက်ဦးစီးမှူး၊ ကျောင်းအုပ်ဆရာကြီးများနှင့် မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဉာဏ်တိုး(ပေါက်)

ရုရှားရုပ်မြင်တွင် အမေရိကန်မူဝါဒကို ထရန့်ဝေဖန်

ဝါရှင်တန် စက်တင်ဘာ ၉

ရုရှားသမ္မတ ဗလာဒီမာပူတင်အား မကြာခဏ ချီးကျူးထောမနာပြုလျက်ရှိသော ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်သည် အီရတ်သို့ရောက်ရှိစဉ် ရုရှားထောက်ပံ့ခံ ရုပ်မြင်တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အမေရိကန် မူဝါဒအား ဝေဖန်မှုပြုလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယခင် စီအင်န်အင်န် အစီအစဉ်တင်ဆက်သူ လာရီကင်းန်၏ တွေ့ဆုံမေးမြန်းခန်းတွင် နယူးယောက် စီးပွားရေးဂုရု ဒေါ်နယ်ထရန့်က ထိုသို့မှတ်ချက်ပြုပြောဆိုလိုက်ခြင်းဖြစ်သည်။ ယင်းတွေ့ဆုံမေးမြန်းခန်းကို အာရ်တီ နက်ခ်ဝေ့ါခ် ရုရှားသတင်းလိုင်းတွင် ကြာသပတေးနေ့က ထုတ်လွှင့်ခဲ့သည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများက အမေရိကန်ပြည်ထောင်စုကို ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ၂၀၀၃ ခုနှစ်တွင် အီရတ်ကို အမေရိကန် ကျူးကျော်စစ်ဆင်နွှဲရန် ရီပတ်ဘလစ်ကန်သမ္မတဟောင်း ဂျော့ဒဗလျူဘုတ်ရှ် လက်ထက်ကတည်းက ချမှတ်ခဲ့သည့် အီရတ်ရှိ အမေရိကန်မူဝါဒနှင့်ပတ်သက်ပြီး ထရန့်က ဝေဖန်ပြောဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ထရန့်က အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ဖူးသူ ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်တို့၏ အီရတ်မှ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာမှုနှင့်ပက်သက်ပြီး အီရတ်ရှိ ယင်းတပ်ဖွဲ့များ၏ အခန်းကဏ္ဍကိုလည်း ပြစ်တင်ဝေဖန်လိုက်သည်။

(ရိုက်တာ)

ဆော်ဒီအာရေဗျသို့ အများဆုံးစစ်လက်နက်ထောက်ပံ့မှု အမေရိကန်ပေးအပ်မည်

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်သမ္မတ ဘားရက်အိုဘားမား ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံအား အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံတန်ဖိုးရှိသည့် လက်နက်များ၊ အခြားသော စစ်လက်နက် ကိရိယာများနှင့် လေ့ကျင့်မှုများကို အကူအညီပေးအပ်ရန် ကမ်းလှမ်းခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အမေရိကန်နှင့် ဆော်ဒီမဟာမိတ် သက်တမ်း ၇၁ နှစ်တွင် အမေရိကန်အုပ်ချုပ်ရေးအဖွဲ့၏အများဆုံးစစ်လက်နက်ထောက်ပံ့မှုဖြစ်သည်။ အမေရိကန်အခြေစိုက်နိုင်ငံတကာမူဝါဒရေးရာဌာနချုပ်မှပြောရေးဆိုခွင့်ရှိသူ ဝီလီယမ်ဟာတမ်က အဆိုပါကမ်းလှမ်းမှုကို သဘောတူညီချက် ၄၂ ခုဖြင့် လုပ်ဆောင်ခဲ့ပြီး စစ်လက်နက်ကိရိယာအများစုကို မကြာမီပို့ဆောင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၈ ရက်တွင်ရရှိသည့် သတင်းများအရ သမ္မတအိုဘားမား သမ္မတသက်တမ်း စတင်တာဝန်ယူခဲ့သည့် ဇန်နဝါရီ ၂၀၀၉ ခုနှစ်မှ စတင်ကာအမေရိကန်သည် ဆော်ဒီ အာရေဗျသို့ အသေးစားစစ်လက်နက်များမှသည် သံချပ်ကာတင့်ကားများ၊ တိုက်လေယာဉ်များ၊ မြေပြင်နှင့်ဝေဟင် ပစ်ဒုံးကျည်များ၊ ဒုံးကျည်ကာကွယ်ရေးသင်္ဘောများနှင့် စစ်သင်္ဘောများအထိ ကူညီထောက်ပံ့ခဲ့သည်။

ထို့ပြင်ဝါရှင်တန်သည် စစ်ရေး ထိန်းချုပ်မှုနှင့် လေ့ကျင့်မှုများကိုပါ ဆော်ဒီလုံခြုံရေးအင် အားစုများသို့ ကူညီပံ့ပိုးခဲ့သည်။ ကူညီထောက်ပံ့မှု အများစုသည် လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ခြင်းဖြစ်ပြီး အချို့မှာအကြမ်းဖျင်းသဘောတူညီမှုရရှိခဲ့သော် လည်း အချို့မှာပိတ်ပင်ခံခဲ့ရသည်။

(ရိုက်တာ)

ပြင်သစ်နိုင်ငံရှိ တောင်ကုန်းတစ်ခုပေါ်တွင် ကေဘယ်ယာဉ်များအတွင်းပိတ်မိနေသူများကို ကယ်ဆယ်ခဲ့ရ

ပါရီ စက်တင်ဘာ ၉

ပြင်သစ်နိုင်ငံရှိ တောင်ကုန်းတစ်ခု ပေါ်၌ တွဲချိတ်ထားသည့် ကေဘယ်ယာဉ်များအတွင်း လူ ၃၃ ဦးတို့ တစ်ညလုံး ပိတ်မိနေခဲ့သဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

Mont Blane ကုန်းမြေအထက်၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ မီတာ ၃၈၀၀ (၁၂၄၆၈ ပေ)ခန့်တွင် ကမ္ဘာ့လှည့်ခရီးသွား ၄၅ ဦးတို့သည် ချမ်းအေးသည့်ကြာသပတေးနေ့ ညကို ကေဘယ်ယာဉ်ပေါ်၌ ကျော်ဖြတ်ခဲ့ရသည်။ ကြာသပတေးနေ့ ညနေခင်းက ကေဘယ်ယာဉ်များ စတင်သက်ဆင်းသည့်အချိန်တွင် ယာဉ်များအတွင်း ပိတ်မိနေသူ ၁၁၀ အထိ ရှိခဲ့သည်။ ကေဘယ်ယာဉ်များသည် မြင့်မားသည့် လေဟာနယ်ထဲတွင် တွဲလောင်းဖြစ်နေခဲ့ပြီးနောက် ရပ်တန့်သွားခဲ့သည်ဟု ယူဆရသည်။

သောကြာနေ့နံနက်တွင် ကျွမ်းကျင်သူများက ကေဘယ်ကြိုးများ၏တင်းမာမှုကို လျော့ကျအောင်ပြုလုပ်ကာ ကေဘယ်ယာဉ်များပြန်လည်သက်ဆင်းနိုင်အောင် ပြုလုပ်ခဲ့ကြသည်။ ကြာသပတေးနေ့တွင် လူ ၆၅ ဦးကို ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ခဲ့ပြီးနောက်တွင် ညအမှောင်ကျရောက်ကာ တိမ်များဖုံးလွှမ်းသဖြင့် ကယ်ဆယ်ရေးရပ်နားခဲ့ရကြောင်း သိရသည်။

(ဘီဘီစီ)

ဆီးရီးယားတိုက်ခိုက်မှုအတွင်း စစ်သွေးကြွအဖွဲ့ ခေါင်းဆောင်သေဆုံး

အလက်ပို စက်တင်ဘာ ၉

အယ်နျူဆရာတပ်ဦးဟု ခေါ်ဝေါ်ခဲ့ကြသည့် ဆီးရီးယားရှိ စစ်သွေးကြွအဖွဲ့၏အကြီးတန်း အုပ်ချုပ်ရေးခေါင်းဆောင်တစ်ဦးအလက်ပိုမြို့အနီး၌ သေဆုံးသွားပြီဖြစ်ကြောင်း သူပုန်အဖွဲ့ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ဂျာဘတ် ဖာတက်အယ်လ်ရှမ်အဖွဲ့က အကြီးတန်းအုပ်ချုပ်ရေးအရာရှိအဘူအိုမာဆာရာကက်သည် ပြည်နယ်မြို့တော် အလက်ပို၌ လေကြောင်းတိုက်ခိုက်မှုပြုလုပ်စဉ် သေဆုံးသွားကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်၌ ရေးသားခဲ့သည်။ ဇူလိုင်လကုန်၌ အယ်နျူဆရာတပ်ဖွဲ့သည် အယ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် ဆက်ဆံမှုကို ဖြတ်တောက်လိုက်သည့် တစ်ချိန်တည်းတွင် အဖွဲ့၏အမည်ကိုပါ ပြောင်းလဲ လိုက်သည်။

ဆီးရီးယားအစိုးရ၊ ရုရှားနှင့် အမေရိကန် ကျောထောက်နောက်ခံပြုထားသည့် မဟာမိတ်အဖွဲ့များသည် ဆီးရီးယားရှိ စစ်သွေးကြွအဖွဲ့များကို ချေမှုန်းသည့် လေကြောင်းတိုက်ခိုက်မှုများကို အဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ အလက်ပိုမြို့တော် အနောက်ပိုင်း ကာ့ဖ်နာဟာကျေးရွာတွင် ပုန်းခိုနေသည့် အဘူအိုမာဆာရာကက်နှင့်အဖွဲ့ဝင်များအား ပစ်မှတ်ထားခဲ့သည့် တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြထားသည်။ အကြီးတန်း အဖွဲ့ဝင်အချို့တို့လည်း သေဆုံးခဲ့ကြောင်း သိရသည်။

(ဘီဘီစီ)

ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ် စတင်အသုံးပြုတော့မည်

ကီရန် စက်တင်ဘာ ၉

ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ် တည်ဆောက်မှုကို စက်တင်ဘာလနှောင်းပိုင်းတွင် အဆုံးသတ်ကာ စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကီကျို့ အနောက်တောင်ဘက် တောင်ကုန်းထူထပ်သော ပင်တန်စီရင်စုတွင် တည်ဆောက်နေသော အချင်း ၅၀၀ မီတာရှိ စက်လုံးပုံ တယ်လီစကုပ် တည်ဆောက်မှုမှာ နောက်ဆုံးအဆင့်သို့ရောက်လာပြီဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး ရေဒီယို တယ်လီစကုပ်မှာ ဘောလုံးကွင်း ၃၀ စာ အရွယ်အစားခန့်ရှိပြီး ပြည်နယ်ဥပဒေပြုရေးအာဏာပိုင်အဖွဲ့က တယ်လီစကုပ် ဘေးကင်းလုံခြုံစွာဖြင့် လည်ပတ်နိုင်ရန် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ခဲ့သည်။ ယင်းစည်းမျဉ်း စည်းကမ်းဥပဒေသည် စက်တင်ဘာ ၂၅ ရက်တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း သိရသည်။



စည်းမျဉ်းစည်းကမ်းဥပဒေများအရ ရေဒီယိုတယ်လီစကုပ်ကြီးနှင့် ပတ်လည် ၁၀ ကီလိုမီတာအတွင်း တည်ငြိမ်ရေဒီယို လှိုင်းဖမ်းယူရန် လိုအပ်မည်ဖြစ်ရာ ယင်းဧရိယာအတွင်း အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း မပြုလုပ်ရန် တားမြစ်ထားပြီး အကယ်၍တွေ့ရှိပါက ဒဏ်ငွေ ယွမ် ၁၀၀၀၀၀ သို့မဟုတ် ယင်းနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၁၅၀၀၀ကို ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ယင်း ကမ္ဘာ့အကြီးဆုံး ရေဒီယိုတယ်လီစကုပ်ကြီးကို ၂၀၁၁ ခုနှစ်မတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ယွမ် ၁ ဒသမ ၂ ဘီလီယံကုန်ကျခဲ့သည်။

(ဆင်ဟွာ)

ကဘူးလ်တွင် စက်ဘီးဗုံးပေါက်ကွဲ လူတစ်ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၉ - ကဘူးလ်တွင် စစ်သွေးကြွများထောင်ထားသည့် စက်ဘီးဗုံးတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံးခဲ့ကာ အခြား သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့ကပြောကြားခဲ့သည်။

အကြမ်းဖက်သမားများသည် စက်ဘီးတွင် ဗုံးထောင်ခဲ့ပြီး ကဘူးလ်မြို့လယ်တွင် ဖောက်ခွဲခဲ့သောကြောင့် လမ်းဘေးဈေးသည်တစ်ဦးသေဆုံးကာ အခြားသုံးဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူ ရဲအဖွဲ့မှ ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားခဲ့သည်။ မျက်မြင်သက်သေများ၏ အတည်ပြုချက်အရ ဆေးလိပ်ရောင်းနေသော လမ်းဘေးဈေးသည်တစ်ဦးသေဆုံးခဲ့ခြင်းဖြစ်ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အာဖဂန်တွင်ပေါက်ကွဲမှုများမကြာခဏဖြစ်သော်လည်း ယခုကဲ့သို့ အာဇာနည်နေ့ ရက်သတ္တပတ်တွင် ပေါက်ကွဲမှုဖြစ်ခြင်းသည် ကြုံတောင့်ကြုံခဲဖြစ်ရာ လုံခြုံရေးတင်းကျပ်မှုများ ပြုလုပ်ထားကြောင်း သိရသည်။

(ဆင်ဟွာ)

အဆုံးမသတ်နိုင်သေးသည့် ကမ္ဘာမြေပေါ်က လူမျိုးသုဉ်းသတ်ဖြတ်မှုများ

◆ ကလျာမိုးမြင့်

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအဖွဲ့လို့ ခေါ်တွင်နေကြတဲ့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်သူတွေ တစ်ချိန်က ဗိုလ်ကျစိုးမိုးခဲ့ကြတဲ့ အီရတ်နဲ့ဆီးရီးယား ပိုင်နက်နယ်မြေတွေမှာ သေဆုံးသွားသူတွေရဲ့ အုတ်ဂူအမြောက်အမြားကို တွေ့ရှိခဲ့ပြီး ဒီသတင်းဟာ ဘယ်သူ့ကိုမှ တုန်လှုပ်ချောက်ချားအောင် ကြာကြာမစွမ်းဆောင်နိုင်တော့ပါဘူး။ ပြီးတော့ အခြား သော လူမျိုးစုတွေနဲ့အတူလိုက်ပါပြီး အဲဒီဒေသတွေကနေ စွန့်ခွာမပြေးရသေးတဲ့ခရစ်ယာန် ဘာသာဝင်အများစုဟာလည်း ပိုပြီးဆိုးရွားလာတဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ သတ်ဖြတ်ခံရမှုဆိုတဲ့ အခြေအနေတွေထဲမှာ အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်စွာ အသက်ရှင်နေထိုင်ကြရပါတယ်။

သွေးပျက်ဖွယ်ရာ ကမ္ဘာစစ်ကြီးအပြီးမှာ ပြည်သူတွေဟာ အစုလိုက်အပြုံလိုက် သေကျေပျက်စီးခဲ့ရတဲ့ ဖြစ်ရပ်ကို ကုန်လွန်ဖြတ်ကျော်ဖို့နဲ့ နောင်အနာဂတ်မှာ အလားတူဖြစ်ရပ်မျိုး ထပ်ဖြစ်မလာအောင် တားဆီးကာကွယ်ဖို့ဆိုတဲ့ ယုံကြည်ချက်နဲ့၊ ("Don't Forget" ဒီဖြစ်ရပ်ကို ဘယ်တော့မှ မမေ့နဲ့) ဆိုတဲ့စကားကို နှလုံးသွင်းပြီး ရှင်သန်နေထိုင်လာခဲ့ပါတယ်။

ဒီလိုနဲ့ပဲ တစ်ချိန်ကပြောဆိုခဲ့ကြတဲ့ နောင်အနာဂတ်ဆိုတဲ့အချိန်ကို ယခုရောက်ရှိလာခဲ့ပါပြီ။ ဒါပေမယ့် လူတွေအသက်ရှင်နေထိုင်တာဟာအဲဒီခံယူချက်မျိုးနဲ့နေထိုင်နေကြတယ်လို့ မဆိုနိုင်တော့ပါဘူး။

Associated Press သတင်းစာရဲ့အသေးစိတ်စာရင်း ဇယားဖော်ပြမှုအရ မကြာသေးမီက အီရတ်နဲ့ ဆီးရီးယားမှာ တွေ့ရှိခဲ့တဲ့ ဂူသင်္ချိုင်းမြေ ၇၂ ခုမှာ ခန့်မှန်းခြေလူပေါင်း ၅၂၀၀ ကနေ ၁၅၀၀၀ တို့ရဲ့ ရုပ်အလောင်းတွေပါဝင်နေတယ်လို့ဆိုပါတယ်။

သေဆုံးသူအများစုဟာ အိုင်အက်စ်အစွန်းရောက်အဖွဲ့က ကျွန်ဇာတ်သွင်းဖို့နဲ့ သုတ်သင်ချေမှုန်းပစ်ဖို့ ပစ်မှတ်ထားခြင်းခံခဲ့ရ တဲ့ ကာ့ဒ်မျိုးနွယ်ဘာသာရေး လူနည်းစုအဖွဲ့ဝင် ယာဇီဒစ်တွေဖြစ် ပါတယ်။ အေပီသတင်းဌာနရဲ့ဖော်ပြချက်အရ ယခုခန့်မှန်းဖော်ပြမှုဟာ လူသိများတဲ့ ဂူသင်္ချိုင်း အစုအဝေးတွေမှာ တွေ့ရှိခဲ့ခြင်းသာဖြစ်ပြီး နောက်ထပ် ရှာဖွေ မှုတွေလုပ်ဆောင်နေဆဲဖြစ်တယ်လို့ဆိုပါတယ်။

ဆင်ဂျာမြို့ပြင်၌တွေ့ရသည့် အီရတ်ရှိ ရာဇီဒစ်မျိုးနွယ်စုဝင်တို့၏ အလောင်းဟုယူဆရသည့် ဦးခေါင်းခွံနှင့်အရိုးများ

ဒီအကြောင်းအရာဟာ လတ်တလောနာမည်ကြီးနေတဲ့ ဒေါ်နယ်ထရန့်နဲ့ဟီလာရီကလင်တန်တို့ရဲ့ ရွေးကောက်ပွဲဆိုင်ရာ အကြိတ်အနယ်ယှဉ်ပြိုင်မှု၊ အိုင်ယာလန်မှာဖြစ်နေတဲ့ Apple ကုမ္ပဏီရဲ့အခွန်အခပြဿနာနဲ့ အမေရိကန်ဘောလုံးအားကစားသမားရဲ့ နိုင်ငံတော်ကစားသမားအဖြစ် ရပ်တည်လိုခြင်းရှိမရှိဆိုတဲ့အကြောင်းအရာတွေလောက်တော့ စိတ်ဝင်စားစရာကောင်းမှာမဟုတ်တာ အသေအချာပါ။

ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ မဟာမိတ်တပ်ဖွဲ့ဝင်တွေဟာ ဂျာမန်အကျဉ်းစခန်းတွေကနေ လွတ်မြောက်ခဲ့ကြတာဖြစ်တဲ့အတွက် ယခုအချိန်မှာ ဒီဖြစ်ရပ်တွေကို လူအများစုခေါင်းထဲ သိပ်မထည့်ကြတော့သလို စိတ်ဝင်စားမှုလည်းသိပ်မရှိကြတော့ပါဘူး။ သေချာတာတစ်ခုကတော့ ယခင်နဲ့ယခုဖြစ်ရပ်တွေမှာ သေဆုံးခဲ့ကြသူ အရေအတွက် အနည်းအများသာကွာမယ်၊ နှိပ်စက်ညှဉ်းပန်းမှုနဲ့ ရက်စက်ကြမ်းကြုတ်ခဲ့တာတွေကတော့ အတူတူပါပဲ။

ဒါချူကိုဝင်ရောက်ပြီး အဓိကအကျဉ်းစခန်းတွေမှာရှိတဲ့ အကျဉ်းသား ၃၂၀၀၀ နီးပါးကို လွတ်မြောက်စေခဲ့တဲ့ အမေရိကန် ခြေလျင်တပ်ခွဲ ၄၂ အဖွဲ့ဝင်တပ်မတော်အရာရှိ ဝီလီယမ် ဂျေကိုလင်းက ၎င်းကြုံတွေ့သိမြင်ခဲ့ရတဲ့ ကားရထားတွဲပေါ်က ပြည့်နှက်နေတဲ့လူသေ အလောင်းတွေအကြောင်း ၎င်းရဲ့မိဘတွေဆီ ကြောက်စရာဇာတ်လမ်းတစ်ပုဒ်ရေးသားခဲ့ပါတယ်။ ဝတ်လစ်စလစ်ဖြစ်နေတဲ့ လူသေအလောင်းတွေဟာ အရိုးပြိုင်းပြိုင်းဖြစ်နေပြီး အလောင်းတွေအားလုံးရဲ့ဦးခေါင်းနောက်စေ့မှာ သေနတ်ကျည်ဆန်ဖောက်ထွင်းထားတဲ့ ဒဏ်ရာတွေနဲ့ ဟောင်းလောင်းပေါက်တွေ ဖြစ်လို့နေပါတယ်။

အိုင်အက်စ်စစ်သွေးကြွအဖွဲ့က သတ်ဖြတ်ခဲ့သည့် ရှီးယိုက်စစ်သားများ၏ ကြွင်းကျန်သည့် ရုပ်အလောင်းများ

"ဒီမြင်ကွင်းက ကျွန်တော်တို့အားလုံးကို အစာမစားချင်တော့လောက်အောင် ရူးသွပ်သွားလောက်အောင် ဆိုးရွားလွန်းတာမို့ စကားတောင်မပြောနိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ ကျွန်တော်တို့ ဘာမှမလုပ်နိုင်တော့ဘူး။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရုံကလွဲပြီးတော့ပေါ့"လို့ ၎င်းကရေးသားခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မဟာမိတ်တပ်ဖွဲ့ဝင်တွေဟာ အကျဉ်းစခန်းတွေမှာ ငရဲခန်းဖြစ်အောင်ဖန်တီးခဲ့တဲ့ နာဇီထိပ်တန်းခေါင်းဆောင်တွေကို ခြေရာခံလိုက်လံရှာဖွေ ခဲ့ကြပါတယ်။

စစ်ပွဲတစ်ပွဲစတင်လိုက်ပြီဆိုတာနဲ့ အနိုင်ရလိုသူတွေဟာ တရားမျှတမှုရှိမရှိ ဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားခြင်း မရှိတော့တဲ့အတွက်ကြောင့် ဖြစ်လာမယ့်အကျိုးဆက်တွေကို ဂရုမစိုက်တော့ဘဲ မရေမတွက်နိုင်တဲ့ သတ်ဖြတ်မှုတွေလုပ်ဆောင်လာပြီး အပြစ်မဲ့ပြည်သူတွေ အသက်ဆုံးရှုံးခဲ့ကြရပါတော့တယ်။

တကယ့်ပြဿနာစစ်စစ်က ယနေ့ ရင်ဆိုင်နေရတဲ့ အဆုံးမသတ်နိုင်သော အစုလိုက် အပြုံလိုက်သတ်ဖြတ်မှုတွေပါ။ နံနက်ခင်းအချိန်ရောက်တိုင်း ကြောက်ရွံ့ထိတ်လန့်မှုတွေနဲ့ နိုးထလာရတယ်။ ကမ္ဘာကြီးရဲ့တစ်နေရာမှာ ဘယ်လို အကြမ်းဖက်မှုတွေ ထပ်ဖြစ်နေပြီလဲ။ ဘယ်သူတွေအကြမ်းဖက်မှုကျူးလွန်ဖို့နေအိမ်ကို ချဉ်းကပ်လာနေပြီလဲဆိုတဲ့ အတွေးနဲ့ ကြောက်လန့်နေကြရပါတယ်။ တစ်ခါတစ်ရံမှာ အကြမ်းဖက်မှုတွေဟာ အိုင်အက်စ်အစွန်းရောက်အဖွဲ့နဲ့ ဆက်နွယ်နေပြီး အများစုကတော့ သက်ဆိုင်ခြင်းမရှိပါဘူး။

၁၉၇၉ ခုနှစ်က ပုံနှိပ်ထုတ်ဝေခဲ့တဲ့ Laughter နဲ့ Forgetting စာအုပ်တွေမှာ စာရေးသူ မီလန်ကွန်ဒီရာဟာ အဲဒီဆယ်စုနှစ်အချိန်အတွင်းမှာ ခေါင်းကြီးသတင်းဖြစ်ခဲ့တဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုတွေအကြောင်း ရေးသားခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာဖြစ်ပွားခဲ့တဲ့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဟာ ချက်ကိုစလိုဗားကီးယားကို ရုရှားရဲ့ကျူးကျော်ဝင်ရောက်မှုဖြစ်ရပ်လို့ မြန်မြန်ဆန်ဆန် ဖုံးလွှမ်းအုပ်မိုးသွားခဲ့ကြောင်း ဖော်ပြထားပါတယ်။

ကွန်ဒီရာဟာ ကမ္ဘောဒီးယားမှာဖြစ်ပွားခဲ့တဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုတွေကိုလည်း ညွှန်ပြခဲ့ပါတယ်။ ရဝမ်ဒါ၊ ဆရီဘရီနီကာနဲ့ ဒါဖာဒေသတွေကိုလည်း လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရတဲ့နေရာတွေအဖြစ် သမိုင်းမှတ်တမ်းထင်ကျန်နေခဲ့ပါတယ်။ ဆီးရီးယားနဲ့ အီရတ်ပိုင်နက်မြေတွေမှာတွေ့ရတဲ့ မြောက်မြားစွာသော သေဆုံးသူတွေရဲ့ ရုပ်ကြွင်းတွေကတော့ ကမ္ဘာကြီးမှာဖြစ်ပွားနေတဲ့ အဆုံးမသတ်နိုင်သော သွေးထွက်သံယိုမှုတွေကို ဖော်ပြနေခဲ့ပါတယ်။

ကိုးကား-၆-၉-၂၀၁၆ (ရိုက်တာ)

စစ်ပွဲတစ်ပွဲစတင်လိုက်ပြီဆိုတာနဲ့ အနိုင်ရလိုသူတွေဟာ တရားမျှတမှုရှိမရှိ ဆိုတဲ့အချက်ကို ထည့်သွင်းစဉ်းစားခြင်း မရှိတော့တဲ့အတွက်ကြောင့် ဖြစ်လာမယ့်အကျိုးဆက်တွေကို ဂရုမစိုက်တော့ဘဲ မရေမတွက်နိုင်တဲ့ သတ်ဖြတ်မှုတွေလုပ်ဆောင်လာပြီး အပြစ်မဲ့ပြည်သူတွေ အသက်ဆုံးရှုံးခဲ့ကြရ

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ နဘက် (အထက) တက္ကသိုလ်ဝင်တန်း(C)မှ မနန်းဆိုင်ယိုင်း၏ဖခင် အမည်မှန်မှာ ဦးစိုင်းကံ ၁၃/တမန(နိုင်)၀၆၀၈၁၄ ဖြစ်ပါကြောင်း။ **ဦးစိုင်းကံ**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/2727၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

ဖခင်အမည်မှန်

တောင်ငူမြို့၊ အထက(၃)သတ္တမတန်း(A)မှ မအိအိမင်းဝေ၏ဖခင် အမည်မှန်မှာ ဦးဝင်းကြည် ၉/ပတယ(နိုင်)၀၀၂၆၂၁ ဖြစ်ပါသည်။ **ဦးဝင်းကြည်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၀၊ မြေကွက်အမှတ် ၁၂၁၄၊ အကျယ်အဝန်း ပေ (အလျား ၄၀×အနံ ၆၀)ရှိ ဒေါ်မြင့်ကြည် (J/RGN-၀၂၀၇၄၁) အမည်ဖြင့် ရရှိထားသော ပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးသိန်းနိုင်ထွန်း ၁၂/ဒဂရ(နိုင်)၀၀၀၁၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂)အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းလင်းထိုက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဖိုးတုတ် ၁/ရကန(နိုင်)၀၄၀၁၄၂ ဖြစ်ပါကြောင်း။

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း (အထက) တက္ကသိုလ်ဝင်တန်းမှ မခက်ခက်ခိုင်၏ မိဘအမည်မှန်မှာ ဦးခင်မောင်သောင်း ၉/စကန(နိုင်)၀၄၃၄၈၂-ဒေါ်အေးချို ၉/စကန(နိုင်)၀၄၃၄၈၄ဖြစ်ပါကြောင်း။

တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူ ကလေးသူငယ် ၆၆ ဦးအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့်အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၆၆ ဦး စိစစ်တွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ခွန်သန့်ဇော်ထူးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိသူများ၊ ပြန်လည်နုတ်ထွက်ခွင့်ရကလေးသူငယ် ၆၆ ဦးနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် ခွန်သန့်ဇော်ထူး(**အပေါ်ယာပုံ**)နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ (CTFMR) တွဲဖက်ဥက္ကဋ္ဌ Ms.Renata Lok-Dessallien တို့က အမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ကလေးများအား မိဘသို့မဟုတ် အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ကလေးများနှင့်မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်က ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှုရှိ/မရှိ စစ်ဆေးပေး၍ လိုအပ်က ကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန် ဆန္ဒရှိပါက ကျောင်းပြန်တက်နိုင်ရန်၊ ကျောင်းပြင်ပပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသောအလုပ်အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည့် ကျွမ်းကျင်မှုများသင်ယူရန်ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန် ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားများကို အဆိုပါစစ်ကြောရေးနှင့် တည်းခိုရေးစခန်း ရန်ကုန်မြို့၌ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် သုံးကြိမ်၊ ၂၀၁၄ ခုနှစ်တွင် လေးကြိမ်၊ ၂၀၁၅ ခုနှစ်တွင် သုံးကြိမ်၊ ၂၀၁၆ ခုနှစ်အတွင်း ပထမအကြိမ်အဖြစ် ၄၆ ဦးနှင့် ယခုအကြိမ် ၆၆ ဦးသည် ဒုတိယအကြိမ်ဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ ၁၃ ကြိမ်ရှိခဲ့ရာ စုစုပေါင်း ၈၁၀ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာ လုပ်ငန်းစီမံချက်ကို UNCTFMR နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက် သက်တမ်းအား ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် ခြောက်လ၊ ၂၀၁၄ ခုနှစ် ဇွန်၂၈ရက်တွင် ဒုတိယအကြိမ် ခြောက်လ သက်တမ်းတိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူကလေးသူငယ်များအား တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ တာဝန်ရှိသူအရာရှိ ၈၁ ဦးနှင့် စစ်သည် ၄၀၂ ဦးတို့အား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရေကြည် စက်တင်ဘာ ၉

ရေကြည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းနှင့် ဝန်ထမ်းများက စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက သဃ်န်းဒေါင့်ကျေးရွာအုပ်စု ငါးရန့်ချောင်းကျေးရွာ အ.မ.က ကျောင်း၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပသည်။

ဆက်လက်၍ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတရှာမှီးခြင်း၊ စာဖတ်ကြသူပြည်သူများ လူနေမှုဘဝတိုးတက်မြင့်မားစေသည့် အကျိုးရလဒ်ကောင်းများရရှိခြင်း၊ ကျေးလက်စာကြည့်တိုက်များသည် ဗဟုသုတများစွာရရှိစေကာ ရေရှည်တွင်လည်း စာဖတ်ပရိသတ် စဉ်ဆက်မပြတ်ဝင်ထွက်သွားလာ အသိပညာဗဟုသုတ ရှာမှီးရာနေရာဖြစ်ကြောင်းနှင့် ပြည်သူများ ကိုယ်ပိုင်အတွေးအခေါ်များရရှိစေကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး စာအုပ်မျိုးစုံ ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာရပ်မိရပ်ဖတစ်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။

အောင်သူဟန်(ပြန်/ဆက်)

မော်လမြိုင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်မည့်လုပ်ငန်းများ မိတ်ဆက်ရှင်းလင်း

မော်လမြိုင် စက်တင်ဘာ ၉

မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်ဒါအောင်မြင်သည့်လုပ်ငန်းများအား မိတ်ဆက်ရှင်းလင်းချပြခြင်းကို စက်တင်ဘာ ၆ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို တင်ဒါခေါ်ယူခဲ့ရာ တင်ဒါအောင်မြင်သောကုမ္ပဏီများက မိမိတို့ လုပ်ခွင့်ရသောလုပ်ငန်းများ၏ အစီအမံများ၊ လုပ်ဆောင်သည့်လုပ်ငန်းများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများထံသို့ မြို့နယ်ဦးစီးမှူး ဦးအောင်လွင်(လက်ထောက်ညွှန်ကြားရေးမှူး)က ဦးဆောင်၍ ရှင်းလင်းချပြခဲ့ကြောင်း သိရသည်။

၀၀၆၀

လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် စက်တင်ဘာ ၉ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားနည်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

မွေးသက္ကရာဇ်အမှန်
လယ်ဝေးမြို့၊ (၅) ရပ်ကွက်နေ ဦးမြဆောင်၏သမီး မသန်းသန်းဌေး ၉/လဝန(နိုင်)၀၃၈၀၀၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁-၁၁-၁၉၆၉ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်
ဇန်းမောက်မြို့နယ်၊ ပန်းတော ကျေးရွာနေ ဦးကံညွန့်၏သမီး အထကအင်းတော်၊ တက္ကသိုလ် ဝင်တန်း(H)မှ မယုဝတီခင် ၅/ဗမန(နိုင်)၀၇၃၉၇၃၏ မွေးသက္ကရာဇ် အမှန်မှာ ၁၇-၁-၂၀၀၁ ဖြစ်ပါကြောင်း။

အမည်ပြောင်း
ဝမ်းတွင်းမြို့နယ်၊ ဦးမောင်ပြုံး၏သား ကျောင်းကုန်းရွာသစ် အထက၊ သတ္တမတန်း(A)မှ မောင်အောင်မင်းခန့်အား ယနေ့မှစ၍ မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်အောင်မြင့်မြတ်

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက (၃၅) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ချမ်းဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းလင်း ၅/ငဇန(နိုင်)၀၄၇၅၉၉ ဖြစ်ပါကြောင်း။
ဦးကျော်ဆန်းလင်း

ဖခင်အမည်မှန်
ရွှေဘိုခရိုင်၊ဝက်လက်မြို့နယ်၊လှတောကျေးရွာ(အထက) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဝါဆိုဦးနှင့် စတုတ္ထတန်းမှ မယွန်းဝါခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဆန်းအောင်ထွေး ၅/ဝလန(နိုင်)၀၆၆၄၂၈ ဖြစ်ပါကြောင်း။
ဦးဆန်းအောင်ထွေး

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်း(ဈ)မှ မခိုင်နှင်းဆီ၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးဝင်း ၅/ဝသန(နိုင်) ၀၄၅၈၉၂ ဖြစ်ပါကြောင်း။
ဦးအောင်စိုးဝင်း

ပြင်ဆင်ဖတ်ရှုပါရန်
၉-၉-၂၀၁၆ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၂၉ပါ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ နေပြည်တော်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းကြော်ငြာ အမှတ်စဉ်(၁)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နေအစား ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

(၁) မော်ဘီကားလမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်းတွင်ရှိသော မြေကျယ်ကျယ်အမြန်ရောင်းမည်
မော်ဘီမြို့နယ်၊ အစိုးရအုတ်စက်ရုံအနီး၊ မြို့ကျောင်းလမ်းမကြီးဘေး၊ မြေအကျယ်(၂၈)ဧက၊ ဘုန်းကြီးကျောင်းမြေကျယ်ကျယ် ဝယ်ယူလှူဒါန်းလိုသူများ၊ တရားရိပ်သာဖွင့်လိုသူများအတွက် ဈေးလျှော့ပေးမည်။ စိုက်ပျိုးရေး၊ အုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ လုပ်ကိုင်လိုသူများ အထူးအဆင်ပြေသည်။ ရေကောင်းသည်။ မီးပါသည်။ စိန်တလုံးသရက်ပင်၊ ကီလိုမာလကာပင်၊ သံပရာပင်များ စိုက်ပျိုးထားသည်။ မြေပြင်ညီသည်။ ခြံမျက်နှာဝကျယ်သည်။ ကားလမ်းမကြီးဘေး၊ သွားရေးလာရေးလွယ်ကူသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ **ကျပ်သိန်း (၁၂၀၀၀)**

(၂) မိသားစုများများနေထိုင်ရန် အခန်းများများနှင့် နှစ်ထပ်လုံးချင်းတိုက်သစ်ရောင်းမည်
ရန်ကုန်တွင် မိသားစုများများနှင့်တစုတဝေးတည်း နေထိုင်လိုသူများအတွက် အခန်းများများနှင့် လုံးချင်းနှစ်ထပ်တိုက်ကျယ်ကျယ်၊ မြေအကျယ်ပေ(၉၀×၇၀)၊ အိမ်အကျယ်(2510sqft)၊ လူလုံးဝမနေထိုင်ရသေးပါ၊ Master Bedroomခုနစ်ခန်း၊ ရိုးရိုးအိပ်ခန်းနှစ်ခန်း၊ ဘုရားခန်း၊ ဧည့်ခန်းကျယ်နှစ်ခန်း၊ TV ကြည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ ဆင်ဝင်ဝရန်တာပါ၊ ကားနှစ်စီးဆံ့ ကားဂိုဒေါင်၊ အလုပ်သမားမိသားစုနေထိုင်ရန် Master Bedroom တစ်ခန်းပါ၊ Aircon ၁၁လုံး၊ ခန်းဆီးလိုက်ကာတပ်ဆင်ပြီး၊ ကြိုးမဲ့ CCTV၊ ခြံထဲတွင်နားနေရန်ဘန်ဂလိုတစ်လုံးပါ၊ အိမ်ထောင်ပရိဘောဂအပြည့်အစုံထည့်ပေးမည်၊ ခြံပတ်ပတ်လည် ဘရိတ်ဓားဆူးကြိုးကာပြီး၊ မြက်ခင်းပြင် အလှပန်းပင်များစိုက်ပြီး၊ ခြံထဲတွင် ကားခြောက်စီးရပ်ထားနိုင်ပါသည်။ အဆင့်မြင့်ပြင်ဆင်ပြီးတိုက်သစ်။ **ကျပ်သိန်း (၄၀၀၀)**

(၃) ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်းသွားသည့် လမ်းမကြီးဘေး၊ အချက်အချာကျ နေရာကောင်းတွင်ရှိသော ရော်ဘာပင်များနှင့် ခြံကျယ်ကျယ် အမြန်ရောင်းမည်
ငွေဆောင်-မော်တင်လမ်းခွဲ၊ မော်တင်စွန်းရေနက်ဆိပ်ကမ်းလေးလမ်းသွားလမ်းမကြီးဘေး၊ စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်း၊ အိမ်ကလေးတစ်လုံးပါ၊ ခြံပတ်ပတ်လည်တွင် ချောင်းဖြင့်ဝန်းရံထားသည်။ အရိပ်ရရော်ဘာပင်များ စိုက်ပျိုးထားသည်။ မျက်နှာဝ ပေ(၆၂၀)၊ မြေအကျယ် ၅ဒသမ၁၃ဧက၊ ဥယျာဉ်ခြံမြေ၊ မော်တော်ကားများ ဦးတိုက်သည့် သရက်ပင်မောင်နှမရှေ့ကခြံ၊ အလွန်သာယာသည်။ **ကျပ်သိန်း (၇၀၀)**

(၄) ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ်ရောင်းမည်
မြေကွက်ကျယ်ကျယ်၊ အရင်းအနှီးနည်းနည်းဖြင့် ချောင်းသာတွင် ဟိုတယ်ဖွင့်လိုသူများအတွက် မြေကွက်ကျယ်ကျယ် ရောင်းရန်ရှိသည်။ ငွေရှိပြီး စီးပွားရေးလုပ်ချင်သူများအတွက် အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလိုတစ်လုံးပါ၊ စကားဝါတောင်ခြေ၊ မျက်နှာဝပေ(၆၀၇)၊ မြေဧရိယာ(၅ဒသမ၅ဧက)အကျယ် မြေကွက်။ **ကျပ်သိန်း (၈၅၀၀)**

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၂၅၀၁၆၅၅၁၉၊ ၀၉-၄၃၂၉၂၉၂၉

ဖခင်အမည်မှန်
ပြည်မြို့နယ်၊အထက(ခွဲ)၊ မြောက်ခွေးရဲကျောင်း အဋ္ဌမတန်းမှ မောင်အောင်သူရဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းလေး၇/ပမန(နိုင်)၁၆၉၇၈၂ ဖြစ်ပါကြောင်း။
ဦးအောင်ထွန်းလေး

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄ဝယ/၁၀၂၅၈Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လတ် ၇/မလန(နိုင်) ၀၀၄၁၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(သာယာဝတီ)

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄ဝယ/၈၈၆၉၉ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၈/ပဖန(နိုင်) ၀၆၉၉၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့

မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်ပြီး ဒေသခံများ၏သဘောထား ရှင်းလင်းပွဲ မြစ်ကြီးနား၌ပြုလုပ်

မြစ်ကြီးနား စက်တင်ဘာ ၉

မြစ်ဆုံရေကာတာစီမံကိန်းကြောင့် ပြောင်းရွှေ့ထားခဲ့ရာမှ ဒေသခံပြည်သူများ မူလနေရာကို ပြန်လည်ရယူပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ မြစ်ဆုံရေကာတာစီမံကိန်းကို လုံးဝ လုံးဝ ရပ်သွားသည်အထိ လက်တွဲ၍ ဆန့်ကျင်လှုပ်ရှားသွားမည်ဖြစ်ကြောင်း၊ ပွင့်လင်းမြင်သာမှုမရှိသော၊ ဒေသခံများ၏ဆန္ဒမပါသော မည်သည့်စီမံကိန်းကိုမဆို လက်ခံသွားမည်မဟုတ်ကြောင်း မြစ်ကြီးနားမြို့နယ် တန်ဖဲကျေးရွာ မေခ-မလိခမြစ်ဆုံနေရာ ဝမ်ပေါင်စားသောက်ဆိုင်တွင် ယနေ့နံနက် ၁၀ နာရီက ဒေသခံပြည်သူလူထုက ဦးစီးပြုလုပ်သော မြစ်ဆုံရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲတွင် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးတူးခေါင်က ပြောသည်။

"ဘိုးဘွားများရဲ့ပြောဆိုချက်အရ တန်ဖဲကျေးရွာက ၁၉၀၀ ပြည့်နှစ်မှာ အိမ်ခြေ ၂၀ ကျော်ရှိပါတယ်။ ရွာရဲ့သက်တမ်းမှာ နှစ် ၂၀၀ ခန့်ရှိပါတယ်။ ကချင်လူမျိုးတွေဟာ ဟိမဝန္တာကနေ မြစ်ချောင်းတွေကို အစွဲပြုပြီးတော့ ဆင်းသက်လာတာလို့ သိရတယ်။ ကချင်လူမျိုးတွေရဲ့သမိုင်းမှာ မြစ်ဆုံက အင်မတန်မှ အရေးကြီးတယ်။ အထင်ကရ တစ်ခုဖြစ်တဲ့ မြစ်ဆုံကို ဖျက်ဆီးလိုက်မယ်ဆိုရင် ကချင်လူမျိုးများရော မြန်မာနိုင်ငံမှာနေထိုင်တဲ့ လူမျိုးအားလုံးရဲ့ နစ်နာဆုံးရှုံးမှုတွေရှိလာမယ်"ဟု တန်ဖဲကျေးရွာမှ အောင်မြင်သာစံပြကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သူ ဒေသခံ ဦးအောင်ဘန်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

"ကျွန်မကို တန်ဖဲမှာမွေးတယ်။ ဒီနေရာဟာ ဘိုးဘွားပိုင် တို့ပြည်တို့မြေဖြစ်ပါတယ်။ ကျွန်မတို့တန်ဖဲရွာကနေ မပြောင်းချင်ပေမယ့်လည်း ပြောင်းခဲ့ရတယ်။ ဒီတန်ဖဲရွာမှာလယ်ယာခြံဥယျာဉ် မွေးမြူရေးလုပ်လို့ရပြီး တန်ဖိုးရှိတယ်။ ဘိုးဘွားပိုင်မြေကို မဆုံးရှုံးချင်ဘူး၊ ပြန်လိုချင်တယ်။ ဒီအောင်မြင်သာစံပြကျေးရွာမှာနေထိုင်တာ ခြောက်နှစ်ရှိပြီ။ လေဘေးရေဘေး သဘာဝဘေး အမြဲကြုံနေရတယ်။ စိုက်ပျိုးဖို့အတွက် အလွန်အခက်အခဲဖြစ်နေပါတယ်။ ရွာမှာဆိုရင် သက်ကြီးရွယ်အိုနဲ့ ကလေးတွေပဲ နေထိုင်တာများပါတယ်။ လူကြီးတွေကတော့ နေ့စားအလုပ်သွားရောက်လုပ်ကိုင်ပြီး မိသားစု စားဝတ်နေရေးအတွက် ဖြေရှင်းပေးနေရတယ်။ အခက်အခဲတွေကြောင့် ကျောင်းသား ကျောင်းသူတွေကျောင်းထွက်လိုက်ရတာရှိနေပါတယ်။ အခုလက်ရှိ အစိုးရက မြစ်ဆုံရေကာတာစီမံကိန်းစုံစမ်းရေးကော်မရှင်တွေ ဒီဘက်လွှတ်ပေးလိုက်မယ်လို့ပြောတယ်။ ဘယ်အချိန်လာမှာလဲဆိုတာ မသိရဘူး။ မသိရဘဲ စုံစမ်းသွားပြီးလား မသိဘူး။ အခုအချိန်ထိ လက်တွေ့ကျကျလုပ်ဆောင်လာတာ မတွေ့ရှိရပါဘူး"ဟု အခြေခံလူထုဖွံ့ဖြိုးရေးကော်မတီဝင် ဒေါ်လုရာကပြောသည်။

မြစ်ဆုံရေကာတာစီမံကိန်းနှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်

"မြစ်ဆုံနေရာဟာ အင်ဂျာယန်၊ ဝိုင်းမော်-မြစ်ကြီးနား မြို့နယ်သုံးခုနဲ့ ဆက်စပ်မှုရှိပါတယ်။ မြစ်ဆုံစီမံကိန်းကြောင့် လယ်ယာမြေတွေပျက်စီးဆုံးရှုံးခဲ့တယ်။ စီမံကိန်း ဧရိယာအတွင်းမှာ ရွှေတူးဖော်မှုတွေ လုပ်ကိုင်နေတဲ့အတွက်ကြောင့် လယ်ယာမြေ ပျက်စီးပြီး သဲသောင်ပြင်တွေဖြစ်နေတာကို တွေ့ရှိရပါတယ်။ မေခ-မလိခမြစ်ကို သဘာဝအတိုင်းပဲရှိစေချင်တယ်။ မြစ်ဆုံစီမံကိန်း ဖျက်သိမ်းဖို့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေရဲ့ တာဝန်တွေဖြစ်ပါတယ်"ဟု စည်းရုံးရေးကော်မတီအဖွဲ့ဝင် ဆရာ ဦးမုန်ရာက ပြောသည်။

"မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို အရင်ကတည်းက စပြီး ယနေ့အချိန်ထိ ကန့်ကွက်ခဲ့ပါတယ်။ မြစ်ဆုံစီမံကိန်းစတာနဲ့ လုပ်ငန်းရှင်တွေဝင်လာပြီး ရွှေတူးဖော်မှုတွေ လုပ်ကိုင်လာတဲ့အတွက် သဘာဝပတ်ဝန်းကျင် ပိုမိုဆိုးရွားလာမှုတွေရှိခဲ့သလို မူးယစ်ဆေးဝါးတွေလည်း ဝင်လာကြတယ်။ အလုပ်သမားတွေဟာ မူးယစ်ဆေးဝါး သုံးစွဲမှုတွေရှိလာခဲ့တာကို တွေ့ရှိရပါတယ်။ မြစ်ဆုံစီမံကိန်းကြောင့် လျော်ကြေးလုံးဝမယူခဲ့ပါဘူး နစ်နာကြေးသာရယူခဲ့ပါတယ်။ ဒီနစ်နာကြေးတွေဟာ အသီးအနှံ အပင်တွေအတွက်သာ ဖြစ်ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲဟာ CBI ကုမ္ပဏီ၊ အစိုးရ၊ နိုင်ငံတကာ၊ ပြည်သူသိအောင် လုပ်တာဖြစ်ပါတယ်"ဟု အောင်မြင်သာစံပြကျေးရွာ နေ ဒေါ်ဂျာခေါ်န်က ပြောသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် မြစ်ဆုံဒေသနှင့် ပတ်သက်သော မြစ်ဆုံဒေသခံ ပြည်သူများ၏ သဘောထားထုတ်ပြန် ကြေညာခဲ့ကြပြီး ယင်းသတင်းစာရှင်းလင်းပွဲသို့ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ကြောင့် ပြောင်းရွှေ့နေထိုင်ခဲ့ကြသော အောင်မြင်သာစံပြကျေးရွာ၊ မလိယန်စံပြ ကျေးရွာနေပြည်သူများ၊ ဖိတ်ကြားထားသူများ ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းရာဇာ

အမျိုးသမီးငယ်တစ်ဦးကို ရောင်းစားခဲ့သူများအား အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီချမှတ်

နေပြည်တော် စက်တင်ဘာ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ အမျိုးသမီးတစ်ဦးအား တရုတ်နိုင်ငံသို့ အလည်သွားမည်ဟု လိမ်လည်ခေါ်ဆောင်၍ တရုတ်အမျိုးသားတစ်ဦးထံ ရောင်းစားခဲ့သူများ ဖြစ်သည့် မြစ်ကြီးနားမြို့နေ မဖြူဖြူဝင်း (ခ) ဖြူဖြူသင်း (၃၁ နှစ်)နှင့် ဝိုင်းမော်မြို့နေ မဘောမ်ဝင်း(ခ) မော်ဝင်း(၃၀နှစ်)တို့နှစ်ဦးကို မြစ်ကြီးနားခရိုင်တရားရုံးက စက်တင်ဘာ ၂ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်အား လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များက တွေ့ဆုံမေးမြန်းခဲ့ရာ မဘောမ်ဝင်း(ခ)မော်ဝင်းက မဖြူဖြူဝင်းအား တရုတ်အမျိုးသားနှင့် ပေးစားရန် အမျိုးသမီးငယ်ရှာခိုင်းသဖြင့် မဖြူဖြူဝင်းက မ - - - အားစည်းရုံးခဲ့ရာ မ- - - က သဘောမတူ၍ တရုတ်နိုင်ငံသို့ အလည်သွားမည်ဟု လိမ်လည်ခေါ်ဆောင်ခဲ့ကြောင်း၊ ဝိုင်းမော်မြို့တွင် အသင့်စောင့်နေသည့် မဘောမ်ဝင်း (ခ)မော်ဝင်းနှင့် အတူ ကန်ပိုက်တီးမှတစ်ဆင့် တရုတ်နိုင်ငံ ထိန်ချျုံရှိ မဘောမ်ဝင်း (ခ) မော်ဝင်း၏သမီးနေအိမ်သို့ ခေါ်ဆောင်သွားကြောင်း၊ ထို့နောက် မဘောမ်ဝင်း(ခ)မော်ဝင်းမှ မ - - - အား ပြင်ပသို့ အလည်အပတ်ခေါ်ဆောင်သွားပြီး တရုတ်အမျိုးသားတစ်ဦးထံ တရုတ်ငွေ ယွမ်သုံးသောင်း (မြန်မာငွေကျပ် ၅၂ သိန်း)ခန့်ဖြင့် ရောင်းစားခဲ့ကြောင်း၊ ရောင်းရငွေကျပ် ၅၂သိန်းကို မမော်ဝင်းက မဖြူဖြူဝင်းသို့ အပ်နှံထားကြောင်း၊ အပြန်ခရီးတွင် မမော်ဝင်းသည် ထိန်ချျုံတွင်နေခဲ့ပြီး မဖြူဖြူဝင်းက ပြန်လာခဲ့ကြောင်း၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၁၂) မြစ်ကြီးနားက မဖြူဖြူဝင်းအား မမော်ဝင်းနှင့် မ- - - တို့ကို ပြန်လည် ခေါ်ဆောင်ပေးပါက ပြဿနာများ ဖြေရှင်းနိုင်မည်ဟု စည်းရုံးပြောဆိုခဲ့ရာ မတ် ၁၃ ရက်တွင် မမော်ဝင်းနှင့် မ - - - တို့ ပြန်လည်ရောက်ရှိလာသဖြင့် တွေ့ဆုံမေးမြန်းပြီး မ- - - အား တရုတ်နိုင်ငံသို့ အလည်သွားမည်ဟု လိမ်လည်ခေါ်ဆောင်၍ တရုတ်အမျိုးသားတစ်ဦးထံ တရုတ်ငွေယွမ် သုံးသောင်း(မြန်မာငွေကျပ် ၅၂ သိန်း)ခန့်ဖြင့် ရောင်းစားခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် မဖြူဖြူဝင်း (ခ) ဖြူဖြူသင်းနှင့် မဘောမ်ဝင်း(ခ) မော်ဝင်းတို့ နှစ်ဦးအား မြစ်ကြီးနား နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှ မဖြူဖြူဝင်း (ခ) ဖြူဖြူသင်း (၃၁နှစ်)နှင့် ဝိုင်းမော်မြို့နေ မဘောမ်ဝင်း (ခ)မော်ဝင်းတို့အား မြစ်ကြီးနားခရိုင်တရားရုံးက စက်တင်ဘာ ၂ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့် အမှုမှသိမ်းဆည်းရမိသည့် သက်သေခံငွေများထဲမှ ငွေကျပ် သိန်း ၄၀ ကို လူကုန်ကူးခံရသူ မ- - - အား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မင်းနိုင် (လူကုန်တား)

ဖားကန့်၌ ငွေကျပ် ၇၃၅၅ သိန်းကျော်တန်ဖိုးရှိ ဘိန်းဖြူဆပ်ပြာခွက် ၆၁၆ခွက် ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၉ မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၈ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်-တာမခံသွား လမ်းမပေါ်၌ လဇိန်တူးရိန် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဆပ်ပြာခွက် ၆၁၆ ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူအလေးချိန် ၇ ဒသမ ၇၄၃ ကီလို(ယင်းဒေသတန်ဖိုး ငွေကျပ် ၇၃၅၅ ဒသမ ၈၅ သိန်း)ကို သိမ်းဆည်းရမိပြီး ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၊ ငပုတောမြို့နယ်၊ ရေကြည်မြို့နယ်၊ ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၊ မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ ဟင်္သာတခရိုင်ကြံခင်းမြို့နယ်၊ ဇလွန်မြို့နယ်၊ မြန်အောင်မြို့နယ်နှင့် ဟင်္သာတမြို့နယ်ရှိပြည်သူ့ဆေးရုံများတွင် ဆေးရုံအဆောက်အအုံမျိုးစုံလုပ်ငန်းသစ်(၂၁)ခုကို ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ပြီးစီးနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) စံကိုက်တိုက်နယ်ဆေးရုံတည်ဆောက်ခြင်း
(ခ) ၃ထပ်/၂ထပ်/တိုးချဲ့ ၁ထပ် လူနာဆောင်တည်ဆောက်ခြင်း
(ဂ) ဆေးသိုလှောင်ရုံဆောက်လုပ်ခြင်း
(ဃ) ဆေးရုံအကြီးစားမွမ်းမံခြင်း
(င) ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းများနေရာဒေသအလိုက် လိုအပ်ချက်များပါဝင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၂-၉-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၁၀-၂၀၁၆ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပိတ်မည် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူများသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်သည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှသာ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းပေးသွင်းပြီး သီးခြားစီတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက် သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန ဖုန်း-၀၄၂-၂၂၁၉၂၊ ၀၄၂-၂၃၁၉၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

FARMER AUTO SHOWROOM

ပြခန်း(၁) - အမှတ်(၁၈)၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကုန်။ ဖုန်း- ၀၉-၃၁၅၈၉၆၄၃၊
ပြခန်း(၂) - အမှတ်(၁၉)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉-၇၃၂၅၂၄၃၈
နေပြည်တော် - အမှတ်(၅၈၇)၊ ရာဇဌာနီလမ်း၊ နေပြည်တော်။ ဖုန်း- ၀၉- ၇၃၄၉၁၀၂၃
မကွေး - နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ မကွေးမြို့။ ဖုန်း - ၀၉-၃၁၈၂၄၀၄၇

ရန်ကုန်နှင့်နယ်လိုင်စင် TAXI ကားနှင့် တခြားကားများကို အရစ်ကျဝယ်ယူနိုင်ပါသည်

ဖခင်အမည်မှန်
ပေါက်ခေါင်း အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မိုင်ခင်မာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျင် ၇/ပခတ(နိုင်) ၀၂၃၃၁၄ဖြစ်ပါကြောင်း။ **ဦးအောင်ကျင်**

ဖခင်အမည်မှန်
နေပြည်တော်၊ တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(A_5)မှ မယုယဝေ၏ဖခင် အမည်မှန်မှာ ဦးထွန်းညိမ်း ဖြစ်ပါကြောင်း။ **ဦးထွန်းညိမ်း**

မိဘအမည်မှန်
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အထက(ခွဲ) သရက်ကုန်းစာဖြူစု တက္ကသိုလ်ဝင်တန်း (A)မှ မဖြူနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၇/သဝတ(နိုင်)၀၂၅၇၇၇ ဖြစ်ပါကြောင်း။ **ဦးဝင်းလှိုင်**

မိဘအမည်မှန်
မြောင်းမြမြို့နယ်၊ မဒေါ့ချောင်း အထက နဝမတန်း(A) မှ နန့်သက်နှင်းအေး၊ ပဥ္စမတန်းမှ နန့်နှင်းနှင်းလှိုင်တို့၏ မိဘအမည်မှန်မှာ မန်းဘာဘူ ၁၄/မမန(နိုင်)၂၇၆၆၅၇၊ နန့်ဥမ္မာ ၁၄/မမန(နိုင်)၂၈၀၇၀၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
ပဲခူးမြို့၊ အထက(၆)၊ တက္ကသိုလ်ဝင်တန်း(C)မှ မမီမီသွင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး(ခ)ဦးစိုးသိန်း ၇/ပခန(နိုင်)၀၇၅၄၃၆ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(A_5)မှ မောင်ပြည့်ဖြိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်အောင် ၉/တကန(နိုင်)၁၃၀၃၀၀ဖြစ်ပါကြောင်း။ **ဦးထွန်းမြင့်အောင် ၉/တကန(နိုင်)၁၃၀၃၀၀**

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် အထက (ခွဲ) သရက်ကုန်းစာဖြူစု တက္ကသိုလ်ဝင်တန်း(B) မှ မလင်းလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသောင်းရွှေ ၇/သဝတ(နိုင်)၀၄၅၇၄၇ ဖြစ်ပါကြောင်း။ **ဦးသောင်းရွှေ**

ပျောက်ဆုံးကြောင်း
ဦးကျော်သူရ (၁၄/အဂပ(နိုင်)၁၃၆၁၅၆) CDC 95742 ၏ သင်္ဘောသားလက်မှတ် (SSA) မှာ ခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၇၇၃၇၃၆၆၈၄

မြန်မာ့လက်ရွေးစင်အသင်း ဥရောပခရီးစဉ်အတွက် အပြီးသတ်လေ့ကျင့်ပြင်ဆင်

ရန်ကုန် စက်တင်ဘာ ၉

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဥရောပနိုင်ငံများတွင် လေ့ကျင့်မှုပြုလုပ်ရန် မြန်မာ့လက်ရွေးစင်အသင်းသည် အပြီးသတ်ကစားသမား ၂၅ ဦး ရွေးချယ်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ထွက်ခွာမည်ဖြစ်သည်။

ဥရောပခရီးစဉ်မတိုင်မီ မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်

မြန်မာ့လက်ရွေးစင်အသင်းသည် ထပ်တိုးကစားသမားနှစ်ဦး အပါအဝင် ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ခဲ့ပြီး ဥရောပခရီးစဉ်အတွက် ပဏာမကစားသမားသုံးဦး လျှော့ချခဲ့ခြင်းဖြစ်သည်။ အပြီးသတ် ရွေးချယ်ရာတွင် ဒဏ်ရာရရှိနေသည့် တောင်ပံကစားသမား ကြည်လင်းအပါအဝင် နောက်ခံလူ ဖြိုးပိုင်စိုး၊ ကွင်းလယ်ကစားသမား သန်းဇော်ဟိန်းတို့ ရွေးချယ်ခံရခြင်းမရှိပေ။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီတွင် ယူအေအီးနိုင်ငံမှတစ်ဆင့် ဂျာမနီနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၁ ဦး၊ ကစားသမား ၂၅ ဦး လိုက်ပါသွားမည်ဖြစ်သည်။ ဥရောပခရီးစဉ်သွားရောက်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဂျတ်ဖရိုင်းဒရစ်၊ **လက်ထောက်နည်းပြ**-ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ **ကြံ့ခိုင်ရေးနည်းပြ**-မီရိုဆလပ်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ဖြိုး၊ ရန်အောင်လင်း၊ ပြည့်ဖြိုးအောင်၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ကျော်ဇင်လွင်၊ နန္ဒကျော်၊ ဇော်မင်းထွန်း၊ ဇော်လင်း၊ အောင်ဇော်၊ ဟိန်းသီဟဇော်၊ ဖြိုးကိုကိုသိန်း၊ မျိုးကိုထွန်း၊ **အလယ်တန်း**-ရန်အောင်ကျော်၊ လှိုင်းဘိုဘို၊ ရဲကိုဦး၊ ဇင်ဖြိုးအောင်၊ သီဟဇော်၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ ဆက်ဖြိုးဝေ၊ ဆောင်လမန်၊ **ရှေ့တန်း**-ကျော်ကိုကို၊ အောင်သူ၊ ဝင်းနိုင်စိုးနှင့် သန်းပိုင်တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဩဂုတ် ၂၃ ရက်က စတင်လေ့ကျင့်ခဲ့ပြီး စက်တင်ဘာလဆန်းပိုင်းတွင် နိုင်ငံတကာခြေစမ်းပွဲကစားရန် စီစဉ်ခဲ့သော်လည်း အဆင်မပြေခဲ့သောကြောင့် စက်တင်ဘာ ၇ ရက်က ယူ-၁၉ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက် ညနေပိုင်းတွင် ဂျာမနီနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလကုန်ပိုင်းအထိ ဂျာမနီနိုင်ငံ၌ နေထိုင်လေ့ကျင့်မည်ဖြစ်ပြီး နယ်သာလန်နှင့် ဘယ်လ်ဂျီယံနိုင်ငံတို့၌ ခြေစမ်းပွဲငါးပွဲ သွားရောက်ကစားမည်ဖြစ်သည်။ ထို့ပြင် အောက်တိုဘာ လဆန်းပိုင်းမှစတင်ကာ ဆိုက်ပရပ်စ်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ခြေစမ်းပွဲထပ်မံကစားမည်ဖြစ်ကာ အီတလီနိုင်ငံ၌ခြေစမ်းပွဲ ကစားခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခရီးစဉ်တွင် ခြေစမ်းပွဲကိုးပွဲ ကစားမည်ဖြစ်ပြီး ပထမဆုံး ခြေစမ်းပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-ဖိုးသော်ဇင်

ဆုရပြိုင်ပွဲဝင် ကစားသမားသုံးဦးအား တွေ့ရစဉ်။

အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင်များ အိမ်ပြန်လှခဲ့

ရန်ကုန် စက်တင်ဘာ ၉

ဘူတန်နိုင်ငံ Timphu မြို့၌ကျင်းပသော အကြိမ်(၅၀)မြောက် အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားတံခွန်စိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်သော ဆုရ မောင်/မယ် များ ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ပြိုင်ပွဲအား စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ ကျင်းပရာ အိမ်ရှင်ဘူတန်နိုင်ငံ အပါအဝင် တရုတ်၊ မကာအို၊ အီရတ်၊ အင်ဒိုနီးရှား၊ UAE ၊ တောင်ကိုရီးယား၊ မြန်မာ၊ မော်လ်ဒိုက်၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ ဥဇဘတ်ကစ္စတန် အပါအဝင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၈ နိုင်ငံမှ အားကစား မောင်/မယ် ၃၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်သော ကာယဗလ ၆၅ ကီလိုဝိတ်တန်းတွင် နိုင်ငံပေါင်း ၁၀ နိုင်ငံ ယှဉ်ပြိုင်ကြရာ ထွန်းမင်းက ပထမဆု ရွှေတံဆိပ်၊ ဗီယက်နမ်က ဒုတိယဆု ငွေတံဆိပ်၊ အိန္ဒိယက တတိယဆု ကြေးတံဆိပ်ရရှိသည်။ ကာယဗလ ၆၀ ကီလိုတန်းတွင် ထွန်းထွန်းအောင်က ပထမဆု ရွှေတံဆိပ်၊ တရုတ်က ဒုတိယဆု ငွေတံဆိပ်၊ မလေးရှားက တတိယဆု ကြေးတံဆိပ်ရရှိသည်။ အသက် ၄၀/၅၀နှစ်ကြား မာစတာတန်းတွင် မလေးရှားက ပထမဆု ရွှေတံဆိပ်၊ ဥဇဘတ်ကစ္စတန်က ဒုတိယဆု ငွေတံဆိပ်၊ ထွန်းထွန်းအောင်က တတိယဆု ကြေးတံဆိပ် ဆွတ်ခူးရရှိသည်။ ၁၆၀ စင်တီမီတာအောက် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ထိုင်းနိုင်ငံက ပထမဆု၊ မွန်ဂိုလီးယားက ဒုတိယ၊ စင်ကာပူက တတိယ၊ နန်းလောင်ခမ်း (မြန်မာ)က စတုတ္ထဆုနှင့် တရုတ်နိုင်ငံက ပဉ္စမဆု ဆွတ်ခူးရရှိကြောင်း သိရသည်။ ယင်းနေ့ညတွင် ရန်ကုန်လေဆိပ်သို့ရောက်ရှိလာသည့် ၆၅ ကီလိုတန်းတွင် ရွှေတံဆိပ်ဆုရသော ထွန်းမင်းက "ဒီဆုကို ကျွန်တော့်အသက်နဲ့ရင်းပြီး ရခဲ့တာလို့ ပြောလို့ရပါတယ်။ ပြိုင်ပွဲကျင်းပစဉ် စင်ပေါ်ကိုတက်ရောက်ခါနီးမှာ ကြွက်တက်သွားတဲ့အတွက် အခြားနိုင်ငံခြားသားနည်းပြတစ်ဦးက လာပြီးကူညီပေးလို့ ကောင်းမွန်စွာနဲ့ ယှဉ်ပြိုင်ခွင့်ရခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဒုတိယပဲ မှန်းထားတာပါ၊ ကံကောင်းစွာနဲ့ ပထမဆုရရှိခဲ့လို့ အလွန်ကို ဝမ်းသာပါတယ်"ဟုပြောသည်။

ဆက်လက်၍ ၁၆၀ စင်တီမီတာအောက် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် စတုတ္ထဆုရခဲ့သောကာယအလှမယ် နန်းလောင်ခမ်းက "ကျွန်မအနေနဲ့ ဒီပြိုင်ပွဲမှာ အကောင်းဆုံးကြိုးစားခဲ့ပါတယ်။ မျိုးဆက်သစ် ကာယအလှမယ်တွေလည်း ဇွဲရှိရှိနဲ့ကြိုးစားကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ထို့နောက် ပြိုင်ပွဲဝင်ဆုရကစားသမားများနှင့်အတူ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုဥက္ကဋ္ဌ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးညီညီ ဦးဆောင်သောအဖွဲ့ဝင်များ ရောက်ရှိလာရာ အဆိုပါအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မိသားစုဝင်များနှင့် အလှမယ်လေးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းအမည်	LOT
၁။	ကန့်ဘလူခရိုင်တွင် ပေ(၉၀×၃၀)၊ လေးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း	LOT-1
၂။	ကလေးမြို့နယ်တွင် ပေ(၉၀×၃၀)၊ လေးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း	LOT-2
၃။	မော်လိုက်ခရိုင်တွင် ပေ(၉၀×၃၀) လေးခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း	LOT-3
၄။	မော်တော်ယာဉ်(၁၂)စီးဝယ်ယူခြင်း Van ၁စီး၊ Double Cub or Extra Cub(၁၁)စီး	LOT-4

တင်ဒါရောင်းချမည့်နေရာ - တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့
တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၂-၉-၂၀၁၆ ရက်
တင်ဒါလျှောက်လွှာပိတ်သိမ်းမည့်ရက် - ၁-၁၀-၂၀၁၆ ရက် ၁၆း၀၀နာရီ

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၇၁-၂၀၃၂၅၃၂၊ ၀၇၁-၂၀၃၂၀၃၂

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Sat & Sun-3:45-6:45 pm 3 Sep
Mon to Thurs-3:00-5:00pm 5 Sep
Mon to Thurs-5:30-7:00pm 5,26 Sep
Sat & Sun-12:30-3:30 pm 10 Sep
Mon to Thurs-10:00-12:00am 12 Sep
Mon to Thurs-1:00-3:00pm 12,26 Sep
Mon to Thurs-7:30-9:30am 19,26 Sep

Grammar Foundation Course
Mon to Thurs-3:30-5:00pm 5 Sep
Mon to Thurs-10:00-12:00am 19 Sep

Pre-Intermediate English
Mon to Thurs-5:30-7:00pm 19 Sep

Structure & Written Expression
Mon to Thurs-1:00-3:00pm 5 Sep
Sat & Sun - 12:30 - 3:30pm 10 Sep
Mon to Thurs-5:30-7:00pm 19 Sep

Basic Writing Course
Mon to Thurs-10:00-12:00am 12 Sep

TOEFL Paper - based Test Preparation Course
Mon to Thurs-3:30-5:00pm 5 Sep

NEW SAT,IELTS,API,AWC,IE,VEC

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၇၉/၃၁၇၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1I/4296 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ရှမ်းပြည်နယ်(ကျိုင်းတုံ) ကျိုင်းတုံမြို့နယ်
နောင်နွန်းဝန်ထမ်းအိမ်ရာဝင်းခြံစည်းရိုးခတ်နိုင်ရေးဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ် (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့နယ် နောင်နွန်း ဝန်ထမ်းအိမ်ရာဝင်းတွင် အောက်ပါခြံစည်းရိုးခတ်နိုင်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

(က) နောင်နွန်းဝန်ထမ်းအိမ်ရာဝင်းခြံစည်းရိုး
အင်္ဂတေတိုင်(၂၇၉)တိုင်၊ သံဆူးကြိုး(၁၈၄၅ ပေ×၆ တန်း)ပေ လုပ်အားခ အပါအဝင်(ပုတ်ပြတ်) ကျပ်(၇၁၀၂၅၁၀/-)

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များသည် အဆိုပြုလွှာများကို ၉-၉-၂၀၁၆ ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၁၆-၉-၂၀၁၆ ရက် နောက်ဆုံးထား၍ လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံခရိုင်ရုံးနှင့် မြို့နယ်ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့နယ်ရုံးသို့ ရုံးချိန်အတွင်းပေးပို့တင်သွင်းရန်နှင့် တင်ဒါခေါ်ယူခြင်းအား ၂၀-၉-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီတွင် ကျိုင်းတုံမြို့နယ်၊ သစ်တောဦးစီးဌာနတွင် ကျင်းပမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခွင့်၊ ကုမ္ပဏီ Profile ကိုပါ တင်ရမည်။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(က) ဥက္ကဋ္ဌ၊ တင်ဒါစိစစ်ရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံမြို့နယ်။ ဖုန်း-၀၉-၈၆၈၀၆၂၉၊ ၀၈၄-၂၁၀၅၃ (ရုံး)
(ခ) လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ ကျိုင်းတုံ-မိုင်းဆတ်ခရိုင်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၃၃၁၈ (ရုံး)

ဝန်ထမ်းအလိုရှိသည်
(၁) ယာဉ်မောင်း (ကျွမ်းကျင်) (ကျား)
(၂) တွဲဖက်အဆောင်မှူး/Guide (ဘွဲ့ရ) (ကျား)
အဆောင်နေနိုင်သူဦးစားပေးမည်။(ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း)
၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သယ်န်းကျွန်း၊ ရန်ကုန်။
ဖုန်း - ၀၉ ၇၃၀၀၄၇၂၀၊ ၀၁ ၅၆၂၈၃၀၊ ၀၉ ၃၁ ၂၃၃ ၂၇၅၊ ၀၉ ၂၅၉ ၂၅၈၄၀၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 4k/9566 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ယ/၄၂၀၃၈ Honda C90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဘိုရွှေ ၁၃/မဆတ(နိုင်)၀၀၅၆၃၆က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မူဆယ်) မူဆယ်မြို့

asean
THE ASEAN SECRETARIAT INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING VACANCIES:

1. CHIEF INTERNAL AUDITOR (ARISE)
2. ASSISTANT DIRECTOR EXTERNAL RELATIONS DIVISION 2
3. ASSISTANT DIRECTOR SCIENCE & TECHNOLOGY
4. ASSISTANT DIRECTOR ADMINISTRATION & GENERAL AFFAIRS
5. SENIOR OFFICER ENTERPRISE DEVELOPMENT
6. SENIOR OFFICER PROJECT MANAGEMENT OFFICE

For details on Terms of Reference and application, please visit www.asean.org/opportunities/vacancies-asec/

ဖခင်အမည်မှန်
မိုးကောင်းမြို့နယ်၊ အထက ပင်းဘော တက္ကသိုလ်ဝင်တန်း(B)မှ မဘောက်နူး ၁/မကတ(နိုင်)၁၄၄၁၅၉ ၏ ဖခင်အမည်မှန်မှာ ဦးပြုံးချို ၁/မကတ(နိုင်)၀၀၁၉၆၈ ဖြစ်ပါသည်။
ဦးပြုံးချို ၁/မကတ(နိုင်)၀၀၁၉၆၈

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း

အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၆ ခုနှစ်၊ လ ရက်)

နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုများကို ကာကွယ်ပေးနိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုဆိုသည်။

(ခ) **နိုင်ငံသား** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း နိုင်ငံသားဖြစ်သူကို ဆိုသည်။

(ဂ) **ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ဥပဒေနှင့်အညီ လွတ်လပ်စွာသွားလာဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ နေထိုင်နိုင်ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့်ကို ဆိုသည်။

(ဃ) **ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု** ဆိုသည်မှာ နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စရပ်များလုံခြုံမှုကိုဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားတစ်ဦး၏ နေအိမ်ဥပစာလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုတို့ပါဝင်သည်။

(င) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

အခန်း(၂)

နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးခြင်း

၃။ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အပြည့်အဝရရှိခံစားခွင့်ရှိသည်။

၄။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် တာဝန်ရှိသူများသည် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုနစ်နာဆုံးရှုံးခြင်းမရှိစေရန် ကာကွယ်ပေးရမည်။

အခန်း (၃)

သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်များ

၅။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည်-

(က) တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး မည်သူ့ကိုမျှပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမရှိစေရန် တာဝန်ယူဆောင်ရွက်ရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦး၏ နေအိမ်အဖြစ်အသုံးပြုသော အခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်းသို့ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်း ပြုလုပ်လိုလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖြစ်စေ၊ ရာအိမ်မှူး သို့မဟုတ် ဆယ်အိမ်မှူးဖြစ်စေ အနည်းဆုံး သက်သေနှစ်ဦးနှင့်အတူ ဆောင်ရွက်ရမည်။

၆။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တာဝန်ရှိသူများသည် ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်ကြားချက်ကို လက်ခံရရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။ မိမိဌာနက အရေးယူဆောင်ရွက်ရမည့် ကိစ္စမဟုတ်ကြောင်း ပေါ်ပေါက်ပါက အကျိုးအကြောင်းဖော်ပြ၍ တိုင်ကြားသူထံ ရက်ပေါင်း(၃၀)အတွင်း ပြန်ကြားရမည့်အပြင် ယင်းပြန်ကြားစာတွင် မည်သည့်ဌာနအဖွဲ့အစည်းတွင် တိုင်ကြားသင့်ကြောင်း အကြံပြုချက်ပါရှိရမည်။

အခန်း(၄)

တားမြစ်ချက်များ

၇။ မည်သူမျှ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ မည်သူ့ကိုမျှ ၂၄ နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မပြုရ။

၈။ မည်သူမျှ ဥပဒေနှင့်အညီ ခွင့်ပြုမိန့် တစ်စုံတစ်ရာမရရှိဘဲ-

(က) နိုင်ငံသားတစ်ဦး၏နေအိမ်၊ နေအိမ်အဖြစ် အသုံးပြုသောအခန်း၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် သူတစ်ဦးဦးအား ဖမ်းဆီးခြင်းမပြုရ။

(ခ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အနှောင့်အယှက် ဖြစ်စေသော သို့မဟုတ် လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်းနှင့် စုံစမ်းခြင်းမပြုရ။

(ဂ) ပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား ဆက်သွယ်ရေးပစ္စည်းကိရိယာ တစ်မျိုးမျိုးဖြင့် ဆက်သွယ်ပြောကြားခြင်းကို ကြားဖြတ်ဖမ်းယူနားထောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အနှောင့်အယှက်ပေးခြင်းမပြုရ။

(ဃ) ဆက်သွယ်ရေး အော်ပရေတာများထံမှ ပုဂ္ဂိုလ်ဆိုင်ရာ တယ်လီဖုန်းနှင့် အီလက်ထရွန်နစ်ဆက်သွယ်ရေး သတင်းအချက်အလက်များအား တောင်းယူခြင်း၊ ထုတ်ပေးခြင်းမပြုရ။

(င) အခြားသူ၏ ပုဂ္ဂိုလ်ဆိုင်ရာ ကိစ္စအလို့ငှာ ဆက်သွယ်ပေးပို့သည့် စာပေးစာယူ၊ စာအိတ်၊ ချောထုပ်၊ ပါဆယ်ထုပ်တစ်ခုခုကို ဖွင့်ဖောက်ခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

(စ) နိုင်ငံသားတစ်ဦး၏ ပုဂ္ဂိုလ်ဆိုင်ရာ၊ မိသားစုရေးရာ ကိစ္စများတွင် အဓမ္မဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် လူတစ်ဦး၏ ဂုဏ်သိက္ခာနှင့် ထင်ပေါ်ကျော်ကြားမှုကို ပုတ်ခတ်ခြင်း သို့မဟုတ် ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းမပြုရ။

(ဆ) နိုင်ငံသားတစ်ဦး၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုသော်လည်းကောင်း မတရားသိမ်းယူခြင်းမပြုရ။

၉။ တည်ဆဲဥပဒေ တစ်ရပ်ရပ်၌ အတိအလင်း ခွင့်ပြုထားခြင်းမရှိလျှင် မည်သူမျှ နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုမိန့် သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ၊ နိုင်ငံသားတစ်ဦးဦးအား လူ့ဂုဏ်သိက္ခာကို ထိခိုက်စေနိုင်သော နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ စုံထောက်ခြင်း၊ စုံစမ်းခြင်း၊ ဝင်ရောက်ရှာဖွေသိမ်းဆည်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းမပြုရ။

၁၀။ မည်သည့်ရဲတပ်ဖွဲ့ စခန်းမှူးမဆို ဤဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် တိုင်တန်းချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ သတင်းပေးချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ နှင့် အညီ ချက်ချင်းအရေးယူဆောင်ရွက်ရမည်။

အခန်း (၅)

ပြစ်ဒဏ်များ

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ် ၁၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၂။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀ ပါ တားမြစ်ချက်ကိုသော်လည်းကောင်း ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံးကျပ် ၂၅ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၁၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ တာဝန်ပေးခြင်း သို့မဟုတ် ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်းပြုလျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

အခန်း(၆)

အထွေထွေ

၁၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သမျှ ဤဥပဒေအရသာလျှင် အရေးယူရမည်။

၁၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

လူငယ်များ အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်များရှာဖွေနိုင်ပြီ

ရန်ကုန် စက်တင်ဘာ ၉

လူငယ်လူရွယ်များအနေဖြင့် အလုပ်အကိုင်များရှာဖွေရာတွင် အခက်အခဲမရှိစေရေးစီစဉ်မှုတစ်ရပ်အဖြစ် မိုဘိုင်းဖုန်းအသုံးပြု၍ အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်များရှာဖွေလုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာFacebook အသုံးပြုသူဦးရေဟာ ၁၀ သန်းကျော်အထိရှိလာပါတယ်။ လူငယ်လူရွယ်တွေ ဒီလူမှုကွန်ရက်ကနေတစ်ဆင့် အလုပ်အကိုင်ရှာဖွေမှုဟာ ထိပ်တန်းနေရာတစ်ခုသို့ ရောက်ရှိလာနေပြီဖြစ်ပါတယ်" ဟု My Jobs. com.mm မှCEO Hans Van Beekက စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက စင်ထရယ်ဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

ယခုအခါ MyJobs. Com.mm ဝက်ဘ်ဆိုက်သည် မြန်မာနိုင်ငံ၏ ဦးဆောင်အလုပ်အကိုင် ရှာဖွေရေး ထိပ်တန်းနေရာတစ်ခု ဖြစ်လာကြောင်း၊ ယင်းဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ချိန်မှစပြီး လူသိများလာကာ အလုပ်ရှင်ကုမ္ပဏီများနှင့် အလုပ်လျှောက်ထားသူ လူငယ်များအကြား တိုက်ရိုက်ထိတွေ့နိုင်သည့်နေရာတစ်ခုဖြစ်လာကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ထိပ်တန်းပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံတကာကုမ္ပဏီများအပါ အဝင်ကုမ္ပဏီပေါင်း ၃၀၀ ကျော်၊ အလုပ်အကိုင်ပေါင်း ၃၀၀ ကျော် တစ်နေရာတည်းတွေ့ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလုပ်အကိုင်ရှာဖွေသူများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အလုပ်အကိုင်များစွာကို တွေ့ရှိနိုင်ပြီး အွန်လိုင်းမှအချိန်ကုန်သက်သာစွာဖြင့် အလုပ်ရှာဖွေနိုင်ပြီဖြစ်ကြောင်း၊ ယင်းဝက်ဘ်ဆိုက်သည် The Network အဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်သွားပြီဖြစ်ကြောင်း၊ The Network သည် ကမ္ဘာပေါ်တွင် အကြီးဆုံး အလုပ်အကိုင်ရှာဖွေရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံအသီးသီးမှ ကျွမ်းကျင်ဝန်ထမ်းများကိုရရှိရန် နိုင်ငံတကာရှိ ကုမ္ပဏီများစွာမှ ယုံကြည်လျက်ရှိပြီး The Network အသုံးပြုခြင်းကြောင့် နိုင်ငံပေါင်း ၁၃၈ နိုင်ငံရှိ အရည်အချင်းရှိသူများကို အလွယ်တကူ ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း-မြင့်မောင်စိုး

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ကျောင်းသားလူငယ်များအား အသိပညာပေးဟောပြော

လဲချား စက်တင်ဘာ ၉

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ သီရိဟံသာအားကစားခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူမှောင်ခို/လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်နှင့် ယာဉ်/လမ်းစည်းကမ်းထိန်းသိမ်းရေးအကြောင်းတို့ကိုလည်းကောင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇင်မောင်နွယ်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ် ဥပဒေအရာရှိ ဦးမင်းမင်းနိုင်က လူမှောင်ခို၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်သော အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်း၍ အသိပညာပေးဟောပြောဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှုတိုက်ဖျက်ရေးဟောပြော

ရန်ကုန် စက်တင်ဘာ ၉

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို အထိမ်းအမှတ်နှင့် ဆေးလိပ်၊ ကွမ်းစားသုံးမှုပပျောက်ရေးဆိုင်ရာ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ပြိုင်ပွဲများကို စက်တင်ဘာလပထမပတ်က အထက(၁)ဒဂုံရှိ ဒဂုံသီရိခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဒဂုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်း၊ ဆေးလိပ်၊ ကွမ်းစားသုံးမှုပပျောက်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကွန်ပျူတာပညာရှင်အသင်း၏ ရွှေလျှား ICT လေ့လာသင်ယူရေးစင်တာတွင် အခြေခံကွန်ပျူတာသင်တန်းပို့ချရန် စေတနာ့ဝန်ထမ်း ဆရာဆရာမငါးဦး အလိုရှိ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ထန်းတပင်မြို့နယ်အတွင်း ရွှေလျှား ICT လေ့လာသင်ယူရေးစင်တာဖြင့် အခြေခံကွန်ပျူတာသင်တန်းများ သွားရောက်ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ရာ အဆိုပါစင်တာတွင် တာဝန်ထမ်းဆောင်ရန် စေတနာ့ဝန်ထမ်း နည်းပြဆရာ ဆရာမ ငါးဦးကို အလိုရှိနေပြီး စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်း နည်းပြငါးဦးအနေဖြင့် သင်တန်းအချိန်တစ်ကြိမ်လျှင် ၁၆ ဦးကို သင်ကြားပေးရမည်ဖြစ်ပြီး သင်တန်းကို နေ့စဉ်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဘာသာရပ်များအနေဖြင့် Microsoft Windows 8 Operating System, MS Office 2010 (Word, Excel, PowerPoint), အင်္ဂလိပ်စာနှင့် မြန်မာစာ စာစီစာရိုက်၊ အခြေခံအင်တာနက်အသုံးပြုခြင်းစသော အခြေခံ အသုံးချ ဘာသာရပ်များကို နည်းပြ/သရုပ်ပြအနေဖြင့် လက်တွေ့လေ့ကျင့်သင်ကြားပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း နေစရိတ်၊ စားစရိတ် စီစဉ်ပေးမည်ဖြစ်ကာ သင်တန်းကာလ သုံးလအတွက် ငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း၊ ထို့အပြင် သင်ကြားရေးပရောဂျက်ကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပါက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ခံစာကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စေတနာ့ဝန်ထမ်း နည်းပြများအဖြစ် တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် MICT Park အဆောင်(၉) မြေညီထပ်ရှိ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၀၁-၆၅၂၂၇၆ နှင့် ၀၉-၇၃၀၈၈၃၀၀ သို့လည်းကောင်း၊ အီးမေးလ်- yrcpaoffice@gmail.com သို့လည်းကောင်း စက်တင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

သူရဖြိုး

Galaxy Note 7 ရောင်းချမည့်ရက်ကို နောက်ဆုတ်သတ်မှတ်ပြီး ကြိုတင်ဝယ်ယူထားသူများကို ပြန်လည်အစားထိုးလဲလှယ်ပေးမည်

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတကာဈေးကွက်တွင် မကြာမီက ဆမ်ဆောင်း Galaxy Note 7 စမတ်ဖုန်းကို စတင်ရောင်းချပြီးနောက် ဘက်ထရီအပူလွန်ကဲခြင်းနှင့် ဘက်ထရီပေါက်ကွဲသည့် သတင်းများ ထွက်ပေါ်လာခဲ့ရာ ပြည်တွင်း၌လည်း စက်တင်ဘာ ၁၁ ရက်တွင် စတင်ရောင်းချမည့်အစီအစဉ်ကို ရက်နောက်ဆုတ်ရွှေ့ဆိုင်းလိုက်ကာ ကြိုတင်ဝယ်ယူထားပြီးသူများကိုလည်း အသစ်တစ်လုံးဖြင့် အစားထိုးလဲလှယ်ပေးသွားမည်ဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုအသစ်ထွက်ထားသည့် Galaxy Note 7 နှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပျက်နေသည့် အကြောင်းအရာများကို ဆမ်ဆောင်းမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဘက်ထရီဆဲလ်နှင့်ပတ်သက်သည့်ပြဿနာကို တွေ့ရှိခဲ့ရသည့်တွက် Galaxy Note7 ရောင်းချမှုကို ကမ္ဘာတစ်ဝန်းတွင် ရပ်တန့်လိုက်ပြီး မြန်မာနိုင်ငံ၌ လာမည့် စက်တင်ဘာ ၁၁ ရက်တွင် စတင်ရောင်းချမည့်အစီအစဉ်ကိုလည်း ဝမ်းနည်းစွာဖြင့် နောက်ဆုတ်လိုက်ရပါကြောင်း ဆမ်ဆောင်းမြန်မာ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"စက်တင်ဘာလ ၁ ရက်နေ့ကနေ ယနေ့အထိ ကမ္ဘာတစ်ဝန်းကသုံးစွဲသူတွေ ပေးပို့လာတဲ့အကြောင်းအရာ စုစုပေါင်း ၃၅ ခုကို သိရှိလက်ခံရရှိခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဈေးကွက်ထဲမှာ လက်ရှိပြဿနာရှိနိုင်ခြေရှိတဲ့ ဘက်ထရီတွေကို စစ်ဆေးဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူ၊ ကုန်ပစ္စည်းတင်သွင်းသူတွေနဲ့ အတူတကွ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် ဆမ်ဆောင်းအတွက်တော့ သုံးစွဲသူတွေရဲ့လုံခြုံရေးဟာ အဓိကဦးစားပေးဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ Galaxy Note 7 ရောင်းချမှုကို ရပ်တန့်လိုက်ပြီဖြစ်ပါတယ်။ Galaxy Note 7 ဖုန်းဝယ်ယူပြီးသူ သုံးစွဲသူများကိုလည်း လက်ရှိဝယ်ယူထားတဲ့ဖုန်းတွေကို လာမယ့်အပတ်တွေမှာ ဖုန်းအသစ်တစ်လုံးနဲ့ ပြန်လည် အစားထိုးလဲလှယ်ပေးမှာဖြစ်ပါတယ်"ဟုလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြန်လည်အစားထိုးလဲလှယ်ပေးမည့်အစီအစဉ်ကို အောက်တိုဘာလတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ အစားထိုးလဲလှယ်ပေးမည့်အစီအစဉ် အသေးစိတ်ကို မြန်မာနိုင်ငံသို့ Note 7 ဖုန်းသစ်များ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဇဘဏ်မှတစ်ဆင့် ကြိုတင်မှာယူစနစ်ဖြင့် တရားဝင်ရောင်းချခဲ့သော ဖုန်းများကို ဝယ်ယူထားပြီးသည့်သုံးစွဲသူများအနေဖြင့် အောက်တိုဘာလအထိ မစောင့်ဆိုင်းနိုင်ဘဲ ငွေပြန်အမ်းရယူလိုပါကလည်း ဝယ်ယူထားသည့် Galaxy Note 7 ဖုန်းကို မိမိတို့ Pre-Order မှာယူထုတ်ယူခဲ့သည့်ဆိုင်သို့ မူလဖုန်းဘူးအပြည့်အစုံ(လက်ဆောင်အိတ်၊ အားသွင်းကြိုး+ဖုန်းကာဗာ၊ ဘူးနှင့်ဆက်စပ်ပစ္စည်းများ)၊ ဝယ်ယူပေးချေထားသည့်ဘောက်ချာမူရင်းနှင့် ကမ္ဘောဇဘဏ်အကောင့် နံပါတ်များဖြင့် စက်တင်ဘာ ၇ ရက်မှ ၁၈ ရက်အတွင်း သွားရောက်ကာ ငွေသားပြန်အမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုနေ့ထက်ကျော်သွားပါက အသစ်လဲလှယ်ပေးခြင်းကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

MyJobs.com.mm ဝက်ဘ်ဆိုက်ကို The Network အဖွဲ့အစည်းက အဖွဲ့ဝင်အဖြစ်လက်ခံ

ရန်ကုန် စက်တင်ဘာ ၉

ကမ္ဘာပေါ်တွင် အကြီးဆုံးအလုပ်အကိုင်ရှာဖွေရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံအသီးသီးမှ ကျွမ်းကျင်ဝန်ထမ်းများကိုရရှိရန် နိုင်ငံတကာရှိကုမ္ပဏီများစွာမှ ယုံကြည်စိတ်ချစွာ အသုံးပြုလျက်ရှိသည့် The Network အဖွဲ့အစည်းက မြန်မာနိုင်ငံရှိ အလုပ်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော MyJobs.com.mm ဝက်ဘ်ဆိုက်ကို အဖွဲ့ဝင်အဖြစ် လက်ခံပြီး မြန်မာနိုင်ငံ၏ ဦးဆောင်အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ကြောင်း သိရသည်။



The Network အနေဖြင့် ၎င်းတို့အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ် ရွေးချယ်ရာတွင် ဈေးကွက်တွင်း မှန်ကန်မှုရှိသော အလုပ်အကိုင်အခွင့်အလမ်းများနှင့် သုံးစွဲသူအများဆုံး၊ ယုံကြည်စိတ်ချရဆုံး အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီကို သက်ဆိုင်ရာနိုင်ငံကိုယ်စားပြုကုမ္ပဏီအဖြစ် ရွေးချယ်လေ့ရှိပြီး The Network က MyJobs.com.mm ကို မြန်မာနိုင်ငံကိုယ်စားပြု online job portal အဖြစ်လက်ခံထားခြင်းကြောင့် မြန်မာနိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် အခြားနိုင်ငံများမှဝန်ထမ်းများ ခေါ်ယူလိုပါက The Network ဝက်ဘ်ဆိုက်မှတစ်ဆင့် နိုင်ငံ ၁၃၈ နိုင်ငံတွင်ရှိသော အကောင်းဆုံး အလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီများကို ဆက်သွယ်ပြီး ယင်းနိုင်ငံများရှိ ဝန်ထမ်းရှာဖွေကျွမ်းကျင်သူများထံမှတစ်ဆင့် ဝန်ထမ်းများကို အချိန်ကုန်သက်သာ လွယ်ကူစွာ ရှာဖွေခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

MyJobs.com.mm ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ ထိပ်တန်း ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံတကာကုမ္ပဏီများအပါအဝင် ကုမ္ပဏီပေါင်း ၃၀၀ ကျော်မှ အလုပ်အကိုင်နေရာပေါင်း ၃၀၀၀ ခန့်ကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ကြောင်း၊ မိုဘိုင်းဖုန်းဖြင့်လည်း လွယ်ကူစွာဝင်ရောက်အသုံးပြုနိုင်အောင် ပြုလုပ်ထားကာ အလုပ်လျှောက်ထားရာတွင်လည်း အွန်လိုင်းမှပင် လျှောက်ထားနိုင်အောင် ဆောင်ရွက်ပေးထားကြောင်း၊ ရာပေါင်းများစွာသော ကုမ္ပဏီများနှင့် NGOs အဖွဲ့အစည်းများမှာလည်း Myjobs team မှတစ်ဆင့် ကျွမ်းကျင်သည့်ဝန်ထမ်းများစွာကို ခန့်အပ်ထားပြီးဖြစ်ကာ ဝက်ဘ်ဆိုက်မှာလည်း သုံးစွဲသူများစွာရှိလာပြီး မြန်မာနိုင်ငံ၏ ဦးဆောင်အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်တစ်ခု ဖြစ်နေကြောင်း သိရသည်။

သူရဖြိုး

ခေတ်နှင့်အညီ သုံးစွဲမှုများလာသည့် ကင်မရာအရည်အသွေးမြင့် OPPO F1s စမတ်ဖုန်း

ဖုန်းဝယ်ယူရာတွင် ကင်မရာအားသာချက်အပေါ် အဓိကအချက်တစ်ခုအဖြစ် စဉ်းစား၍ ပြည်သူများ ရွေးချယ်ဝယ်ယူမှုများလာ

ရန်ကုန် စက်တင်ဘာ ၉

မြန်မာနိုင်ငံရှိ စမတ်ဖုန်းသုံးစွဲသူများသည် စမတ်ဖုန်းတစ်လုံး၏ Selfie ကင်မရာနှင့် Rear ကင်မရာ ကောင်းမွန်မှုကို စမတ်ဖုန်းတစ်လုံးဝယ်ယူရာတွင် အဓိကအချက်အဖြစ် ထည့်သွင်းစဉ်းစားလာကြကြောင်း စမတ်ဖုန်းအမှတ်တံဆိပ်တစ်ခုဖြစ်သည့် OPPO ၏ မြန်မာနိုင်ငံရုံးခွဲမှ Communication Manager ကိုဝေဖြိုးအောင်က ပြောကြားသည်။

အဆိုပါအချက်ကို ယင်းအနေဖြင့် သုတေသနကုမ္ပဏီတစ်ခုဖြစ်သော Nielsen MMRD က မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် ပြုလုပ်ခဲ့သည့် Smart Phone Consumer Research 2016 ကို ကိုးကား၍ ပြောဆိုလိုက်ခြင်းဖြစ်သည်။

OPPO ကပြုလုပ်သော စစ်တမ်းတစ်ရပ်အရ ၅၀ ဒသမ ၆ ရာခိုင်နှုန်းသော မြန်မာနိုင်ငံရှိ OPPO ဖုန်းသုံးစွဲကြသူများသည် အဆိုပါဖုန်းကို Selfie ကင်မရာနှင့် Rear ကင်မရာကောင်းမွန်မှုကြောင့် ရွေးချယ်ဝယ်ယူကြခြင်းဖြစ်ပြီး ၃၄ ဒသမ ၈ ရာခိုင်နှုန်းသော မြန်မာနိုင်ငံရှိ OPPO ဖုန်းသုံးစွဲကြသူများကမူ အဆိုပါဖုန်းကို ဒီဇိုင်းလှပကောင်းမွန်မှုကြောင့် ရွေးချယ်ကြခြင်းဖြစ်ကြောင်း ရှာဖွေတွေ့ရှိရသည်။

OPPO Myanmar ၏ Communication Manager ကိုဝေဖြိုးအောင်က "အခုနောက်ပိုင်းမှာ လူတွေက ဖုန်းကို ဖုန်းပြောဖို့အတွက်တင်မဟုတ်ဘဲ ကင်မရာအနေနဲ့ သုံးလာကြတယ်ဆိုတော့ ကင်မရာကောင်းမွန်မှုက စမတ်ဖုန်းတစ်လုံးမှာ အရမ်းအရေးပါလာတယ်။ ဈေးကွက်မှာဆို ကင်မရာကောင်းတဲ့ဖုန်းတွေကို ပိုပြီးဝယ်လိုအားများတာကို တွေ့ရတယ်။ မကြာသေးခင်က မိတ်ဆက်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ OPPO F1s မှာဆိုရင် Selfie ကင်မရာက 16 Megapixels ရှိပြီး Rear ကင်မရာက 13 Megapixels ရှိတော့ ဈေးကွက်ထဲကို မရောက်သေးခင်မှာကိုပဲ လူအရမ်းစိတ်ဝင်စားတာ တွေ့ရတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် Metro ဟုခေါ်သည့် လူသန်းနှင့်ချီရှိသောမြို့ကြီးများတွင် OPPO အမှတ်တံဆိပ်ဖုန်း သုံးစွဲသူပမာဏမှာ ၄၅ ရာခိုင်နှုန်းရှိပြီး Urban ဟုခေါ်ဆိုသည့် လူသိန်းနှင့်ချီရှိသောမြို့များတွင်မူ OPPO အမှတ်တံဆိပ်ဖုန်း သုံးစွဲသူပမာဏမှာ ၄၉ ဒသမ ၃ ရာခိုင်နှုန်းအထိရှိကာ Rural ဟုခေါ်ဆိုသည့် လူသောင်းနှင့်ချီရှိသော ကျေးလက်မြို့ငယ်လေးများတွင် ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ အသီးသီးရှိနေကြောင်း OPPO Myanmar ၏ ထုတ်ပြန်ချက်စာရင်းများအရ သိရသည်။ ထို့အပြင် အမျိုးသား အမျိုးသမီး အချိုးအားဖြင့်ကြည့်လျှင် OPPO အမှတ်တံဆိပ် သုံးစွဲသူများ၏ ၅၁ ဒသမ ၆ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ပြီး ၄၈ ဒသမ ၄ ရာခိုင်နှုန်းမှာမူ အမျိုးသမီးများဖြစ်ကြောင်း ဆက်လက်သိရှိရသည်။

"ကျွန်မ အရင်တုန်းကတော့ အခြားဖုန်းအမျိုးအစားတွေ ကိုင်ခဲ့တယ်။ ဒီဖုန်းကတော့ ကျွန်မကိုင်တာ လေးလုံးမြောက်ရှိပြီ။ ခုဒီဖုန်းဝယ်ကိုင်တာ သိပ်မကြာသေးဘူး။ ဒီဖုန်းက ဈေးလည်း သိပ်မပေးရဘူး။ ပြီးတော့ ကင်မရာပိုင်းဆိုင်ရာမှာလည်း အခြားဖုန်းတွေထက် အားသာချက်ရှိတာကြောင့် ကိုင်ဖြစ်သွားတာပါ။ သုံးလို့လည်း တော်တော်လေးအဆင်ပြေပါတယ်"ဟု တာမွေမြို့နယ်မှ OPPO F1s ဖုန်းကိုင်သည့် မသင်းသင်းက ပြောသည်။

ယခုအခါ OPPO အနေဖြင့် တစ်မူထူးခြားသည့် Selfie ရိုက်ကူးမှုကို ဖန်တီးပေးမည့် "The Next Selfie ဘုရင်"ဟု ညွှန်းဆိုသည့် OPPO F1s ကို ဩဂုတ်လတွင်းက မြန်မာနိုင်ငံတွင် မိတ်ဆက်ခဲ့ခြင်းဖြစ်ကာ ဈေးနှုန်းသင့်တင့်ပြီး ထူးခြားကောင်းမွန်သော အရည်အသွေးမြင့်ကင်မရာများပါရှိသည့် OPPO F1s စမတ်ဖုန်းများကို ဩဂုတ်လကုန်ပိုင်းမှစတင်ကာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

မြန်မာ...ဧရာဝတီ...ပြည်သူ (အပိုင်း-၃)

သိပ္ပံစာရေးဆရာကိုကိုအောင်

မြစ်တစ်စင်း၏ သဘောသဘာဝအရ စီးဆင်းလာရာလမ်းကြောင်းတစ်လျှောက်တွင် တိုက်စားမှုနှင့် နုန်းပို့ချမှုများကို တစ်ပါတည်းဖြစ်ပေါ်စေသည်။ မြစ်ရေစီးကြောင်းများသည် မြစ်အောက်ခြေကို ဒေါင်လိုက်တိုက်စားပြီး မြစ်ကမ်းပါးယံဝဲယာနှစ်ဖက်ကို ဘေးတိုက်တိုက်စားခြင်းဖြင့် မြစ်ရေထဲ၌ နုန်းများကို သယ်ဆောင်လာကြသည်။ သယ်ဆောင်လာသည့် နုန်းများကို မြစ်၏အလယ်ပိုင်းနှင့် မြစ်အောက်ပိုင်းတို့၌ ပို့ချကြသည့်အတွက် နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ မြစ်၏ အလယ်ပိုင်းနှင့် မြစ်အောက်ပိုင်းတို့တွင် မြစ်အောက်ကြမ်းပြင်များ မြင့်တက်လာသည်။

ဤကဲ့သို့ မြစ်အောက်ကြမ်းပြင် မြင့်တက်လာနေခြင်းကို သောင်တူးစက်ကြီးများဖြင့် တူးဖော်စွန့်ပစ်မှုများ ပုံမှန်ပြုလုပ်နိုင်ခြင်းမရှိပါက မြစ်တစ်စင်းအဖို့ စီးဆင်းရေပမာဏကို လက်ခံနိုင်သည့်အတိုင်းအတာမှာ တဖြည်းဖြည်းနှင့် ကျဆင်းလာတော့သည်။ မိုးရာသီသို့ရောက်ရှိလာသည့်အခါ ရွာချသော မိုးရေထုကြီးသည် ရေဝေဒေသများမှတစ်ဆင့် မြစ်ကြီးအတွင်းသို့ အလုံးအရင်းနှင့်စီးဝင်ရောက်ရှိလာကြချိန်တွင် မြစ်ကြောင်းတစ်လျှောက် စီးဆင်းရေပမာဏ လက်ခံနိုင်မှု လျော့ကျနေသည့် မြစ်၏အလယ်ပိုင်းဒေသများနှင့် မြစ်အောက်ပိုင်းဒေသများတွင် ရေလွှမ်းသည့်ဖြစ်ရပ်များနှင့် ကြုံတွေ့ကြရလေ့ရှိသည်။

ထို့ကြောင့်ပင် ဧရာဝတီမြစ်၏အလယ်ပိုင်းနှင့် မြစ်အောက်ပိုင်းဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသများ၌ မိုးတွင်းအခါ ရေကြီးရေလျှံမှုများကို ယခင်ကထက် ပိုမိုကြုံတွေ့နေကြရသကဲ့သို့ ရေလွှမ်းမိုးမှုကာလမှာလည်း ယခင်ကထက် ပိုမိုကြာမြင့်နေခြင်းဖြစ်သည်။ ဧရာဝတီမြစ်တစ်လျှောက် မြစ်ကြောင်းတိမ်လာနေခြင်းကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မှုများ အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိပါက နောင်လာမည့်နှစ်များ၌ ဧရာဝတီမြစ်ကမ်းဘေးဝဲယာရှိ နှစ်စဉ်ရေလွှမ်းမိုးခံနေကြရသော မြို့ရွာများနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ နှစ်စဉ်ရေလွှမ်းမိုးခံနေကြရသော မြို့ရွာများအဖို့ ရေလွှမ်းမိုးမှုများကို ယခုအချိန်မှာထက် ပိုမိုဆိုးရွားစွာ ကြုံတွေ့ကြရဖွယ်ရှိနေသည်။

အခြားတစ်ဖက်တွင်လည်း နွေရာသီ၌ ရေစီးပမာဏ အလွန်အမင်း နည်းပါးလာနေမှုကို လျော့ပါးသက်သာစေမည့် အစီအမံများကို လက်တွေ့ကျကျ မဖြစ်မနေလုပ်ဆောင်ကြရမည့် နောက်ဆုံးအချိန်သို့ ရောက်ရှိလာနေပြီဖြစ်သည်။ ဧရာဝတီမြစ်ဝှမ်းနှင့် ချင်းတွင်းမြစ်ဝှမ်း ရေဝေဒေသများ၌ ပြုန်းတီးခဲ့ပြီးဖြစ်သောသစ်တောများနေရာတွင် ကာလတိုကာလရှည် စီမံချက်များဖြင့် သစ်တောများကို အမြန်ဆုံးပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သစ်ခုတ်ခွင့်နှင့် သစ်ထုတ်ခွင့်များကို ချက်ချင်းရပ်ဆိုင်းခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်ထုတ်ခြင်းများကို ထိထိရောက်ရောက် ဟန့်တားဆောင်ရွက်ခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် မြစ်ရေထုတ်ယူသုံးစွဲမှုလွန်ကဲလာခြင်းအား နည်းလမ်းတကျထိန်းကွပ်ခြင်းစသည်တို့ကို မလွဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့ပြင် မြစ်ကြောင်းအတွင်းနုန်းပို့ချမှုကို ပိုမိုဖြစ်ပေါ်စေသည့် သတ္တုမိုင်းနှင့် ရွှေမိုင်းလုပ်ငန်းများကို ကာလအကန့်အသတ်တစ်ခုအတွင်း ရပ်ဆိုင်းခြင်း၊ ရာသီမရွေးအန္တရာယ်ကင်းသော ရေစူးရှိနေစေရေးနှင့် မြစ်အောက်ကြမ်းပြင်မြင့်တက်လာနေမှုမှ ကာကွယ်တားဆီးရန်အတွက် နည်းလမ်းတကျ သောင်တူးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မြစ်ချောင်းများနှင့် မြစ်ဝှမ်းဒေသများ၏ သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်ကို ပြင်းထန်စွာထိခိုက်စေပြီး မြစ်ကြောင်းအတွင်းငါး၊ ပုစွန်စသည့် ရေထွက်သယံဇာတများ ယုတ်လျော့ကျဆင်းစေသည့် ဆည်တမံများဆောက်လုပ်မှုကို အပြီးတိုင်စွန့်လွှတ်ခြင်း စသည်တို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သိပ္ပံနည်းကျ ထိန်းသိမ်းမှုမရှိခဲ့ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်းမသိခဲ့ခြင်းစသော မရှိမသိမှုများထက် ပို၍ ရင်နာစရာကောင်းသောအချက်မှာ ချို့တဲ့နေသည့် ဧရာဝတီ၏ဘဝကိုဖျက်ဆီးကာ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အနာဂတ်ကို တိုင်းတစ်ပါးလက်ထဲသို့ ဝကွက်အပ်နှင်းမည့် မြစ်ဆုံစီမံကိန်းကြီးကို သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသက်သွေးကြောဖြစ်သော ဧရာဝတီမြစ်ကြီး၏အထက်ပိုင်းရှိ မေခနှင့်မလိခမြစ်နှစ်မြွာပေါင်းဆုံရာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ကချင်ပြည်နယ်အတွင်းရှိ မြစ်ဆုံနေရာတွင် အကြီးစားရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံက တရုတ်နိုင်ငံနှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့်ကိစ္စရပ်အပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက စိုးရိမ်ပူပန်လျက်ရှိနေကြသည်။

မေခနှင့်မလိခ မြစ်နှစ်မြွာပေါင်းဆုံသည့် ဧရာဝတီမြစ်ဆုံနေရာတွင် အမြင့်ပေ ၄၅၀ ကျော်ရှိပြီး လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀၀ ထုတ်လုပ်ပေးမည့် ရောမရေအားလျှပ်စစ်စီမံကိန်းကြီးကို အကောင်အထည်ဖော်တည်ဆောက်ကာ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားပမာဏ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ ပို့လွှတ်ရောင်းချပေးရန် မြန်မာနိုင်ငံဘက်က သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း၌ လျှပ်စစ်ဓာတ်အားလုံလုံလောက်လောက်ရရှိနိုင်ရေးကိစ္စနှင့်ပတ်သက်၍ စက်မှုကဏ္ဍဖွံ့ဖြိုးမှုကို ဒုတိယဦးစားပေးနေရာ၌ထားပြီး စဉ်းစားမည်ဆိုလျှင်ပင် ပထမဦးစားပေးနေရာ၌ရှိနေသည့် ပြည်သူတို့၏ လူနေမှုဘဝများအတွက် လျှပ်စစ်ဓာတ်အားရရှိနိုင်မှုက ချို့ချို့တဲ့တဲ့ဖြစ်နေချိန်တွင် ဤမျှ ကိန်းဂဏန်းပမာဏကြီးမားလှသော လျှပ်စစ်ဓာတ်အားကို ပြည်တွင်း၌ကုန်အောင်မသုံးနိုင်ဘဲ ပိုလျှံနေသောကြောင့် ပြည်ပသို့ ပို့လွှတ်ရောင်းချရန် ထိုစီမံကိန်းကြီးကို သဘောတူခဲ့ခြင်းဖြစ်သည်ဆိုသော အကြောင်းပြချက်ကို မြန်မာပြည်သူလူထုတစ်ရပ်လုံးက လက်ခံနိုင်ခြင်းမရှိကြပေ။

ဧရာဝတီမြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ မြန်မာ့အသက်သွေးကြော ဧရာဝတီမြစ်ကြီး၏ အနာဂတ်အလားအလာများအပါအဝင် သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာနိုင်ခြေရှိမှုအပေါ် ပြီးပြည့်စုံသောလေ့လာတိုင်းတာချက်များ ဆောင်ရွက်ခြင်းမပြုရသေးမီကာလကတည်းကပင် မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်း၏ ရေလှောင်ကန်ဧရိယာအတွင်း၌ ကျရောက်နေသောကျေးရွာများကို ပြောင်းရွှေ့မှုများ စတင်လုပ်ဆောင်ခဲ့ကြောင်းကိုလည်း မီဒီယာများက ဖော်ပြခဲ့ကြသည်။

ထို့ပြင် မြစ်ဆုံစီမံကိန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်တည်ဆောက်နေသည့် ကာလတစ်လျှောက်လုံးတွင် အဆိုပါစီမံကိန်းလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးပို့မည့် ချီဖွေရေအားလျှပ်စစ်စက်ရုံကို ၂၀၁၃ ခုနှစ်အတွင်းက အပြီးတည်ဆောက်ခဲ့သည်။ ဤသို့အားဖြင့် အားအင်ချည့်နဲ့နေသော မြန်မာတို့၏ဧရာဝတီကို အားအင်ပြန်လည် ပြည့်ဖြိုးလာအောင် ဆောင်ရွက်လုပ်ကိုင်ပေးကြရမည့်အချိန်ရောက်ခါမှ ဧရာဝတီ၏စွမ်းပကားကို အစွမ်းကုန်ထုတ်သုံးတော့မည့်အရိပ်အယောင်မြင်နေကြရသော မြန်မာပြည်သူတို့အဖို့ နှလုံးစိတ်ဝမ်းမအေးချမ်းနိုင်ဘဲ ရှိနေကြတော့သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ နှစ်ကုန်ပိုင်းက ဧရာဝတီ၏မြစ်ဖျား မေခ-မလိခမြစ်ဝှမ်းအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်ရေးဆွဲရန် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ YMEC နှင့် ကုမင်း ရေအားလျှပ်စစ်စူးစမ်းလေ့လာရေးနှင့် ပုံစံထုတ်လုပ်ရေးသိပ္ပံတို့ ပူးပေါင်းဖွဲ့စည်းထားသော ကုမ္ပဏီနှင့် MoU လက်မှတ်ရေးထိုးခဲ့သည်။ ထိုကုမ္ပဏီက မေခ-မလိခ မြစ်ဝှမ်းဒေသတစ်ခွင်လုံးကို ကောင်းကင်ဓာတ်ပုံများ ရိုက်ကူးကာ စူးစမ်းလေ့လာမှုများကို ဆောင်ရွက်နေစဉ်အတွင်းမှာပင် ၂၀၀၆ ခုနှစ် မေလအတွင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို အမှတ်(၁)နှင့် အမှတ်(၂)ဟူ၍ နှစ်ခုခွဲကာ ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ထို့နောက် မေခ-မလိခ ရေအားလျှပ်စစ်စီမံချက်ကိုရပ်ဆိုင်းပြီး တရုတ်နိုင်ငံ စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း (CPI) နှင့်အတူ မေခ-မလိခမြစ်ဝှမ်းများ ရေသယံဇာတဖွံ့ဖြိုးရေးနှင့် အသုံးချရေးလေ့လာမှုများကို ပူးပေါင်းဆောင်ရွက်ကာ ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နိုင်ရေး လေ့လာမှုများဆောင်ရွက်ရန် MoU လက်မှတ်ရေးထိုးခဲ့သည်။

၂၀၀၇ ခုနှစ် CPI ၏ လေ့လာချက်အစီရင်ခံစာကိုအကြောင်းပြု၍ မေခ-မလိခမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းနှင့်တကွ မေခမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်း ငါးခုနှင့် မလိခမြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်း တစ်ခု၊ ထိုစီမံကိန်းများတည်ဆောက်ရေးကာလ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် ချီဖွေချောင်း ရေအားလျှပ်စစ်စီမံကိန်းတစ်ခု စသည်ဖြင့် စုစုပေါင်း စီမံကိန်းရှစ်ခု ထွက်ပေါ်လာသည်။

၂၀၀၇ ခုနှစ် CPI ၏ လေ့လာချက်များအပေါ်အခြေပြု၍ မေခမြစ်ပေါ်၌တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများမှာ ရေနမ် ၁၂၀၀ မဂ္ဂါဝပ်၊ ခေါင်လံဖူး ၂၇၀၀ မဂ္ဂါဝပ်၊ ပီဇော ၂၀၀၀ မဂ္ဂါဝပ်၊ ဝူစုပ် ၁၈၀၀ မဂ္ဂါဝပ်နှင့် ချီဖွေ ၃၄၀၀ မဂ္ဂါဝပ်တို့ဖြစ်ပြီး မလိခမြစ်ပေါ်၌တည်ဆောက်မည့် စီမံကိန်းကမူ လိုင်ဇာ ၁၉၀၀ မဂ္ဂါဝပ်ဖြစ်ကာ မြစ်ဆုံစီမံကိန်းကမူ မဂ္ဂါဝပ် ၄၁၀၀ ဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးဌာနနှင့် မြန်မာနိုင်ငံ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့အကြား ရေအားလျှပ်စစ်အရင်းအမြစ် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် အခြေခံမူဘောင်သဘောတူညီချက်ကို ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။ မေခ-မလိခမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအပြင် အခြားရေအားလျှပ်စစ်စီမံကိန်းများကိုပါ တရုတ်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားဝယ်ယူမည့် ကတိကဝတ်သဘောတူညီချက်ဖြစ်သည်။ ဈေးနှုန်းအပေါ်မူတည်ပြီး တရုတ်နိုင်ငံက ကီလိုဝပ်နာရီသန်းပေါင်း ၁၀၀၀၀၀ အထိ ဝယ်ယူမည့်အစီအစဉ်လည်းဖြစ်သည်။

ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း ရင်းနှီးမြှုပ်နှံတည်ဆောက်မည့် သဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်နိုင်ငံ CPI ကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ ရေသယံဇာတအသုံးချမှုဆိုင်ရာ သမိုင်းတစ်လျှောက်တွင် အလွန်ကြီးမားကျယ်ပြန့်လှသော ရင်းနှီးမြှုပ်နှံမှုကြီးတစ်ခုကို အလွန်တိုတောင်းလှသည့် နှစ်နှစ်တာမျှ ကာလအတွင်းမှာပင် ကသုတ်ကရက်လေ့လာပြီးနောက် သဘောတူညီမှုကိုရရှိခဲ့သည့် စာချုပ်ပင် ဖြစ်သည်။ ။

ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်း ရင်းနှီးမြှုပ်နှံတည်ဆောက်မည့် သဘောတူစာချုပ်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်နိုင်ငံ CPI ကော်ပိုရေးရှင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ ရေသယံဇာတအသုံးချမှုဆိုင်ရာ သမိုင်းတစ်လျှောက်တွင် အလွန်ကြီးမားကျယ်ပြန့်လှသော ရင်းနှီးမြှုပ်နှံမှုကြီး တစ်ခုကို အလွန်တိုတောင်းလှသည့် နှစ်နှစ်တာမျှ ကာလအတွင်းမှာပင် ကသုတ်ကရက်လေ့လာပြီးနောက် သဘောတူညီမှုကိုရရှိခဲ့သည့် ကမ္ဘာကျော်စာချုပ်ပင်ဖြစ်သည်

မြစ်ဆုံစီမံကိန်းတည်ဆောက်မည့် ပုံစံငယ်ကို ဝီကီပီးဒီးယားဝက်ဘ်ဆိုက်တွင် ဖော်ပြထားပုံ

ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ အသိပညာပေး

ပေါင်းတည် စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ “စိန်ရတု”ခန်းမ၌ ဩဂုတ်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရဲမှူးကြီး မျိုးမင်းထိုက်က ပေါင်းတည်မြို့နယ်နှင့် သဲကုန်းမြို့နယ်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် အရာရှိ/အရာခံ/တပ်ဖွဲ့ဝင် ၂၈၈ ဦးတို့အား ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ အသိပညာပေးရှင်းလင်းပြောကြားပြီး ဒေသတွင်း မှုခင်းများ လျော့နည်းကျဆင်း ပပျောက်ရေးအတွက် ထိထိရောက်ရောက် ပိုမိုဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေမြှုပ်မိုင်းအန္တရာယ်အကြောင်း အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

မိုးကောင်း စက်တင်ဘာ ၉

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း (Danish Refugee Council/ Danish Demining Group)တို့ ပူးပေါင်းစီစဉ်မှုဖြင့် လူသားချင်းစာနာထောက်ထားမှုနှင့် မိုင်းလှုပ်ရှားမှု လွှဲပြောင်း ညွှန်းပို့ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မိုးကောင်းမြို့နန့်ရင်းရပ်ကွက်ရှိ သပြေပင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၌ စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း (DRC/DDG) မြစ်ကြီးနားရုံးခွဲမှ ဒုတိယအစီအစဉ်မန်နေဂျာ ဦးကျော်ဝဏ္ဏဦးနှင့် ဦးရဲသီဟဆွေတို့က မြေမြှုပ်မိုင်းအပါအဝင် စစ်ကြွင်းစစ်ကျန် လက်နက်ပစ္စည်းများအန္တရာယ်နှင့် အဆိုပါပစ္စည်းများ ရှိနိုင်သည့်နေရာများ၊ မိုင်းထိခိုက်နိုင်သည့် အခြေအနေများ၊ မြေမြှုပ်မိုင်းနှင့်စစ်ကြွင်းစစ်ကျန် လက်နက်ပစ္စည်းများ၏ အကျိုးသက်ရောက်မှု၊ မိုင်းထိခိုက်မှုများ၏ ညွှန်းကိန်းများ၊ မိုင်းကိုဂရုမပြုပါက လူထုအတွင်း အန္တရာယ်ရှိလာနိုင်မှုများ၊ ရပ်ရွာဖွံ့ဖြိုးရေး ပြန်လည်တည်ဆောက်ရေးနှင့် လူထုအပေါ်တွင် မြေမြှုပ်မိုင်းများ၏ သက်ရောက်မှုများ၊ လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းလှုပ်ရှားမှုနှင့် မြေမြှုပ်မိုင်းအပါအဝင် စစ်ကြွင်းစစ်ကျန် လက်နက်ပစ္စည်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ဆောင်ရွက်မှုအခြေအနေ စသည့်အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးကာ တက်ရောက်သူများကလည်း ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် မိုင်းအန္တရာယ်ကို သိရှိနားလည်ပြီး ပြည်သူများအား ပြန်လည်ဆင့်ပွား အသိပညာပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ မိုးကောင်းမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

ဝင်းအောင်

အော်တစ်ဇင်ကလေးငယ်များအား အခမဲ့စောင့်ရှောက်ပေးနိုင်ရန် စီစဉ်လျက်ရှိ

မန္တလေး စက်တင်ဘာ ၉

အော်တစ်ဇင်ကလေးငယ်များအား အခမဲ့စောင့်ရှောက်ပေးမည့် Mandalay Day Care Center ကို ပြဟ္မစိုရ်လူမှုကူညီရေး အသင်းတိုက်၌ မကြာမီဖွင့်လှစ်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ ပြဟ္မစိုရ် လူမှုကူညီရေးအသင်း ကျောက်ကပ်ကုဆေးကုခန်း အစည်းဝေးခန်းမ၌ ပြုလုပ်သည့် အဆိုပါအစည်းအဝေးတွင် ကလေးအထူးကုဆရာဝန်များ၊ အော်တစ်ဇင်ကလေးငယ်များအား စောင့်ရှောက်မှုပေးနေသော ပူးပေါင်းအဖွဲ့ဝင်များနှင့် Mandalay Day Care Center ဖြစ်မြောက်ရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

Mandalay Day Care Center ဖြစ်မြောက်ရေး စီမံခန့်ခွဲရေး ကော်မတီတွင် ပြဟ္မစိုရ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသန်းထွန်းမြင့်က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးမှ ပါမောက္ခဒေါက်တာအေးအေးမြင့်က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကလေးဆေးရုံကြီးမှ ဒေါက်တာဇင်မင်းထွန်းက အလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်သည်။ နယူးလိုက်ဖောင်ဒေးရှင်းသည် အော်တစ်ဇင်ကလေးငယ်များအား အထူးစောင့်ရှောက်မှုများပေးရန် လိုလားနေသောကြောင့် ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များတွင် Mandalay Day Care Center များ ဖွင့်လှစ်သွားမည်ဖြစ်ရာ မန္တလေးမြို့၌ နေရာကောင်းပြီး သွားလာရန်လွယ်ကူသော ပြဟ္မစိုရ် လူမှုကူညီရေးအသင်းတိုက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ Mandalay Day Care Center ကို အပြင်အဆင်များ၊ နေရာထိုင်ခင်းများပြုလုပ်ပြီး တစ်လအတွင်းဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အော်တစ်ဇင်ကလေးငယ်များ လက်ခံပေးမှုကတော့ မန္တလေးမြို့ပေါ်မှ အော်တစ်ဇင်ကလေးဖြစ်ရမယ်။ မရှိဆင်းရဲရင် ဦးစားပေးစဉ်းစားပေးသွားမှာဖြစ်တယ်။ အသက်အရွယ် အပိုင်းအခြားကိုတော့ မသတ်မှတ်ရသေးပါဘူး"ဟု Mandalay Day Care Center ဖြစ်မြောက်ရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌက ပြောသည်။

အော်တစ်ဇင်ဆိုသည်မှာ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ဖွံ့ဖြိုးမှုပုံမမှန်ခြင်းကြောင့် ဘဝတစ်လျှောက်လုံး စွမ်းဆောင်ရည်ချို့ယွင်းစွာဖြင့် နေထိုင်ရသောအခြေအနေမျိုးဖြစ်သည်။ လူမှုဆက်ဆံရေးချို့ယွင်းခြင်း၊ ဆက်သွယ်ပြောဆိုရေး ချို့ယွင်းခြင်း၊ နှုတ်ဖြင့်မဟုတ်သော အခြားနည်းတစ်ခုခုဖြင့် ဆက်သွယ်ခြင်း၊ အပြုအမူနှင့် စိတ်ဝင်စားမှုအားနည်းခြင်း၊ စိတ်ကူးစိတ်သန်းတီထွင်မှုအားနည်းခြင်းဖြင့် သက်တန့်ရောင်ပုံမမှန်ဖြစ်စဉ် (Autism Spectrum Disorder-ASD)အုပ်စုတွင် ပါဝင်ကြောင်း သိရသည်။

မွေးကင်းစမှ ငါးနှစ်ကလေးငယ်များ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုမရှိသော အော်တစ်ဇင်လက္ခဏာများမှာ အခြားသူများနှင့် မျက်လုံးဆုံကြည့်လေ့မရှိခြင်း၊ အခြားသူများနှင့် ပေါင်းသင်းဆက်ဆံမှုမရှိဘဲ သီးခြားနေခြင်း၊ စကားမပြောခြင်း(သို့မဟုတ်) စကားပြောနောက်ကျခြင်း(သို့မဟုတ်)အခြားလူနားလည်အောင် မပြောတတ်ခြင်း၊ ပုံမှန်မဟုတ်သောကစားနည်းများ ကစားခြင်း၊ အသုံးပြုနေကျပစ္စည်းများကို အစွဲအလမ်းကြီးခြင်းစသည့်အချက်များအပါအဝင် အခြားကလေးငယ်များနှင့် မတူသော အပြုအမူများသည် အော်တစ်ဇင်ကလေးများ၏ လက္ခဏာများဖြစ်သောကြောင့် ကလေးအထူးကုဆရာဝန်များနှင့်ပြသပြီး အကြံဉာဏ်ယူသင့်ကြောင်း သိရသည်။

ကျော်ထူး

လှိုင်သာယာမြို့နယ်အတွင်း အမှိုက်ထုပ်ကောက်စနစ်ဖြင့် အမှိုက်သိမ်းဆည်းမှု စတင်ဆောင်ရွက်ပေး

ရန်ကုန် စက်တင်ဘာ ၉

တစ်နေ့လျှင် စွန့်ပစ်အမှိုက် တန် ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိနေသော လှိုင်သာယာမြို့နယ်၌ ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ အစီအစဉ်ဖြင့် မီးဖိုချောင်သုံးစွန့်ပစ်အမှိုက်များ အထုပ်ကောက်သိမ်းဆည်းပေးစနစ်ကို လှိုင်သာယာမြို့နယ် အောင်ဇေယျအိမ်ရာဝင်း၌ စက်တင်ဘာ ၆ ရက်က ပထမဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောင်ဇေယျအိမ်ရာဝင်း အတွင်းရှိ ခြံရှေ့များမှ စိမ်းပြာအမှိုက်ထုပ်များကို အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်ထုပ်ကောက်သိမ်းဆည်းပေးခြင်းဖြစ်ပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုခရိုင်မှူးဦးစီး၍ မြို့နယ်သန့်ရှင်းရေးဌာန တာဝန်ခံနှင့် ဝန်ထမ်းများက ဌာန၏အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ မြို့နယ်အတွင်း ပထမဆုံး စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမှိုက်များစွန့်ပစ်ရန်အတွက် အိတ်အလုံး ၅၀ ပါသော ပါကင်တစ်ထုပ်လျှင် ကျပ် ၉၀၀ နှုန်းဖြင့် အိမ်ရာရုံးနှင့် စည်ပင်ရုံးတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်အတွင်း စွန့်ပစ်အမှိုက်၊ မီးဖိုချောင်သုံးအမှိုက် တစ်နေ့တာ ထွက်ရှိမှုသည် တန် ၁၀၀ မှ ၁၂၀ ကြားရှိပြီး စည်ပင်သာယာမှ အမှိုက်သိမ်းယာဉ်ဖြင့် တစ်ရက်လျှင် နေ့/ညခေါက်ရေ ၂၀ မှ ၂၅ ခေါက်အထိ သိမ်းဆည်းကာ ထိန်ပင်ရှိအမှိုက်ပုံသို့ ရှင်းလင်းပို့ဆောင်နေကြောင်း၊ အိမ်ရာအချို့မှာ ၎င်းတို့ အစီအစဉ်ဖြင့် အမှိုက်သိမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သန့်ရှင်းရေးဌာနမှ ခေါင်းလောင်းတီးအမှိုက်သိမ်းတွန်းလှည်းစနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေမှုလည်း ရှိကြောင်း၊ မင်္ဂလာဒုံမြို့နယ်တွင် အမှိုက်စို၊ အမှိုက်ခြောက်ခွဲ၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် စက်ရုံတည်ဆောက်လျက်ရှိပြီး လှိုင်သာယာ ထိန်ပင်သုသာန်ရှိ အမှိုက်ပုံတွင်လည်း အမှိုက်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် အစီအစဉ်လည်း ရှိကြောင်း လှိုင်သာယာမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန တာဝန်ခံက ပြောသည်။

မြို့နယ်အတွင်း၌ အဆင့်မြင့် (၅)ရပ်ကွက်၊(၁၀)၊ (၁၁)၊ (၁၂)၊ (၁၅)၊ (၁၆) ရပ်ကွက်တို့နှင့် ကျေးရွာကိုးရွာတို့တွင် အမှိုက်ကန်မရှိသည့်အတွက် အဆင်ပြေသလို အမှိုက်စွန့်ပစ်လျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အခွန်မကောက်သောဝန်ဆောင်မှုအဖြစ် အခမဲ့ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)
ဓာတ်ပုံ-သန်းစိုး

သတင်းတိုများ

လူကုန်ကူးမှုတိုက်ဖျက်ရေး အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

စက်တင်ဘာ ၁၃ ရက်တွင်ကျရောက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်းဆိုင်း(က) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၇ ရက်က ကျင်းပခဲ့ပြီး ပြိုင်ပွဲတွင် 'လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်း ပူးပေါင်းပါဝင်ပေး' ခေါင်းစဉ်ဖြင့် တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စုနှင့် မိုင်းဖုန်းအုပ်စုရှိ အခြေခံပညာကျောင်းများ၊ တာချီလိတ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တာမွေမြို့နယ်အတွင်းမှ ပျက်စီးလမ်းများကို ပြုပြင်မည်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်အတွင်းမှ ပျက်စီးနေသော လမ်းများကို ပြည်သူများနှင့် ယာဉ်များ သွားလာမှုလွယ်ကူစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှူး ဦးသန်းဦးနှင့် လမ်းတံတားအဖွဲ့များပူးပေါင်း၍ စက်တင်ဘာ ၇ ရက်က ပြုပြင်ခဲ့ကြောင်း သိရသည်။ နတ်ချောင်းရပ်ကွက် အာသောကလမ်းရှိ ပျက်စီးနေသော လမ်းအပေါက်များ၊ ချိုင့်ခွက်များကို ကတ္တရာဖြင့်ဖာထေးပြုပြင်ခဲ့ပြီး မြို့နယ်တွင်းရှိ ပျက်စီးနေသည့် အခြားလမ်းများကိုလည်း ဆက်လက်၍ ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

လှလှ

ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းဆင်း

တွံတေး စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရဲတပ်ဖွဲ့သင်တန်းခန်းမ၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း အမှတ်စဉ် (၂၂/၂၀၁၆) ဆင်းပွဲကို စက်တင်ဘာလ ပထမပတ်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများယုံကြည်လေးစားပြီး လူမှုရေးအသွင်ဆောင်သော ရဲလုပ်ငန်းစနစ်များဖြစ်လာအောင် အစွမ်းကုန်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းတက်ရောက်ခဲ့သော သင်တန်းသားအရာရှိနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ၁၆ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ဥရောပသမဂ္ဂ(EU)အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခုတွင် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂၂)ကို သဃ်န်းကျွန်း၊ ကျောက်တံတား၊ တွံတေးနှင့် လှိုင်သာယာမြို့နယ်များတွင် ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာလ ပထမပတ်ထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခင်ဖွင့်လှစ် ပြီးသည့် အမှတ်စဉ်(၂၁)အထိ သင်တန်းများတွင် အရာရှိအဆင့်ရဲတပ်ဖွဲ့ဝင် ၈၆ ဦးနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ၁၂၁၆ ဦး စုစုပေါင်း ၁၃၀၂ ဦးကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သန်းဌေး(ဒလ)

ကြေးနီစီမံကိန်းပတ်ဝန်းကျင် ဒေသခံများနှင့် အလွှတ်သဘောတွေ့ဆုံဆွေးနွေး

ဆားလင်းကြီး စက်တင်ဘာ ၉

ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလွှတ်သဘောတွေ့ဆုံပွဲကို ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသာခန်းမ၌ စက်တင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ဆားလင်းကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းနိုင်က မိတ်ဆက်စကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံတို့က လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ သိမ်းဆည်းခံလယ်ယာမြေများ၊ ကြေးနီစီမံကိန်း၏ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ဒေသခံတောင်သူများ၏ လိုအပ်ချက်နှင့် လိုလားချက်များကို ရှင်းနီးပွင့်လင်းစွာ မေးမြန်းခဲ့သည်။

ထို့နောက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ပါဝင်သည့် သိမ်းဆည်းခံဒေသခံများဖြစ်သော မိုးကြိုးပြင် ကျေးရွာ၊ တုံရွာ၊ ဝက်မှေးရွာဟောင်းနှင့် ဆည်တည်း-ဇီးတောရွာဟောင်းတို့မှ ဒေသခံတောင်သူများက သိမ်းဆည်းခံလယ်ယာမြေများ၊ သီးနှံလျော်ကြေးများအကြောင်းနှင့် စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည့် အကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဦးငယ်(ဆားလင်းကြီး)

မုံရွာအကျဉ်းထောင်တွင် အချုပ်ခံရသူများနှင့် ပြစ်ဒဏ်ကျခံနေရသူများ ဥပဒေပါ အခွင့်အရေးများရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေး

မုံရွာ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ မုံရွာအကျဉ်းထောင်သို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမောင်သည် မုံရွာခရိုင် တရားသူကြီး ဦးစိုးစိုး၊ မြို့နယ်တရားသူကြီး ဒေါ်နီလာသန်းဝင်းတို့နှင့်အတူ စက်တင်ဘာ ၇ ရက်က သွားရောက်စစ်ဆေးခဲ့ပြီး အချုပ်သား၊ အကျဉ်းသားများအနေဖြင့် ဥပဒေပါအခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့အား မုံရွာအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးအောင်က ပြစ်ဒဏ် ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများ၊ အမှုစစ်ဆေးဆဲ အချုပ်ခံရသူများ၏ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရာထိုင်ခင်းနှင့် စားသောက်မှု၊ ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့် အဖွဲ့သည် အချုပ်ခံရသူများ၏ အဆောင်များ၊ စားဖိုဆောင်၊ သောက်သုံးရေကန်များကို လှည့်လည်ကြည့်ရှုကာ အကျဉ်းသားများနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသနိုင်ရန် အခွင့်အရေး ရှိ မရှိ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် မတရားပြုမှု ရှိ မရှိ၊ ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှု ရှိ မရှိ စသည်တို့ကိုမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ကော့သောင်းမြို့အနှံ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လှုံ့ဆော်အသိပညာပေး

ကော့သောင်း စက်တင်ဘာ ၉
လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ (CBTIP) ၏ဦးဆောင်မှုဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ပူးပေါင်းဆောင်ရွက်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး သတင်းအချက်အလက်ဖြန့်ဝေရေးလှုံ့ဆော်မှု (Information Campaing on Combatting Human Trafficking) လှုံ့ဆော်ရေး မော်တော်ယာဉ်ဖြင့် စက်တင်ဘာ ၇ ရက်က ကော့သောင်းမြို့အနှံ့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူစည်ကားရာမြို့အချက်အခြာနေရာများ၊ အခြေခံပညာကျောင်းများအနှံ့ လူကုန်ကူးမှုဖြစ်စဉ်များ မဖြစ်ပေါ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပညာပေးဖျော်ဖြေရေးယာဉ်ဖြင့် ကချင်တိုင်းရင်းသားလူငယ်များ၊ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ကော့သောင်းမြို့ခံလူငယ်များပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးတေးသီချင်းများ သီဆိုဖျော်ဖြေကြသည်။ ကော့သောင်းမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့ဝင်များနှင့် (IOM)မှ တာဝန်ရှိသူများက လမ်းသွားလမ်းလာ ပြည်သူများ၊ ကျောင်းသားကျောင်းသူများသို့ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများ မေးမြန်း၍ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။**ကျော်စိုး**

ကြက်သွန်နီ၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲဆီဈေးနှုန်းများ ယခင်နှစ်ကထက်ကျဆင်း ကျန်ကုန်စည်အချို့ဈေးနှုန်းများမြင့်တက်လာ

ရန်ကုန် စက်တင်ဘာ ၉
စက်တင်ဘာ ၅ ရက် ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ - မတ်ပဲ - ပဲတီစိမ်း-မြေပဲဆီဈေးနှုန်းများ ယခင်နှစ်ကထက် လျော့ကျနေသည်။ ကြက်သွန်ဖြူ - သကြား - ထန်းလျက်-ကုလားပဲခြမ်း -မန်ကျည်း-စားအုန်းဆီ ဈေးနှုန်းမှာမူ ယခင်နှစ်ကာလတူတို့ထက် ဈေးမြင့်နေကြောင်း ဘုရင့်နောင်ဈေးကွက်မှ သိရသည်။

စက်တင်ဘာ ၅ ရက်တွင်ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီလက်ကားတစ်ပိဿာဈေးနှုန်းမှာ ၂၇၅ ကျပ် မှ ၆၀၀ အတွင်းရှိသည်။ မတ်ပဲ RC တစ်တန်ငွေကျပ် ၁၃၆၅၀၀၀ နှုန်း၊ ပဲတီစိမ်း ယခုတစ်ပိဿာငွေကျပ် ၁၃၀၀၊ ခရမ်းရွှေဝါ(ထိပ်စ)တစ်ပိဿာ ၁၆၆၅ ကျပ်မှ ၁၆၇၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန်ငွေကျပ် ၁၁၃၅၀၀၀ နှုန်းရှိသည်ဟု ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

၂၀၁၅ ခုနှစ်အောက်တိုဘာ ၁၇ ရက်တွင် မတ်ပဲ RC တစ်တန်ငွေကျပ် ၂၄၅၆၀၀၀ နှုန်း၊ ဒီဇင်ဘာ ၄ ရက်တွင် ဆိပ်ဖြူကြက်သွန်နီအလုံးကြီး အရွယ်အစားလက်ကား ဈေးနှုန်းတစ်ပိဿာငွေကျပ် ၃၇၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့သော်လည်း ၂၀၁၆ စက်တင်ဘာ ၅ ရက်တွင် ယခင်နှစ်ကာလတူဈေးနှုန်းများထက် ကြက်သွန်နီ - မတ်ပဲ RC ဈေးနှုန်းများ ဈေးနှုန်းနိမ့်နေဆဲ ဖြစ်သည်။ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ ဈေးနှုန်းများလည်း နိမ့်ကျနေဆဲရှိသည်။

ယခုနှစ်ဇွန်လနှင့်ဇူလိုင်လတတိယပတ်အထိ ရှမ်းအာလူးတစ်ပိဿာလျှင် အလုံးကြီးအရွယ်အစားငွေကျပ် ၁၀၀၀ ဝန်းကျင်ရှိခဲ့သော်လည်း စက်တင်ဘာ ၅ ရက်တွင်မူ ငွေကျပ် ၆၅၀ ဝန်းကျင်သာ ရှိသည်။

စက်တင်ဘာ ၅ ရက်တွင်မူရှမ်းအောင်ပန်းကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၃၂၀၀ မှ ၄၀၀၀၊ ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ကုလားပဲခြမ်းတစ်ပိဿာ ငွေကျပ် ၂၅၀၀ မှ ၂၆၀၀၊ သကြားတစ်ပိဿာ ငွေကျပ် ၁၁၈၀ မှ ၁၂၄၀၊ ညောင်ဦးဆေးခတ်ထန်းလျက်တစ်ပိဿာ ငွေကျပ် ၁၄၅၀ မှ၁၅၀၀၊ မလှိုင်ထန်းလျက် တစ်ပိဿာ ငွေကျပ် ၁၅၀၀ မှ ၁၅၃၀ အတွင်း၊ မန်ကျည်းအသား တစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ၂၈၅၀၊ စားအုန်းဆီလက်ကားအလုယ် တစ်ပိဿာ ငွေကျပ် ၁၇၃၀ နှုန်းရှိရာ ယခင်နှစ် ကာလတူ ၂၀၁၅ စက်တင်ဘာ ၅ ရက် ဈေးနှုန်းများထက် ဈေးနှုန်းမြင့်နေသည်ဟု သိရသည်။

၂၀၁၅ ဩဂုတ်လမှစ၍ ပြည်တွင်းဆန်ကြမ်းဈေးနှုန်း မြင့်တက်လာမှုကြောင့် ဈေးကွက်သဘာဝအရထိုင်းဆန်အချို့ ပြည်တွင်းဈေးကွက်သို့ရောက်ရှိခဲ့သည်။ ယခုနှစ် နယ်စပ်ဒေသ၌ ဆန်တင်ပို့မှုနှင့် ရောင်းဝယ်မှု ယခုလပိုင်း နည်းလာမှုနှင့်အတူ ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းမှာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၀၅၀၀ကျော်ဝန်းကျင်သာ ရှိနေပြီး ယခင်နှစ်ကာလတူဈေးနှုန်းထက် အကြမ်းဖျင်းဆန်ကြမ်းတစ်အိတ်လျှင်ငွေကျပ် ၃၀၀၀ ဝန်းကျင်ဈေးနှုန်းနိမ့်နေသည်ကို ဆန်ဈေးကွက်မှသိရသည်။
ခင်ဆိုင်

နှစ် (၅၀) ပြည့်နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပန်းချီရေးဆွဲပြိုင်ပွဲကျင်းပ

ပခုက္ကူ စက်တင်ဘာ ၉
စက်တင်ဘာ ၈ ရက်တွင် ကျရောက်ခဲ့သည့် နှစ်(၅၀) ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ပန်းချီရေးဆွဲပြိုင်ပွဲကို စက်တင်ဘာလပထမပတ်က ပခုက္ကူခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ပခုက္ကူမြို့အလက (၁) နှင့် အလက(၃)ကျောင်းများမှ ပန်းချီဝါသနာရှင် ကျောင်းသား/ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ရေးဆွဲကြသည်။ ဆုရရှိသူများအား အမက ၉၈ ကျောင်း၌ Save the Children International က ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။
ကိုဇော်(ခာတု)

မြင်းဖြူရှင်ဘိုးဘိုးကြီးပွဲတော်တွင် အဆင့်မြင့်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

မြစ်ငယ် စက်တင်ဘာ ၉
မန္တလေးဒေသရှိ ရိုးရာမပျက်အစဉ်အလာအတိုင်း ရာစုနှစ်များစွာကပင် ကျင်းပလာသော တောင်ပြုံးမင်းနှစ်ပါးပွဲတော်၊ ရတနာ့ဂူဘိုးဘိုးကြီးပွဲတော်၊ မြင်းဖြူရှင်ဘိုးဘိုးကြီး ပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် မြင်းဖြူရှင်ဘိုးဘိုးကြီးပွဲတော်ကို စက်တင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အမရပူရမြို့နယ် မြစ်တူးကျေးရွာရှိ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြင်းဖြူရှင်ဘိုးဘိုးကြီးပွဲတော်တွင် ယခင်ကျွန်းဆွယ်ဘောလုံးသမားဟောင်းများနှင့် တိုင်းလက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများ ကြီးမှူးကျင်းပသော အဆင့်မြင့်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၆ ရက်က မြစ်တူးကျေးရွာဘောလုံးကွင်း၌ စတင်ကျင်းပရာ ပထမပွဲစဉ်တွင် ရတနာပုံနှင့်ပုလဲဖြူ၊ ဒုတိယပွဲစဉ်ကို စစ်ကိုင်းနှင့်ယာတော်ယှဉ်ပြိုင်ကစားပြီး စက်တင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ ပုံမှန်တစ်ပွဲသာယှဉ်ပြိုင်ကစားကြမည်ဖြစ်ကာ စက်တင်ဘာ ၁၆ ရက်တွင် ဗိုလ်လုပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မဟာအောင်မြေ၊ မန်းတောင်ရိပ်၊ ရတနာပုံ၊ မြစ်ငယ်၊ ပုလဲဖြူ၊ အမရပူရမြို့မ၊ အောစတား၊ ပုလဲနက်၊ ယာတော်၊ ကြယ်စင်စု၊ ပလိပ်၊ ဂိုးဒင်းစတား၊ စစ်ကိုင်းနှင့်ဘုံးအိုးဟူ၍ ဘောလုံးအသင်း ၁၄ သင်းဖြင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

မှုခင်းသတင်းအတိုအထွာ

နေပြည်တော်
စက်တင်ဘာ ၆ ရက် နံနက်က မန္တလေးတိုင်းဒေသကြီး တကောင်းမြို့ အမှတ်(၂)ရပ်ကွက် လေးမျက်နှာဘုရားဝင်းအတွင်းရှိ အလှူခံပုံးအတွင်းမှ အလှူငွေများအား ခိုးယူနေသူတစ်ဦးအား ဖမ်းဆီးရမိထားကြောင်း သိရသည်။

ဘုရားဂေါပက ဦးကြည်လင်းနှင့်အဖွဲ့က အလှူခံပုံးနေရာအား သွားရောက်စစ်ဆေးခဲ့ရာ အလှူငွေခိုးယူသူမှာ သပိတ်ကျင်းမြို့နယ် မကျီးကုန်းရွာနေ မျိုးမြင့်အောင် (၃၃နှစ်)ဖြစ်ပြီး ၎င်းမှာ အလှူခံပုံးမှန်အား ခဲဖြင့်ထုခွဲပြီး ခိုးယူခဲ့ကြောင်း ဝန်ခံ၍ ရဲစခန်းသို့ ခေါ်ဆောင်အပ်နှံပေးခဲ့ကြောင်း သိရသည်။
ကိုရဲ

နေပြည်တော်
စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အမှတ်(၁)ရပ်ကွက်နေ လင်းလင်းထိုက်(၃၀နှစ်)၏ ခြံဝင်းအတွင်း တရားမဝင်သစ်များထားရှိကြောင်း သတင်းအရ ကလေးဝမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကလေးခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် သွားရောက်ရှာဖွေရာ တရားမဝင်တမလန်း သစ်ခွဲသား ဆိုက်စုံ ၅၂ ချောင်း ၅ ဒသမ ၇၇ တန်၊ ကျွန်းသစ်လုံး ၁၇ လုံး ၃ ဒသမ ၃၈၂ တန်၊ ကျွန်းသစ်ခွဲသားဆိုက်စုံ ၇၃ ချောင်း ၁ ဒသမ ၃၂၃ တန်တို့ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် လင်းလင်းထိုက်အား ကလေးဝမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
ကိုရဲ

ထားဝယ်
တနင်္သာရီတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှု ၄၄ မှု၊ ဆေးပြား ၁၀၈၈၅ ပြား၊ ဘိန်းစားမှုနှင့် ဖမ်းဆီးရမိမှု ၂၉ မှု၊ အလေးချိန် ၂၉၄ ဒသမ ၀၈၈၄ ဂရမ်၊ စုစုပေါင်း ၇၃ မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၎င်းတို့နှင့်ပတ်သက်ပြီး ပစ္စတိုသေနတ်တစ်လက်နှင့် ကျည်လေးတောင့်၊ ကိုးလုံးကျည်ပစ်ခေါက်ချိုးလုပ်သေနတ်တစ်လက်နှင့် ကျည်နှစ်တောင့်၊ တူမီးယမ်းထောင်းသေနတ်နှစ်လက် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။
(ခရိုင် ပြန်/ဆက်)

ရန်ကုန်
ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက် ပြည်တော်သာယာလမ်း၌ စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းက လိုက်ထရပ်ယာဉ်အရှိန်မထိန်းနိုင်ဘဲ ကွမ်းယာဆိုင်ကိုတိုက်မိပြီး ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ကွမ်းယာရောင်းချသူအပါအဝင် အမျိုးသားသုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အင်းစိန်နှင့် ရွှေပြည်သာဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။
မြင့်သန်းကြည်(ရွှေပြည်သာ)

လားရှိုး
စက်တင်ဘာ ၇ ရက် နံနက်က ရှမ်းပြည်နယ် လားရှိုးမြို့ရပ်ကွက် (၇) နယ်မြေ (၁၈) ဂျာမန်ကျေးရွာနေ ဒိုင်ဇောင်း (၃၇ နှစ်)၏ နေအိမ်တွင် တူမီးသေနတ်ကိုင်ဆောင်အသုံးပြုနေကြောင်း သတင်းအရလားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ အရှည်လေးပေ ငါးလက်မခွဲခန့်ရှိ တူမီးသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိ၍သိမ်းဆည်းပြီး ဒိုင်ဇောင်းအား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
ကိုရဲ

ရွှေကူ
ရွှေကူမြို့မြို့မရပ်ကွက်၌ စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီခန့်က မြို့မကျောင်းတိုက်အနီး လမ်းဆုံအကွေ့၌ ကလေးကိုရှောင်ရင်း ကားကြီးမောင်းသူ ဦးကျော်ထူးမှာ လမ်းဆုံအနီးရှိ မီးတိုင်ကိုဝင်တိုက်မိ၍ ဓာတ်တိုင်ညွတ်ကွေးသွားခဲ့သော်လည်း ကားအနည်းငယ်ပျက်စီးသွားပြီး ကားမောင်းသူမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။
လဘန်အောင်(ကချင်မြေ)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၂၇

ဦးမြင့်ဆွေ နှင့် ၁။ ဦးကျော်ကျော်ဦး ၂။ ဒေါ်ဝင်းသိန်း ၃။ ဦးခင်စိုး ၄။ အေးမင်းစိုး(ခ)မဲကြီး ၅။ မအေးအေးခက်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ် ၆၁၃(က)နေ (၃) တရားပြိုင် ဦးခင်စိုး၊ (၄) တရားပြိုင် အေးမင်းစိုး(ခ)မဲကြီးနှင့် (၅) တရားပြိုင် မအေးအေးခက်တို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးပြီး နေအိမ်ခြံမြေကို လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့ မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၄ နှင့်ဆက်သွယ်သည့်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂၁

ဒေါ်နှင်းနှင်း နှင့် ဦးဝဏ္ဏ

ဒီကရီအနိုင်ရသူ **တရားရှုံး**

မန္တလေးမြို့၊ ချမ်းမြစည်မြို့နယ်၊ အဆောင်-၈၊ ဇရာထွန်း၊ (စီ-၇) နေ တရားရှုံး ဦးဝဏ္ဏ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နှင်းနှင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၆ရက် (၁၃၇၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် စက်တင်ဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နီနီမြင့်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပြင်ဦးလွင်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

အုတ်ဖိုမြို့ အထက တက္ကသိုလ်ဝင်တန်း(D)မှ မောင်ကောင်းမြတ်ဇော်၏ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ထွန်း ၇/ကပက(နိုင်)၀၇၁၉၃၉ ဖြစ်ပါကြောင်း။ **ဦးအောင်ဇော်ထွန်း**

မိခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ကြူတောကန်အုပ်စု၊ နတ်ပုတီးရွာနေ မအေးချမ်းပိုပိုထက်၏ မိခင်အမည်မှန်မှာ မနီ(ခ)ဒေါ်နွဲ့နွဲ့ရီ ၇/ပတတ(နိုင်)၀၀၈၁၉၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မနီ(ခ)ဒေါ်နွဲ့နွဲ့ရီ

မာ်
SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံး၀ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လုကြီးမင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်၊
အမှတ်-၁၇၃၊ မြယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်း၊
Ph: 09254009334,
09254009335,
09254009336

တက်နေဝန်း
အိမ်ပြောင်း/ အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1050 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၃၁၃၂၁၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ် ၃၀ မြေငှားစာချုပ်မြေကွက်၏ မြေကွက်အမည်ပေါက် ဦးသာတင့် ကွယ်လွန်သွားပါ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ခင်ဆင့် ၉/ပမန(နိုင်)၀၂၃၉၇၇ (ဘ) ဦးအောင်ကြည်မှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ်၊နဝဒေးအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ မြေကွက်အမှတ် ၃၂၂ နှင့် ၃၂၃ ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ခရိုင်တရားသူကြီး၏ တရားမကြီးအမှုအမှတ် ၃၇/၂၀၁၄ မှ ပေါ်ပေါက်လာသော တရားမဇာရီမှုအမှတ် ၃/၂၀၁၆ တွင် တရားရှုံးပိုင်ပစ္စည်းများဖြစ်သည့် ဖော်ပြပါ မြေကွက်နှစ်ကွက်အား လေလံတင်ရောင်းချခဲ့ရာ ဒေါ်တင်တင်အေးနှင့် ဦးဇင်ကိုကိုဝင်း(ခ)စည်သူဝင်းတို့မှ လေလံအောင်မြင်ခဲ့ပြီး မြေငှားစာချုပ်(မူရင်း) လက်ဝယ်ရရှိခဲ့ခြင်းမရှိပါသဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းကြောင်း သက်သေခံလက်မှတ်၊ မြေငှားစာချုပ်(ဂရန်)မိတ္တူမှန် ထုတ်ပေးပါရန် တရားရုံးထောက်ခံစာတို့နှင့်အတူ မြေငှားစာချုပ်(မိတ္တူမှန်)ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲ၊ နေပြည်တော်သို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)မိတ္တူမှန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာဌာနခွဲ**
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၀၄

ဦးဇော်ဦး(ခ)ဦးအယ်ထန်ဝွန်း နှင့် ဦးနာဆာရက်ဒင်း

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၅၁၅)နေ တရားပြိုင် ဦးနာဆာရက်ဒင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့် ဥပဒေပုဒ်မ(၁၂)အရ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၅ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဩဂုတ် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မောင်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကန်ထရိုက်တာ ဦးလှကျော် (၁၂/တမန(နိုင်)၀၉၁၁၂၆) (ကမ္ဘာကျော်ဆောက်လုပ်ရေး) နှင့် အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဆန်းဝင်း (၁၂/အလန(နိုင်)၀၀၃၃၅၉) နှင့် ဒေါ်ခင်အုန်းသိန်း (၁၂/သကတ(နိုင်)၀၁၄၄၅၅) တို့ ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ နှယ်နီ (၃) လမ်း၊ အမှတ် (၁၂၅၀/က) မြေကွက်ပေါ်တွင် ကန်ထရိုက်စနစ်ဖြင့် (၅) ခန်းပါ (၅) ထပ်တိုက်ဆောက်လုပ်ရန် ဦးလှကျော် (၁၂/တမန(နိုင်)၀၉၁၁၂၆) (ကမ္ဘာကျော်ဆောက်လုပ်ရေး)၊ အမှတ် (၁၃)၊ ၁၂၆ လမ်း၊ သမြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်က (၉-၉-၂၀၁၆) ရက်နေ့တွင်တစ်ကြိမ်၊ (၁၈-၉-၂၀၁၆) ရက်နေ့တွင် အမှားများပြင်ဆင်-၂ကြိမ် ကျွန်ုပ်၏မိတ်ဆွေများနှင့် နှစ်ဦးသဘောတူ ကန်ထရိုက်စာချုပ်များချုပ်ဆိုပြီး (၉-၉-၂၀၁၆) ရက်နေ့တွက် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် မြေဂရန်အပ်နှံခြင်းကတိစာချုပ်ကို ချုပ်ဆို၍ ဒေါ်ခင်အုန်းသိန်းထံမှ ဒေါ်ကျင်မေအမည်ပေါက် မြေငှားဂရန်နှင့် ဦးဆန်းဝင်းထံမှ ဦးလှကျော်သို့ လွှဲအပ်ပေးသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ (၂၆၃၈၀/၂၀၁၄) တို့ကို ရယူသွားခဲ့ပါသည်။

ဦးလှကျော် (ကမ္ဘာကျော်ဆောက်လုပ်ရေး) သည် စာချုပ်ချုပ်ဆိုပြီး စာရွက်စာတမ်းများ ရယူသွားသည့်နေ့မှ ယနေ့အချိန်အထိ မည်သည့်လုပ်ငန်းမှ လာရောက်လုပ်ကိုင်ခြင်းမရှိသည့်အပြင် အတွေ့မခံဘဲ တိမ်းရှောင်နေသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ဤကြော်ငြာပါသည့်နေ့မှစ၍ ဦးလှကျော် (ကမ္ဘာကျော်ဆောက်လုပ်ရေး) နှင့် ချုပ်ဆိုခဲ့သည့် ကန်ထရိုက်စာချုပ်များအား ဖျက်သိမ်းပြီးဖြစ်ပါကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအားလည်း ပြန်လည်ရုပ်သိမ်းပြီးဖြစ်သည့်အပြင် ရယူသွားသော မြေငှားဂရန်ကို (၇) ရက်အတွင်း ကျွန်ုပ်မိတ်ဆွေများထံ ပြန်လည်ပေးအပ်ရန် အသိပေးအပ်ပါသည်။ တောင်းဆိုသည့်အတိုင်း လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူလိမ့်မည်ဖြစ်ကြောင်း ဦးလှကျော် (ကမ္ဘာကျော်ဆောက်လုပ်ရေး) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှမြင့် (B.A, H.G.P, R.L)
တရားလွှတ်တော်ရှေ့နေ
အခန်း (၄၀၈)၊ တိုက် (B-12)၊ ရွှေခင်းသာအိမ်ရာ၊ သာကေတမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် (S-334)၊ ဧရိယာ ၀ဒသမ ၂၂၉ဧကရှိ ဦးဝင်းဇော်ထွန်း (ဘ) ဦးညီလေး ၉/မရတ(နိုင်)၁၁၁၃၈၈ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သဇင်မြင့်အောင် (ဘ) ဦးမြင့်အောင် ၁၄/ရကန(နိုင်)၀၀၃၃၁၄မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူဝန်ခံကတိပြုချက်၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

M40,M50
MPT SMARTPHONE
MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
FREE SIM WITH INTERNET
15 GB FOR M50 - 4.5 GB FOR M40
MPT
M40 4.0 inch
32,000 Ks
M50 5.0 inch
99,000 Ks
ဖုန်းဝယ်ယူစဉ်တွင်ပါရှိသည့် MPT နံပါတ်လှ SIM CARD ကို SIM 1 တွင်ထည့်မှသာလျှင်
FREE INTERNET ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

INVITATION FOR OPEN TENDER (4/2016)
TENDER NO. MPPE/HSD/T/2 (2016-2017)

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel (423,000± 10% Barrels)
2. Tender Closing Date & Time - 26-9-2016, 12:00 Hrs
3. Tender Opening Date & Time - 26-9-2016, 13:00 Hrs
4. Delivery Time - November 2016 to January 2017
5. Tender documents and details information are available at the Departement of Finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 8-9-2016 on payment of Myanmar Kyat One Hundred Thousand (Kyats 100,000.) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Electricity and Energy
No (6) Complex, Nay Pyi Taw

Contact Phone No.
067-411487/411486/411280

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၁) အကြီးစားစက်ရုံ(သထုံ)တွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း
(Expression of Interest)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်တာယာများထုတ်လုပ်သော အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)တွင် တာယာနှင့်ရော်ဘာပစ္စည်းများ အခြေခံသည့် စက်မှုလုပ်ငန်းများကို စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest)(EOI)ကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ စီမံရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လိပ်မူလျက် ၂၀၁၆ခုနှစ် စက်တင်ဘာ ၃၀ ရက် ညနေ ၃ နာရီ (မြန်မာစံတော်ချိန်) အရောက်ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(EOI)ပုံစံနှင့် အခြားသက်ဆိုင်ရာစာရွက်စာတမ်းများကို ကုမ္ပဏီဆိုင်ရာအထောက်အထားများပြသ၍ အထက်ပါလိပ်စာတွင် ၁၂-၉-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

တင်ပြရမည့်ကုမ္ပဏီဆိုင်ရာအထောက်အထားများ
- (က) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- (ခ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- (ဂ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈)

ဖခင်အမည်မှန်
သံဖြူဇရပ်မြို့နယ်၊ ကျိုကဒတ်ကျေးရွာ၊ အထက နဝမတန်း B မှ မမြတ်သဥ္ဇာခိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးမြိုင်၁၀/သဖရ(နိုင်)၀၂၈၈၃၇ ဖြစ်ပါကြောင်း။
ဦးအေးမြိုင် ၁၀/သဖရ(နိုင်)၀၂၈၈၃၇

မိခင်အမည်မှန်
တောင်သာမြို့နယ်၊ မင်းကန် အမက ဒုတိယတန်းမှ မသီရိလင်း၏ မိခင်အမည်မှန်မှာ ဒေါ်စန်းတင့် ၉/တသန(နိုင်)၁၀၃၂၆၄ဖြစ်ပါကြောင်း။
ဒေါ်စန်းတင့်

တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်သာမြို့၊ မင်းစုအထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မအိန္ဒြာဇင်၊ အဋ္ဌမတန်း(ခ)မှ မောင်ပြည့်စုံကျော်၏ ဖခင်ဦးဖိုးငွေးနှင့် ဦးဘိုးငွေး ၉/တသန(နိုင်)၀၅၅၆၈၅သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

မိခင်အမည်မှန်
တောင်သာမြို့နယ်၊ မင်းတည်း အထက (ခွဲ) အဋ္ဌမတန်းမှ မောင်ရဲရင့်အောင်၊ တတိယတန်းမှ မနွေးယုအောင်တို့၏မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းမေ ၉/တသန(နိုင်)၁၄၃၅၄၄ဖြစ်ပါကြောင်း။
ဒေါ်စန်းစန်းမေ

တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်သာမြို့၊ မင်းစု အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မချိုဇင်ဝင်း၊ အလည်ချိုင်း မူလွန် စတုတ္ထတန်းမှ မယမင်းခိုင်၏ဖခင် ဦးကျော်သန်း ၉/တသန(နိုင်)၀၉၁၃၇၇နှင့် ဦးကျော်စိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
တောင်သာမြို့နယ်၊ မင်းစု အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်စွာလင်း၊ အဋ္ဌမတန်းမှ မယမင်းသူတို့၏ဖခင်အမည်မှန်မှာ ဦးထွေး ၉/တသန(နိုင်)၀၄၇၁၃၃ ဖြစ်ပါကြောင်း။
ဦးထွေး

တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်သာမြို့၊ မင်းစု အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မရွှေရည်ဖြိုး၊ မရွှေရည်စိုးတို့၏ဖခင် ဦးကျော်ကျော် ၉/ကပတ(နိုင်)၁၄၀၂၀၁နှင့် ဦးကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်မှန်
ဦးသိန်းအောင်၏သမီး တောင်သာမြို့နယ်၊မင်းစုအထက တက္ကသိုလ်ဝင်တန်းမှ မရွှင်းလဲ့အောင်၏အမည်မှန်မှာ မရွှန်းလဲ့အောင်ဖြစ်ပါကြောင်း။
မရွှန်းလဲ့အောင်

မိခင်အမည်မှန်
တောင်သာမြို့နယ်၊ မင်းတည်း အထက(ခွဲ)နဝမတန်းမှ မောင်သန်းထိုက်အောင်၊ အဋ္ဌမတန်းမှ မောင်ကျော်စိုးမင်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်စန်းညွှန့် ၉/တသန(နိုင်)၀၉၆၅၂၆ဖြစ်ပါကြောင်း။
ဒေါ်စန်းညွှန့်

မိဘအမည်မှန်
တောင်သာမြို့နယ်၊ မင်းစုအထက တက္ကသိုလ်ဝင်တန်း(က)မှ မသဲနုဝေ၊ သတ္တမတန်း(က)မှ မောင်ဖြိုးကိုကို၏ မိဘအမည်မှန်မှာ ဦးမောင်ဆွေ ၉/တသန(နိုင်)၁၄၇၅၉၈၊ ဒေါ်မြတ်မိုး ၉/တသန(နိုင်)၁၁၃၂၅၇တို့ ဖြစ်ပါကြောင်း။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ် ၈၄၊ ခေမာ(၅)လမ်းနေ ဦးတက်လှ ၈/ပမန(နိုင်)၀၉၀၅၉၈နှင့် ဒေါ်မြင့်မြင့်စိန် ၈/ပမန(နိုင်) ၀၄၂၉၉၅တို့၏သား မောင်ကျော်စည်သူ ၁၂/ဥကမ(နိုင်)၂၃၆၈၇၂သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် သားဖြစ်သူ မောင်ကျော်စည်သူအား အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝတာဝန်မယူကြောင်း တရားဝင်ကြေညာအပ်ပါသည်။
ဦးတက်လှ-ဒေါ်မြင့်မြင့်စိန်

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF ELECTRICITY AND ENERGY LNG BUSINESS SECTOR IMPLEMENTATION AND DEVELOPMENT CENTRAL COMMITTEE

Dated: 6 September,2016

INVITATION FOR LETTER OF EXPRESSION OF INTEREST TO CONDUCT LIQUEFIED NATURAL GAS(LNG) BUSINESS IN MYANMAR

1. LNG Business Sector Implementation and Development Central Committee ("the Committee")under the Ministry of Electricity and Energy, the Republic of the Union of Myanmar is planning to implement bulk import and regasification of LNG project(s)in Myanmar through private sector participation.
2. All interested foreign companies are cordially invited to submit a non-binding Letter of Expression of Interest, together with the following documents:-
   - (a) Article of Association
   - (b) Memorandum of Association
   - (c) Certificate of Incorporation
   - (d) Latest Audited Annual Report
   - (e) Company's Track Record in bulk LNG import and/or regasification
3. All documents shall be submitted in a sealed envelope superscripted "Confidential" "Myanmar LNG Business"to the following address not later than 04:30 pm, by 28th October,2016.
   LNG Business Sector Implementation and Development Central Committee
   Myanma Oil and Gas Enterprise(MOGE)Office
   Ministry of Electricity and Energy
   Buliding No.44,Nay Pyi Taw
   The Republic of the Union of Myanmar
4. The Committee plans to select private sector participant(s) to implement bulk LNG import and/ or regasification project(s)through a competitive selection process.
5. For further inquiry(and/or)information, please contact any of the following:-
   - (a) Managing Director
     Myanma Oil and Gas Enterprise
     Ministry of Electricity and Energy
     Building No.44,Nay Pyi Taw
     The Republic of the Union of Myanmar
     Fax:95-67-411125/411178
   - (b) Director(Production)
     Myanma Oil and Gas Enterprise
     Ministry of Electricity and Energy
     Building No.44,Nay Pyi Taw
     The Republic of the Union of Myanmar
     Fax:95-67-411095

LNG Business Sector Implementation and Development Central Committee
Ministry Of Electricity and Energy
The Republic of the Union Of Myanmar

This request for Expression of Interest(EOI)is not an offer by the Committee. but an invitation to receive responses from intersted parties.No contractual obligation what soever shall arise from this EOI process.The Committee reserves the right not to proceed with any of the project(s)/ activities Mentioned herein.

တစ်ဦးတည်းဖြစ်ပါကြောင်း
ညောင်ဦးမြို့နယ်၊ အထက(ခွဲ)တက်မ၊ တက္ကသိုလ်ဝင်တန်း(B)မှ မအေးမြင့်ခိုင်၏ ဖခင်ဦးကျော်ငွေးနှင့် ဦးထွန်းအေး ၉/ညဥန(နိုင်)၁၈၂၉၆၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးထွန်းအေး ၉/ညဥန(နိုင်)၁၈၂၉၆၄

ဖခင်အမည်မှန်
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉)၊ တက္ကသိုလ်ဝင်တန်း(B)မှ မဝါဝါဖူး၏ ဖခင်အမည်မှန်မှာ ဦးတင်အောင် ၉/ပမန(နိုင်)၂၇၁၇၃၇ဖြစ်ပါကြောင်း။
ဦးတင်အောင်၉/ပမန(နိုင်)၂၇၁၇၃၇

တစ်ဦးတည်းဖြစ်ပါကြောင်း
ညောင်ဦးမြို့နယ်၊ အထက(ခွဲ)တက်မ၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်မျိုးမင်းထွန်း၏ ဖခင် ဦးမြင့်ရွှေနှင့် ဦးညွှန့်ရွှေ ၉/ညဥန(နိုင်)၁၀၄၉၅၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးညွှန့်ရွှေ ၉/ညဥန(နိုင်)၁၀၄၉၅၇

အမည်မှန်
ဦးမောင်ဝင်း ၉/လဝန(နိုင်)၀၀၂၉၀၂၏သား နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ရှင်ရှင်၏ အမည်မှန်မှာ မောင်နေဖြိုးကျော် ဖြစ်ပါကြောင်း။ **မောင်နေဖြိုးကျော်**

တစ်ဦးတည်းဖြစ်ပါကြောင်း
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အထက(ခွဲ)တက်မ၊ တက္ကသိုလ်ဝင်တန်း(B) မှ မအေးနန္ဒာ၏ဖခင် ဦးသောင်းဖေနှင့် ဦးမန်းလွင် ၉/သေရ(နိုင်)၀၀၆၂၂၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
ဦးမန်းလွင် ၉/သေရ(နိုင်)၀၀၆၂၂၈

ဖခင်အမည်မှန်
ပျဉ်းမနားမြို့၊ အထက (ခွဲ)(၁)ကန်နား၊ တက္ကသိုလ်ဝင်တန်း (A) မှ မနန္ဒာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ငွေး ၉/ပမန(နိုင်)၂၃၉၅၈၃ ဖြစ်ပါကြောင်း။
ဦးကျော်ငွေး

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ အထက(ခွဲ)တက်မ၊ တက္ကသိုလ်ဝင်တန်း(B) မှ မောင်အောင်ကျော်မိုး၏ ဖခင်အမည်မှန်မှာ ဦးမြရွှေ ၉/ညဥန(နိုင်)၀၂၅၀၂၇ ဖြစ်ပါကြောင်း။
ဦးမြရွှေ ၉/ညဥန(နိုင်)၀၂၅၀၂၇

ဖခင်အမည်မှန်
ပျဉ်းမနားမြို့၊ အထက(ခွဲ)ကန်နား၊ တက္ကသိုလ်ဝင်တန်း (A) တွင် ပညာသင်ကြားနေသော မောင်စောနောင်၏ ဖခင်အမည်မှန်မှာ ဦးစောဝဏ္ဏ ၉/ပမန(နိုင်)၀၂၅၂၆၇ ဖြစ်ပါကြောင်း။ **ဦးစောဝဏ္ဏ**

ပျောက်ဆုံးခြင်း
ကျွန်တော် မျိုးမင်းလွင် (ဘ)သိန်းလွင် ၉/တကန(နိုင်) ၂၀၉၆၈၀၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မျိုးမင်းလွင် ဖုန်း-၀၉-၇၇၂၉၈၉၃၇၄**

ပဲခူးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန
ပဲခူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်မည့် အောက်ဖော်ပြပါလုပ်ငန်းတို့အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
- (က) ၆၀'×၃၀'×၂၀' ဝန်ထမ်းအိမ် RC နှစ်ခန်းတွဲ(၂)ထပ် ၁လုံး
- (ခ) ၂၄'×၁၈'×၁၀' ညစောင့်အိမ် BN တစ်ထပ် ၁လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၊ ပဲခူးမြို့တွင် ၁၂-၉-၂၀၁၆ ရက်မှ ၂၆-၉-၂၀၁၆ ရက်အထိ ရောင်းချပေးမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသည့်အချက်များအား ဖုန်း-၀၅၂-၂၂၂၂၅၂၁၊ ၀၅၂-၂၂၂၁၂၁၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်ကြီးကြပ်ရေးကော်မတီ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်မည့် အောက်ဖော်ပြပါ မြို့နယ်ရုံး(၁၂)ရုံး တည်ဆောက်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-
- (က) ကလော၊ ရပ်စောက်၊ ဟိုပုံး၊ ဆီဆိုင်၊ ရွာင်၊ နမ့်စန်၊ မိုးနဲ၊ သိန်းနီ၊ နောင်ချို၊ မဘိမ်း၊ နမ့်ခမ်း၊ မိုင်းဖြတ်

၂။ (က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၂-၉-၂၀၁၆ ရက် (တနင်္လာနေ့)
(ခ) **တင်ဒါရောင်းချမှုပိတ်သိမ်းရက်** - ၁၀-၁၀-၂၀၁၆ ရက် (တနင်္လာနေ့)
(ဂ) **တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက်** - ၁၀-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)

၃။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၄၂၅၀၊ ၀၈၁-၂၁၂၄၄၈၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မော်လမြိုင်-မြဝတီ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၏ မော်လမြိုင်ခွဲရုံအထွက်တွင် အသုံးပြုမည့် Twin Bundle,Four Circuit Tower များအတွက် Design အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၉-၂၀၁၆ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၁၀-၂၀၁၆ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀နာရီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့
ပင်းတယမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ပါပစ္စည်းများဝယ်ယူခြင်းနှင့်တည်ဆောက်ရေးလုပ်ငန်းများကို အပ်နှံဆောင်ရွက်လိုပါသည်-

(က) **တည်ဆောက်ရေးလုပ်ငန်းများ**
- (၁) ဒေသဦးစီးအဖွဲ့ရုံး အသစ်တည်ဆောက်ခြင်း (၁၅၆'× ၁၄၉'× ၉") RC (၃)ထပ်
- (၂) ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနေအိမ်တည်ဆောက်ခြင်း (၄၅'× ၄၈'×၂၄') RC (၂)ထပ်

(ခ) **စက်ကိရိယာများ**
- (၁) Air-Con (Split type) (၅)လုံး
- (၂) 48" LCD TV (၂)လုံး
- (၃) Sky Net ဂြိုဟ်တုစလောင်း
- (၄) Speaker-Stand
- (၅) Standing type Air-Con (၆)လုံး

(ဂ) **ပရိဘောဂများ**
- (၁) ဆုံလည်ကုလားထိုင် (၂၀)လုံး
- (၂) ဆိုဖာဆက်တီစားပွဲ (၁)စုံ
- (၃) ဆိုဖာဆက်တီ (၁)စုံ
- (၄) စားပွဲခုံ (၁၀)လုံး (Site table)

(ဃ) **အခြား (လျှပ်စစ်လုပ်ငန်း)**
11KVA ဓာတ်အားလိုင်း (160) KVA ထရန်စဖော်မာ (၁)လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းများကို ၉-၉-၂၀၁၆ရက်မှ ၁၉-၉-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၃၀-၉-၂၀၁၆ရက် ၁၆:၀၀ နာရီဖြစ်ပြီး သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်ချက်အလက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၆၆၀၆၀၊ ၀၈၁-၆၆၀၀၂၊ ၀၈၁-၆၆၀၇၀တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရုံး
ပင်းတယမြို့

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်(ကံပေါက်ဒေသ)၊ အထက(ကံပေါက်)၊ နဝမတန်းမှ မထွေးမာ၏ ဖခင်အမည်မှန်မှာ ဦးကြည်စိန် ၆/ရဖန(နိုင်)၀၃၉၅၂၅ ဖြစ်ပါကြောင်း။
ဦးကြည်စိန်

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ အထက (မောင်းမကန်)၊ တက္ကသိုလ်ဝင်တန်း(B)မှ မအေးသန္တာလွင်၏ ဖခင်အမည်မှန်မှာ ဦးညီညီလွင် ၃/ပခန(နိုင်)၀၁၀၀၂၄ ဖြစ်ပါကြောင်း။
ဦးညီညီလွင်

ဖခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊အထက-၄ (ထားဝယ်)၊ တက္ကသိုလ်ဝင်တန်းမှ မသန်းသန်းငွေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးသန်းဝင်း ၆/ရဖန(နိုင်)၀၁၃၂၆၃ ဖြစ်ပါကြောင်း။
ဦးသန်းဝင်း

အမည်ပြောင်း
ဦးလှနိုင်၏သား မြိတ်မြို့၊ မြင်းမိုရ်ပုဂ္ဂလိကပညာသင်ကျောင်း၊ ဆဋ္ဌမတန်း(၃၂၀၁)မှ ကျောင်းဝင်အမှတ် MM-၁၄၀၃၄၇ ဖြစ်သူ မောင်အောင်မြတ်မင်းအား ယနေ့မှစ၍ မောင်အောင်ထက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်အောင်ထက်နိုင်

ဖခင်အမည်မှန်
အောင်လံမြို့၊ အခြေခံပညာအထက်တန်းကျောင်း (ရွာထောင်) ကျောင်း တက္ကသိုလ်ဝင်တန်း (B)မှ မောင်သော်ထူးဇင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးကိစိုးရိုက္ကူးမာရ် ဖြစ်ပါသည်။ **ဦးကိစိုးရိုက္ကူးမာရ်**

ဖခင်အမည်မှန်
အောင်လံမြို့၊ ရွှေပန်းတော အထက ကျောင်း တက္ကသိုလ်ဝင်တန်း (C)မှ မောင်ထိန်ဝင်း၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးစန်းအောင် ဖြစ်ပါသည်။
ဦးစန်းအောင်

ဖခင်အမည်မှန်
အောင်လံမြို့၊ ရွှေပန်းတောအထက ကျောင်း အဋ္ဌမတန်းမှ မောင်ဖြိုးဝေယံ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမြင့်ပိုင် ဖြစ်ပါသည်။ **ဦးမြင့်ပိုင်**

ဖခင်အမည်မှန်
မိုးမောက်မြို့၊ အထကခွဲ၊ မိုင်းခတ်ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မခင်လွန်း၏ ဖခင်အမည်မှန်မှာ ဦးအေယုံ ဖြစ်ပါသည်။
ဦးအေယုံ
စီဟက်ကျေးရွာ၊ မိုးမောက်မြို့နယ်

ဖခင်အမည်မှန်
မိုးမောက်မြို့၊ မြို့သစ် အထက ကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မသင်းသင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ဖြစ်ပါသည်။
ဦးမြင့်လွင်
မြို့သစ်ကျေးရွာ၊ မိုးမောက်မြို့နယ်

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ညီမင်းထွေး၏ ဖခင်အမည်မှန်မှာ ဦးအုန်းနိုင် ၈/ဆပဝ(နိုင်)၀၃၄၁၂၁ ဖြစ်ပါသည်။
ဦးအုန်းနိုင် ၉/ဆပဝ(နိုင်)၀၃၄၁၂၁

ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဝဏ္ဏကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းနိုင် ၈/ဆပဝ(နိုင်)၀၆၂၆၉၄ ဖြစ်ပါသည်။
ဦးကျော်ဝင်းနိုင် ၈/ဆပဝ(နိုင်)၀၆၂၆၉၄

အမည်ပြောင်း
မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ရုံးရပ်ကွက်၊ အမက(၉)၊ စတုတ္ထတန်းမှ ဦးအေးဝင်း၏သမီး မမေသူသူအောင် (ကျောင်းဝင်အမှတ် ၄၅၀၆) အား မမိုးပြည့်ပြည့်မောင်ဟုပြောင်းလဲ ခေါ်ဆိုပါရန်။ **မမိုးပြည့်ပြည့်မောင်**

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၂၆ဃ/၆၉၉၄၂၊ Apache-160 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ထွေး ၄/ဟခန(နိုင်)၀၃၆၉၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး(ဟားခါး)

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(A_1)မှ မောင်အောင်ကျော်သက်၏ ဖခင်အမည်မှန်မှာ ဦးသက်ထွန်းဦး ၉/တကန(နိုင်)၁၁၆၀၇၂ ဖြစ်ပါကြောင်း။ **ဦးသက်ထွန်းဦး ၉/တကန(နိုင်)၁၁၆၀၇၂**

ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ်၊ ဇောဓိကုန်းကျေးရွာအုပ်၊ သစ်လှကျင်းကျေးရွာ အလက(ခွဲ) အဋ္ဌမတန်းမှ မလှိုင်နှင်းဝေ၏ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ၉/ပဘန(နိုင်)၂၂၅၂၀၉ ဖြစ်ပါကြောင်း။ **ဦးဝင်းကြိုင် ၉/ပဘန(နိုင်)၂၂၅၂၀၉**

ကိုးဘွဲ့ရ ရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာ ခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ အလှူတော် ငါးသောင်းကျပ်၊ (၂)ကျောင်း အလှူတော် ငါးသောင်းကျပ်၊ (၃)သိမ် အလှူတော် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ အလှူတော် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း အလှူတော် ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် အလှူတော် ငါးသောင်းကျပ်နှုန်းဖြင့်–

ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ–မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ဝ၇ဝ–၁၂–၁၀၀–၇၃–၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။

Ph: 09 78 78 77 969 , 09 78 78 87 969 , 09 21 10 30 5 , 09 787 6666 70

ရန်ကုန်တိုင်း အတွင်းရှိ တရားပွဲ ကျင်းပလိုသူများလည်း တရားပွဲ ပင့်လျှောက်နိုင်ကြပါပြီ။

အထက(၂)ကမာရွတ် ၂၀၁၅–၂၀၁၆ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ–ဖိတ်ကြားလွှာ

၂၀၁၅–၂၀၁၆ အထက(၂)ကမာရွတ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများမှ ကျေးဇူးရှင်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၈–၉–၂၀၁၆ရက် (တနင်္ဂနွေနေ့)
အချိန် – နံနက် ၈း၀၀နာရီ
နေရာ – အထက(၂)ကမာရွတ် သရဖီခန်းမ

အာစရိယကန်တော့ပွဲကျင်းပရေးကော်မတီ
၂၀၁၅–၂၀၁၆ တက္ကသိုလ်ဝင်တန်းအောင်
ကျောင်းသား ကျောင်းသူများ

စက်မှုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် ဆရာပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ (ရန်ကုန်) ၂၀၁၆

၁။ ၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (ကရင်နှစ်သစ်ကူးနေ့) ကြာသပတေးနေ့တွင် ပြည်တွင်းပြည်ပမှ ဆရာကြီးဆရာမကြီးများကို (RIT, YIT, YTU) ကျောင်းသား ကျောင်းသူဟောင်းများမှ ရန်ကုန်နည်းပညာတက္ကသိုလ်၌ သတ္တမအကြိမ်ဆရာပူဇော်ပွဲကြီး ကျင်းပပြီး ရိုသေစွာကန်တော့ကြမည်ဖြစ်ပါသည်။

၂။ အခမ်းအနားအစီအစဉ်များကိုလည်း အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ပါမည်။
(က) နံနက် ၉နာရီ – ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း
(ခ) ညနေ ၅း၃၀နာရီ – မိတ်ဆုံစားပွဲ ကျင်းပခြင်း

၃။ နံနက်စာ–နေ့လယ်စာ–ညစာအားလုံးကို တက်ရောက်လာကြသော ဆရာကြီး ဆရာမကြီးများသာမက ကျောင်းသား ကျောင်းသူဟောင်းများ၊ လက်ရှိတက်ရောက်နေကြသော ကျောင်းသားကျောင်းသူဟောင်းများကိုလည်း မေတ္တာဖြင့် တည်ခင်းဧည့်ခံပါမည်။

၄။ နံနက်ပိုင်းဆရာပူဇော်ပွဲမစမီ နံနက် ၇း၀၀နာရီမှစ၍ ညနေပိုင်းမိတ်ဆုံစားပွဲကျင်းပပြီးသည်အထိ အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား ကျောင်းသူဟောင်းများ၏ မြန်မာမှုနှင့် ခေတ်ပေါ်အနုပညာတို့ဖြင့်လည်း ဖျော်ဖြေတင်ဆက်ပါမည်။

၅။ ဆရာပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ရပ်ဝေးရပ်နီးမှ ဆရာပူဇော်ပွဲသို့ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူဟောင်းများအတွက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၇–၁၂–၂၀၁၆ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ ဂေါက်သီးရိုက်တာဝန်ခံ ဦးရီဝင်း ဖုန်း–၀၉–၇၈၁၁၂၄၄၈၀နှင့် ဆက်သွယ် မေးမြန်းနိုင်ပါသည်။

၆။ ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲတို့နှင့်စပ်လျဉ်း၍ အောက်ပါကော်မတီဝင်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆရာပူဇော်ပွဲ အလှူငွေများ ထည့်ဝင်လိုပါက KBZ BANK Co.,Ltd. (Account No.-0071220039749, Shwe Gone Daing Branch) (Name of Account-U LIN+3) သို့ တိုက်ရိုက်ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

သတ္တမအကြိမ် ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ(ရန်ကုန်)ဖြစ်မြောက်ရေးကော်မတီဝင်များ

